သုဘာသိတာ စ ယာဝါစာ ဧတံ မင်္ဂလ မုတ္တမံ၊ ချိုသာစွာပြောဆိုခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၁၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၆၆)

တပ်မတော်၏အစဉ်အလာ(၁၂)ရပ်

တပ်မတော်၏ ကောင်းမြတ်သော အစဉ်အလာ(၁၂)ရပ်ကို မြန်မာ့အလင်းသတင်းစာ နောက်ကျောဖုံးတွင် ဂုဏ်ပြုဖော်ပြ ထားပါသည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်

တပ်မတော်က နိုင်ငံတော်တာဝန်ကို စတင်ယူတဲ့ အချိန်ကစပြီး နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးဦးစားပေး ဆောင်ရွက်ခဲ့လို့ ဒီနေ့ဆိုရင် နယ်စပ်ဒေသတွေဟာ အံ့မခန်းဖွံ့ဖြိုး တိုးတက်နေပြီဖြစ်တယ်။ ရဲဘော်တို့အနေနဲ့ ကိုယ့်သွေးချင်းသားချင်းတွေအတွက် မရောင့်ရဲနိုင်တဲ့ စေတနာနဲ့ ကိုယ်ရောက်တဲ့ နယ်စပ်ဒေသတွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဝိုင်းဝန်းဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၆) သင်တန်းဆင်းမိန့်ခွန်းမှ–

ချွေးတွေစိုရွှဲနေသော်လည်း မမောနိုင်ပါ(၂)

ဦးဇော်

ခရီးစဉ်၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တနင်္သာရီတိုင်းရှိ မြိတ်တက္ကသိုလ်နှင့် ထားဝယ်တက္ကသိုလ်၊ မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ်၊ ကရင်ပြည်နယ် ဘားအံတက္ကသိုလ်များသို့ အချိန်လုသွားရောက်ပြီး သက်ဆိုင်ရာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်တို့မှ ဆရာ ဆရာမများအားတွေ့ဆုံ၍ နိုင်ငံတော်၏ ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုများနှင့် ပညာရေးမျှော်မှန်းချက်များကို ရင်းနှီးစွာ မှာကြားရှင်းလင်းခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ဘားအံတက္ကသိုလ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို မတ် ၃ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (ယာပုံ) နှင့် ဘားအံတက္ကသိုလ် ပင်မဆောင်ကို တွေ့ရစဉ်။ (အောက်ပုံ) (ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မတ်လ ၁၄ ရက်)

ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကြိုးပမ်း

တပ်မတော်သည် နိုင်ငံတော်တာဝန်ယူချိန်မှစ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးဟူသော အမျိုးသားရေးရည်မှန်းချက်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ ခေတ်မီနိုင်ငံတော်ဖြစ်ပေါ်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ခံယူကျင့်သုံး၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်၁၂ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် မရှိမဖြစ်လိုအပ်သည်။ ထို့ကြောင့် တပ်မတော်က မည်သည့်အစိုးရမှမဆောင်ရွက်နိုင်ခဲ့သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သည်။

တပ်မတော်၏လုပ်ရပ်နှင့် စေတနာမှန်ကို သိမြင်နားလည်လာသည့် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်း၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်၍ တပ်မတော်၊ ပြည်သူတို့နှင့်အတူ လက်တွဲကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တပ်မတော်အစိုးရသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ရသည့် နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ၁၉၈၉ ခုနှစ်မှစ၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ဖွဲ့စည်းပြီး တိုင်းရင်းသားသွေးချင်းများ၏ နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့သည်။

ယခုအခါ နယ်စပ်ဒေသများတွင် အခြေခံပညာကျောင်းများ၊ ဆေးရုံဆေးပေးခန်းများ၊ ဆည်မြောင်း တာတမံများ၊ လမ်းတံတားများ တိုးချဲ့တည်ဆောက်ပေးခဲ့ရာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

တစ်ချိန်က ကျေးရွာသာသာ အဆင့်သာရှိခဲ့သော ကော့သောင်း၊ မြဝတီ၊ မူဆယ်၊ တမူး၊ လောက်ကိုင်၊ ချင်းရွှေဟော်စသည့်မြို့များသည် ယခုအခါအဆင့်မြင့် တိုက်တာအဆောက်အအုံများဖြင့် သာယာလှပ စည်ကားသည့် မြို့ကြီးပြကြီးအဖြစ် တိုးတက်ဖြစ်ထွန်းလာသည်ကို တွေ့မြင်နေရသည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ၁၉၈၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်ကုန်အထိ ငွေကျပ်သန်းပေါင်း ၅၀၂၄၅ ဒသမ ၇၅ သန်း အကုန်အကျခံကာ ဘက်ပေါင်းစုံက မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကနဦးလိုအပ်ချက်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ပင်ဖြစ်သည်။ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုအတွက် ပူပင်သောကမရှိဘဲ အေးချမ်း သာယာစွာနေထိုင်ပြီး ပညာရှာဖွေခြင်း၊ ဥစ္စာခနရှာဖွေခြင်းနှင့် ကြည်ညိုကိုင်းရှိုင်းရာ ဘာသာ သာသနာ ကိစ္စများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ရန်လိုအပ်သည်။

တပ်မတော်အစိုးရလက်ထက်တွင် နယ်စပ်ဒေသများပါမကျန် တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်း ဆောင်ရွက်နိုင်ခဲ့သည်။

တပ်မတော်သည် နိုင်ငံ့တာဝန်ကို ယူလိုက်ရသည့်အချိန်တွင် တိုင်းပြည်သည် ဆူပူအုံကြွမှုဒဏ်ရာ ဒဏ်ချက်များကြောင့် ယိုယွင်းပျက်စီးလျက်ရှိသည်။ နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင် ရသည့်အခါတွင်လည်း အနှောင့်အယှက်အတားအဆီး မျိုးစုံကြားက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။

သို့သော်လည်း နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့စည်းလုံးညီညွတ်စွာလက်တွဲပြီး နိုင်ငံတော်အတွက် စီးပွားရေးအခြေခံ အဆောက်အအုံများ၊ လူမှုရေးအခြေခံအဆောက်အအုံများကို နိုင်ငံတော်တစ်ဝန်းလုံး၌ လက်ညှိုးထိုးမလွဲအောင် တည်ဆောက်ပေးလျက်ရှိသည်။

တပ်မတော်သည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဇောက်ချဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

တပ်မတော်သည် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့်အုပ်ချုပ်ရေးစွမ်းရည်ဟူသည့် ထက်မြက် မြင့်မားသည့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသဖြင့် နိုင်ငံတော်ကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်။

သို့ဖြစ်ရာ တပ်မတော်သားများသည် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားကာ စွမ်းရည်သုံးရပ်ဖြင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုရင်း နိုင်ငံနှင့်အဝန်း ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

အောင်စေတီသာသနာ့ဗိမာန်ကျောင်း ဆရာတော်ကြီး သိက္ခာထပ် မွေးနေ့မင်္ဂလာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ၁၀ မိုင် အောင်စေတီသာသနာ့ဗိမာန်ကျောင်း ဆရာတော်ကြီး အရှင်ဘဒ္ဒန္တစတိလ၏ (၈၃)နှစ်မြောက် သိက္ခာထပ်မွေးနေ့မင်္ဂလာပူဇော်ပွဲအခမ်းအနားကို မတ် ၁၈ ရက်တွင် အဆိုပါအောင်စေတီ သာသနာ့ဗိမာန်ကျောင်း၌ နံနက် ၉နာရီမှ မွန်းတည့်၁၂နာရီအထိ ကျင်းပမည် ဖြစ်သည်။ ယင်းနေ့နံနက် ၉ နာရီတွင် သိမ်ဆင်းမည်ဖြစ်ရာ ကြွရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြောက်ပိုင်းခရိုင် မြို့နယ်ဥပဒေရုံးများ ဒုတိယရှေ့နေချုပ်ဦးမြင့်နိုင်ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၃

ဒုတိယ ရှေ့နေချုပ် ဦးမြင့်နိုင်သည် တာဝန်ရှိသူများ လိုက်ပါလျက် မတ်၁၁ရက်နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်း ခရိုင်အတွင်းရှိ လှိုင်သာယာမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ် ဥပဒေရုံးများသို့ သွားရောက်၍ မြို့နယ်ဥပဒေအရာရှိများနှင့် တွေ့ဆုံကာ ရုံးစည်းကမ်းထိန်းသိမ်းရေး၊ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာ ကိစ္စရပ်များကို ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားပြီး ဥပဒေရုံးများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် မတ် ၁၃

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (စမ်းချောင်းမြို့နယ်)မှ လူမှုထူးချွန် ဒုတိယဆင့်နှင့် တတိယဆင့် ဦးအောင်မြင့်စိုး (မျက်ကြည်လွှာအလှူရှင်)**(အပေါ်ပုံ)** သည် မင်္ဂလာဇျူဟာ အသင်းချုပ်၌ ဖေဖော်ဝါရီ၂၂ရက်က(၆၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။ **(က-ပ)**

မတ်၁၀ရက်က သဃ်န်းကျွန်းမြို့နယ်အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်းတွင် ၂၀၀၃-၂၀၀၄ ခုပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်း ပ ရာ ကျောင်း အုပ် ဆ ရာ ကြီး ဦးအောင်ဝင်းကလေး နှစ်ဆက်တိုက် ပထမဆုရ စတုတ္ထတန်း(ခ)မှ မနှင်းသက်လင်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်မည်

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာသာသနဝေပုလ္လကျောင်း အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝေပုလ္လ၏ တတိယအကြိမ် ဗုဒ္ဓစာပေဆုနှင့် စာအောင်ချီးမြှင့်ပွဲကို မတ် ၂၁ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်းရှိ မဟာသာသနဝေပုလ္လကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓစာပေဆုနှင့်စာအောင်ဆုရ သံဃာတော်များနှင့်လူပုဂ္ဂိုလ်များမှာ တိပိဋကကောဝိဒ အရှင်သုန္ဒရ၊ တိပိဋက ကောဝိဒ အရှင်ဣန္ဒပါလ၊ တိပိဋကဓရ အရှင်ဣန္ဒာစရိယ၊ အဂ္ဂမဟာအကျော် အရှင်သုနန္ဒ၊ ပထမကျော်ရှင်မာနိတ၊ ပထမလတ်တန်း (ပထမ)ရှင်ဝိစ္ဆာနန္ဒာ လင်္ကာရ၊ ပထမငယ်တန်း(ပထမ) ဦးဝံသပါလ၊ သကျသီဟ ဓမ္မာစရိယ (ပထမ) ဦးပညာတိက္ခာလင်္ကာရာဘိဝံသ၊ စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယဂဏဝါစက ဘွဲ့အရှင်သီရိဓမ္မာဘိဝံသ၊ သီလရှင်များ ဓမ္မာစရိယ(ပထမ) မသီရိစန္ဒာ၊ ပထမကြီး(ပထမ) မတိက္ခဉာဏီ၊ အမျိုးသမီးပထမလတ်တန်း(ပထမ) ဒေါ်ဝင်းဝင်းမော်၊ ပထမငယ်တန်း (ပထမ) မသီရိမာလာ၊ အဘိဓမ္မာ (ပထမ) မမြကေခိုင်၊ အဘိဓမ္မာဂုဏ်ထူးဆောင်(ပထမ)မခင်မြတ်နု၊ ဝိသုဒ္ဓိမဂ်(ပထမ) မစုနန္ဒာ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင်(သိပ္ပံပထမ) မခိုင်သက်ဆု (ကမာရွတ်)၊ (သိပ္ပံဒုတိယ) မောင်စိုင်းခမ်းစိုးလိတ်(မန္တလေး)၊ (သိပ္ပံဒုတိယ) မောင်စောထွဋ် (ကမာရွတ်)၊ (ဝိဇ္ဇာပထမ)မောင်တင်မောင်ဝင်း(ပြင်ဦးလွင်)၊ (ဝိဇ္ဇာပထမ) မောင်ထွန်းမင်း(ရမ်းဗြဲ)နှင့် (ဝိဇ္ဇာဒုတိယ) မောင်ကျော်သူရ (ဘိုကလေး) တို့ဖြစ်ကြောင်း သိရသည်။

(က-ပ)



ဖေဖော်ဝါရီ၂၈ ရက်က နိုင်ငံတော် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြိတ်တက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✡ ***ရှေ့ဖုံးဆောင်းပါးအညွှန်းမှ***

မြိတ်တက္ကသိုလ်ကို ၂၈-၂-၂၀၀၄ ရက်၌လည်းကောင်း၊ ထားဝယ်တက္ကသိုလ်ကို ၁-၃-၂၀၀၄ ရက်၌လည်းကောင်း၊ မော်လမြိုင်တက္ကသိုလ်ကို ၂-၃-၂၀၀၄ ရက်၌လည်းကောင်း၊ ဘားအံတက္ကသိုလ်ကို ၃-၃-၂၀၀၄ ရက်၌လည်းကောင်း ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ခရီးစဉ်တစ်လျှောက်၌ ဒေသဖူလုံရေး၊ ဒေသအလိုက် စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝသယံဇာတ အရင်းအမြစ်များကို လူ့လုပ်အား၊ လူ့စွမ်းအားဖြင့် တန်ဖိုးမြှင့်တင်အသုံးချရေး၊ နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ညီညီညွတ်ညွတ် အားထည့် လုပ်ကိုင်ဆောင်ရွက်ကြရန်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရန် စသည့် မှာကြားရန်ရှိသည်များကို မနားမနေ မှာကြားလမ်းညွှန်ခဲ့သည်။

ထိုမျှနှင့်မလုံလောက် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သော ပညာတတ်လူ့အရင်းအမြစ်များ ဒေသအလိုက်မွေးထုတ်နိုင်ရေးကိုလည်း အလေးထားညွှန်ပြသည်။ တက္ကသိုလ်များသို့ ရောက်ရှိစဉ် ယင်းညွှန်ပြမှုကို ပိုမိုရှင်းလင်းစေရန် အချိန်ယူသည်။ ပညာတတ်များဖြစ်ကြသည့် ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကထိကများ၊ ဌာနမှူးများ၊ လက်ထောက်ကထိကများနှင့် နည်းပြများကို လုပ်ဖော်ကိုင်ဖက်ရဲဘော်များကဲ့သို့ ထပ်တူထပ်မျှသဘောထား၍ ယုံကြည်မှု၊ မျှော်လင့်မှုအပြည့်ဖြင့် ရင်းရင်းနှီးနှီး ပြောကြားနေခြင်းဖြစ်ရာ အသက်ဝင်လှသည်။ ဘားအံတက္ကသိုလ်သို့ ရောက်ရှိချိန်သည် နေ့လယ်ပိုင်းဖြစ်နေသည့်အပြင် ခန်းမမှာတည်ဆောက်မှုအရ အဆင့်မြင့်သည်မှာ မှန်သော်လည်း လေအဝင်အထွက်အားနည်းသဖြင့် ချွေးတွေစိုရွှဲလာသည်။ သို့ရာတွင် နိုင်ငံတော်အကြီးအကဲမှာ မမောနိုင်ပါ၊ မအိုက်နိုင်ပါ။ တက္ကသိုလ်၊ ကောလိပ်များသည် နိုင်ငံတော်အနာဂတ်၏ အားကိုးအားထား အရည်အသွေးမြင့်သော လူ့အရင်းအမြစ်များမွေးထုတ်သည့်ဌာနများဖြစ်၍ စိတ်ဝင်စားစွာအားစိုက်လျက်ရှိသည်။

နိုင်ငံတော်၏ ပညာရေးစနစ်ကို ကမ္ဘာ့အဆင့်အတန်းနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေချင်သည်။ နိုင်ငံတော်ကို ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်အကောင်အထည်ဖော်ရာ၌ နိုင်ငံသူ နိုင်ငံသားများ၏ အသိပညာနှင့် အတတ်ပညာအဆင့်အတန်းမြင့်မားမှုက အချက်အချာကျလျက်ရှိသည်။

"ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးအဆင့်အတန်းဟာ နိုင်ငံတကာနဲ့ ယှဉ်ကြည့်လိုက်ရင် အတော်ကိုနောက်ကျကျန်ရစ်ခဲ့ကြောင်း"၊ "ကမ္ဘာ့ပညာရေးနယ်ပယ်ဟာ အရှိန်အဟုန်နဲ့ မြင့်မြင့်မားမား တိုးတက်ပြောင်းလဲနေချိန်မှာ ကျွန်တော်တို့ရဲ့ ပညာရေးစနစ်ကို အချိန်မီသုံးသပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်ပြောင်းလဲမှုမလုပ်ရင် ပိုမိုနောက်ကျ ကျန်ရစ်သွားမှာဖြစ်ကြောင်း။"

"ဒါ့အပြင် အာဆီယံအဖွဲ့ကြီးကလည်း အဖွဲ့ဝင်နိုင်ငံအားလုံးဟာ သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေဖြစ်ရမယ်ဆိုတဲ့ မျှော်မှန်းချက် ချမှတ်ထားပြန်တဲ့အတွက် ကျွန်တော်တို့ရဲ့ ပညာရေးစနစ်ကို အမြန်ဆုံးပြုပြင်ပြောင်းလဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကို အချိန်မီ ကြိုးပမ်းထူထောင်ဖို့လိုအပ်လာကြောင်း။"

စသည်ဖြင့် ပညာရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်ဖြင့်ပြောင်းလဲမှုများလုပ်နေရခြင်း၏ အကြောင်းအရင်းများကို ပြန်လည်ရှင်းလင်းပြသည်။

ထို့အပြင် နိုင်ငံတော်အကြီးအကဲက ဒုတိယကမ္ဘာစစ်အပြီး၌ ဖန်တီးနိုင်စွမ်းရှိသော လူ့အရင်းအမြစ်များပြည့်စုံသည့်နိုင်ငံများအနေဖြင့် မြန်မြန်ဆန်ဆန် ပြန်လည်နာလန်ထူလာပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်လာပုံ၊ အချို့ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဆရာဝန်မရှိ၊ အင်ဂျင်နီယာမရှိ၊ အနိမ့်ဆုံး ရုပ်ရှင်သရုပ်ဆောင်ပညာသည်ပင်မရှိ၍ အခက်အခဲများကြုံတွေ့ရပုံတို့ကို နှိုင်းယှဉ်ပြသည်။

မိမိတို့နိုင်ငံမှာမူ အလဟဿအချည်းနှီးအကုန်ခံခဲ့ရသည့်နှစ်တွေ ရှည်ကြာခဲ့သော်လည်း အသိပညာရှင်၊ အတတ်ပညာရှင် စသည့်ပညာတတ်များရှိနေသေး၍ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ကိုယ့်ခြေကိုယ့်လက်ဖြင့် ဝင့်ဝင့်ကြွားကြွား တည်ဆောက်နိုင်သည်။ ထို့ကြောင့်လည်း နိုင်ငံတော်က အသိပညာရှင်များကို အလေးထားအားကိုးခြင်းဖြစ်သည်။ အသက်(၆၀)ပြည့်သွားသည့် ပညာရှင်များအနက် ကျန်းမာရေးပြည့်စုံပြီး ဆက်လက်တာဝန်ပေးသင့်သူများကို တုံ့ဆိုင်းမှုမရှိ ဖြစ်နိုင်သမျှ ဆက်လက်ခန့်ထားတာဝန်ပေးထားသည်။

ဝါရင့် သမ္မာရင့်ပညာရှင်များကိုလည်း နိုင်ငံတော်တည်ဆောက်ရေး၌ တစ်တပ်တစ်အား ပါဝင်နိုင်အောင် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေး၊ ဆေးဝါး၊နည်းပညာ ဝိဇ္ဇာနှင့်သိပ္ပံ စသည်ဖြင့် ဘာသာရပ်အလိုက် နိုင်ငံတော်အဆင့် ပညာရှင်အဖွဲ့များဖွဲ့၍ တာဝန်ပေးချီးမြှင့်သည်။

သို့ရာတွင် ယနေ့လူ့အဖွဲ့အစည်းသည် ပညာကို အသားပေးလေ့လာနေသည့် ပညာခေတ်လူ့အဖွဲ့အစည်းဖြစ်သည်။ နည်းပညာ၊ အတတ်ပညာဆိုင်ရာ ဘာသာရပ်အသစ်များပေါ်ထွက်လာနေသည့်နည်းတူ လေ့လာသင်ယူနေဆဲ ဘာသာရပ်များကလည်း လျင်မြန်စွာတိုးတက်ပြောင်းလဲလျက်ရှိသည်။ နိုင်ငံတကာပညာရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် အလွန်ပင်မြန်ဆန်နေသည်။ ထို့ကြောင့် နိုင်ငံတော်သည် အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်းကိုချမှတ်၍ လိုအပ်သော ခေတ်မီပညာရေး အခြေခံများကိုပြည့်စုံအောင် အမြန်ဆုံးဖြည့်ဆည်းထူထောင်ရသည်။ အခြေခံ ပညာကဏ္ဍရော၊ အဆင့်မြင့်ပညာကဏ္ဍပါ အကျုံးဝင်သည့် Integrated Educational Reform ကို ချမှတ်ရသည်။

နိုင်ငံတော်အကြီးအကဲက-

"ဒါကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး လှုပ်ရှားမှုတွေ၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ စတဲ့ ဆောင်ပုဒ်ဖြင့် ပညာရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်ဖြင့် ပြောင်းလဲမှုများပြုလုပ်နေရကြောင်း"၊ "အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ချမှတ်ပြီး လိုအပ်သော အခြေခံများကို ပြည့်စုံအောင် အမြန်ဆုံး ဖြည့်ဆည်း ထူထောင်ရကြောင်း။"

"ဖွံ့ဖြိုးရေးဒေသ ၂၄ ခု၌ လိုအပ်သော တက္ကသိုလ်၊ ကောလိပ်များ ထူထောင်ပြီး မြို့ကြီးပြကြီးများ၌သာ အဆင့်မြင့်ပညာသွားရောက်သင်ကြားနေရသည့်အစား ဒေသအလိုက်အဆင့်မြင့်ပညာကို လက်လှမ်းတမီ သင်ကြားနိုင်သည့် အခွင့်အလမ်းများကို စီမံဖော်ထုတ်ပေးရခြင်းဖြစ်ကြောင်း၊ ဒေသအလိုက်ပညာသင်ကြားခွင့်တွေရရှိလာတာနဲ့အမျှ ဒေသအလိုက် လိုအပ်တဲ့ လူ့အရင်းအမြစ်များထွက်ပေါ်လာပြီး ဒေသခံပညာတတ်တွေက မိမိဒေသဖွံ့ဖြိုးရေးကို အလေးထားလုပ်ကိုင်လာနိုင်ကြမှာ ဖြစ်ပါကြောင်း၊ ဒါ့မှလည်း ဒေသတစ်ခုနဲ့တစ်ခုအကြား ဆူကြုံနိမ့်မြင့် ကွာဟမှုတွေဟာလည်း လျော့နည်းကျဆင်းသွားမှာ ဖြစ်ကြောင်း။"

ရှင်းလင်းပြောကြားသည်။

သို့မှလည်း ဒေသအလိုက်ပညာတတ်များ ပေါ်များလာသည်နှင့်အမျှ အနိမ့်ဆုံးကျေးရွာ၊ ရပ်ကွက်ခေါင်းဆောင်များသည်ပင် တစ်ချိန်၌ တက္ကသိုလ်ဆင်း ပညာတတ်များဖြစ်လာပြီး အောက်ခြေအဖွဲ့အစည်းများ၏ လုပ်ရည်ကိုင်ရည်သည်လည်း မြင့်မားလာမှာဖြစ်သည်ဟု မျှော်မှန်းနိုင်မှာ ဖြစ်သည်။ သေစာ၊ ရှင်စာတတ်ရုံမျှဖြင့် သိမ်မွေ့ရှုပ်ထွေးများပြောင်လှသော နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးကို ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင် လုပ်ကိုင်ဆောင်ရွက်နိုင်မည်မဟုတ်ပါ။

အမျိုးသား ပညာရည်မြင့်မားရေး မျှော်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ရာ၌ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ရသည့် အကြောင်းရင်းများနှင့် သတိထားသင့်သည်များကိုလည်း တစ်ပါတည်း သတိပေးညွှန်ပြသည်။

"နိုင်ငံတကာရဲ့ ပြောင်းလဲတိုးတက်နေသည့် အရှိန်အဟုန်ကို အဆင့်အတန်းရှိရှိ အမီလိုက်နိုင်ရန်အတွက် မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် တစ်လှမ်းချင်းလိုက်နေ၍ မဖြစ်နိုင်ဘဲ၊ ရှေ့ကိုအားထည့်ကျော်လွှားခြင်းဖြင့် လိုက်ရမှာဖြစ်ကြောင်း၊ သူများခြေလှမ်း တစ်လှမ်းလှမ်းပါက မိမိတို့က လေးငါးဆယ်လှမ်း လှမ်းနိုင်ရမှာဖြစ်ကြောင်း။"

"ဒီလိုရှေ့ကို အားထည့်ကျော်လွှားရတဲ့အခါ မိမိတို့ မွေးထုတ်သည့် လူ့အရင်းအမြစ်များသည် အရည်အချင်း၊အရည်အသွေးမမီသည့် လူ့အရင်းအမြစ်များဖြစ်မသွားစေဘဲ အရည်အသွေး ပြည့်မီသော လူ့အရင်းအမြစ်များ ဖြစ်လာအောင် အလေးထားရမှာဖြစ်ကြောင်း။"

အမှန်တကယ်ပင် အရည်အချင်း အဆင့်အတန်းမီသည့် ပညာတတ်များ၊ အင်ဂျင်နီယာများ၊ တတ်သိပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် နိုင်ငံတော်ပိုင်းက သင်ကြားပို့ချသည့် ဆရာ ဆရာမများ၏ အရည်အချင်း မြင့်မားရေးအတွက် ဦးစားပေးသည်။ ပြည်တွင်း၊ ပြည်ပ လေ့လာသင်ကြားမှု အစီအစဉ်များ၊ ဘွဲ့လွန်မဟာတန်း၊ ပါရဂူတန်းပါမကျန် တင်ပြလာလျှင် ခွင့်ပြုပေးနေသည်သာဖြစ်သည်။ အရည်အချင်းပြည့်မီသူများကသာ အရည်အချင်းရှိသောသူများကို မွေးထုတ်နိုင်မည်ဟု ခံယူထားပြီးဖြစ်၍ ဆရာ ဆရာမများ၏ ပညာအရည်အသွေးနှင့် စိတ်ထား၊ စေတနာကို မြင့်မားသည်ထက်မြင့်မားအောင်၊ ဂုဏ်ယူဝင့်ကြွားနိုင်အောင် စေတနာအပြည့်ဖြင့် ဖြည့်ဆည်းပေးနေသည်မှာ လက်တွေ့ဖြစ်သည်။

လူအပိုင်းသာမက အဆောက်အအုံပိုင်းနှင့် သင်ကြားမှုအထောက်အကူပြုပစ္စည်းပိုင်းကိုလည်း ဒေသအလိုက်ပြည့်စုံအောင်၊ ခေတ်မီအောင်ငွေကြေးကုန်ကျခံပြီး ဖြည့်ဆည်းပေးနေသည်သာဖြစ်သည်။ မြိတ်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ဘားအံတက္ကသိုလ်အပါအဝင် ဒေသအလိုက် ဖွင့်လှစ်ထားသောတက္ကသိုလ်၊ ကောလိပ်တွေ၏ အဆောက်အအုံများသည် မည်းရွှေ့မည်မျှ ခံ့ညားထည်ဝါနေကြသည်မှာ မျက်ဝါးထင်ထင်ပင်ဖြစ်သည်။

ထို့ပြင် ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းများကိုလည်း နိုင်ငံတကာအဆင့်အတန်းများနှင့် ညီညွတ်မှုရှိစေရန်၊ နိုင်ငံတော်၏ လိုအပ်ချက်၊ ဒေသအလိုက်လိုအပ်ချက်များနှင့်ကိုက်ညီစေရန် အပြန်အလှန်ညှိနှိုင်းပြီး ရေးဆွဲထားပြီးဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ်အားလုံးမှာပင် Electronic Learning Centre တွေ ထူထောင်ပြီးဖြစ်သည်။ e-Mail တွေ၊ Fax တွေ၊ VSAT တွေ အသုံးပြုနိုင်ပြီဖြစ်သည်။ စာရေးသူတို့ငယ်စဉ်က အခြေအနေမျိုးနှင့် တခြားစီဖြစ်နေသည်မှာ အမှန်ပင်ဖြစ်သည်။ ရေရှည်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထက်မြက်သော လူ့အရင်းအမြစ်များ မွေးထုတ်နိုင်ရန် နိုင်ငံတော်အပိုင်းက တာဝန်ယူရမည်များကို တာဝန်ကျေပွန်စွာ ရင်းနှီးမြှုပ်နှံဖြည့်ဆည်းထူထောင်အားပေးနေသည်မှာ မည်သည့်ခေတ်ကာလနှင့်မျှနှိုင်းယှဉ်၍ မရနိုင်ဟု ဆိုရပါမည်။

အရည်အချင်းပြည့်မီသည့်ဆရာများ၊ ခေတ်မီသင်ရိုးညွှန်းတမ်းများ၊ ခေတ်မီ အဆောက်အအုံနှင့် သင်ထောက်ကူပစ္စည်းများပြည့်စုံပြီဆိုလျှင် ထိုထိုသော တက္ကသိုလ်၊ ကောလိပ်များသည် အမျိုးသားပညာရည် မြင့်မားရေး ရေရှည်မျှော်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်သာ ရှိသည်။ သို့မှသာ အနှစ်သာရပြည့်ဝသော၊ သမိုင်းပေးတာဝန်ကျေပွန်သော တက္ကသိုလ်၊ ကောလိပ်များဖြစ်လာမှာဖြစ်သည်။ တစ်နည်းအားဖြင့် ကမ္ဘာကို ရင်ပေါင်တန်း နိုင်သည့် မျိုးဆက်သစ် နိုင်ငံသားကောင်း လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် အဓိက အရေးအကြီးဆုံးဖြစ်သည်။ နိုင်ငံတော်ပညာရေးစီမံကိန်း၏ အနှစ်သာရသည် ညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ကိုယ်စားပြုနိုင်စွမ်းရှိသော အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖြစ်ထွန်းရေးပင်ဖြစ်သည်။

ထို့ကြောင့်လည်းနိုင်ငံ့ခေါင်းဆောင်က-

"ဆရာ၊ ဆရာမများကလည်း အနာဂတ်ကို ရှုမျှော်ပြီး မိမိတို့၏ တပည့်များကို အရည်အချင်းရှိသော တပည့်များဖြစ်အောင် စေတနာထား၍ ပြုစုပျိုးထောင်ပေးစေလိုကြောင်း"၊ "မိမိတို့ကိုယ်တိုင်လည်း အရည်အသွေးမြင့်မားသည်ထက် မြင့်မားနေအောင် အမြဲလေ့လာဆည်းပူးကြရမှာဖြစ်ကြောင်း။"

"နိုင်ငံတော်၏ စေတနာနှင့်မျှော်မှန်းချက်များကို နားလည်ပြီး၊ နိုင်ငံ တော်၊ ဆရာနှင့်ကျောင်းသား ဟန်ချက်ညီညီလက်တွဲပြီး ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို တည်ဆောက်သွားကြရမှာ ဖြစ်ကြောင်း။"

ဖြင့် တက္ကသိုလ်တိုင်း၌ တိုက်တွန်းမှာကြားလမ်းညွှန်သည်။ တက္ကသိုလ်၊ ကောလိပ်များသည် နိုင်ငံတော်အနာဂတ်၏ အခြေအမြစ်များအဖြစ် အလေးထားခြင်းဖြစ်၍လည်း မမောမပန်းနိုင်ဘဲ ရှင်းလင်းနေခြင်းဖြစ်သည်။

တနင်္သာရီ၊ မွန်၊ ကရင် ခရီးစဉ်၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်များစွာရှိသည့်အနက် ပညာရေးနှင့်စပ်လျဉ်းသည့်အထက်ပါ လမ်းညွှန်ချက်များသည် ပညာရေးလောကသားများနှင့်သာ သက်ဆိုင်သည် မဟုတ်ပါ၊ မိဘတိုင်း၊ ပညာရေးကို လိုလားမြတ်နိုးဆည်းပူးနေသူတိုင်း၊ ထို့အပြင် နိုင်ငံသားတိုင်းနှင့်ပါ သက်ဆိုင်အကျုံးဝင်သည်။ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်သည့်အတိုင်း အရည်အသွေးမြင့်မားသော လူ့အရင်းအမြစ်များ (Highly Qualified Human Resources) ပြည့်စုံမှလည်း နိုင်ငံတော်သည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး ဝင့်ဝင့်ကြွားကြွား တင့်တောင့်တင့်တယ် ကမ္ဘာ့တည်သရွေ့ ရပ်တည်နိုင်မှာ ဖြစ်သည်။

ဤသို့ရပ်တည်နိုင်ရေးသည် နိုင်ငံတော်ကို ချစ်မြတ်နိုးသော ပြည်ထောင်စုသားအားလုံး၏ အရေးပင်ဖြစ်သည်ဟု လေးနက်စွာခံယူ၍ ပညာရေးဖြင့် နိုင်ငံတော်ကြီးကို တည်ဆောက်ထိန်းသိမ်း ကာကွယ်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရမှာဖြစ်ပါကြောင်း မှတ်တမ်းပြုတင်ပြအပ်ပါသည်။ ။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သဗ္ဗညုပုထိုးတော်ကြီးစေတီတော်ပိုင်းတည်ဆောက်မှုလုပ်ငန်း နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်ကြည့်ရှု

ရန်ကုန် မတ် ၁၃

သဗ္ဗညုပုထိုးတော်ကြီးတည်ဆောက်ရေးအတွက် (၂၅)ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက်ရှိ အဆိုပါသဗ္ဗညုပုထိုးတော်ကြီး၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးလုပ်ငန်း ကော်မတီများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

တိုးတက်မှုကြည့်ရှု

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သဗ္ဗညုပုထိုးတော်ကြီး၌ အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော်စည်သူပန်ယွန်းဗုဒ္ဓရုပ်ပွားတော်အား ပူဇော်ကြည်ညိုပြီး သဗ္ဗညုပုထိုးတော်ကြီး တတိယပိုင်းဖြစ်သည့် စေတီတော်ပိုင်း တည်ဆောက်မှုလုပ်ငန်း တိုးတက်မှုကို ကြည့်ရှုသည်။

ထို့နောက် အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ရွှေတောင်ကြီးအလား

ယင်းနောက်သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင် က သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ခြင်းလုပ်ငန်း တိုးတက်မှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ဓမ္မေသက သီလရှင်စာသင်တိုက် ပဓာန နာယက သီလရှင်ကြီး အဘွားလေး ဒေါ်ဓမ္မေသီက ဦးဆောင်ဦးရွက်ပြုပြီး သဗ္ဗညု ပုထိုးတော်ကြီးကို ဤနေရာ ဤဌာနတွင် တည်ဆောက်လျက်ရှိရာ အလောင်းစည်သူမင်းတရားကြီး တည်ထားခဲ့သော ပုဂံသဗ္ဗညုပုထိုးတော်ကြီး၏ ပုံတူသဗ္ဗညု ပုထိုးတော်ကြီးတစ်ဆူသည် ရွှေတောင်ကြီးအလား မကြာမီ ပေါ်ထွန်းလာတော့မှာ ဖြစ်ကြောင်း။

စေတီတော်ကြီးတွင် အဓိက အပိုင်းသုံးပိုင်းပါဝင်ရာ အောက်ခြေပုထိုးတော်ကြီးအပိုင်းနှင့် အလယ်ဂန္ဓကုဋိတိုက်တို့သည် အဖြူထည်များ ပြီးစီးပြီဖြစ်ကြောင်း။

ယနေ့ဆိုလျှင် တတိယပိုင်းဖြစ်သည့် စေတီတော်ပိုင်းကို တည်ထားလျက်ရှိရာ စေတီတော်၏ ပစ္စယာသုံးဆင့်၊ ဖရုံလုံး၊ ကွမ်းထောင်နှင့် အထွတ်စေတီတို့ကို အဖြူထည် ကွန်ကရစ် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း။

အချောထည်များဆောင်ရွက်

ဂန္ဓကုဋိတိုက်အတွင်းရှိ နံရံလေးဖက်လေးတန်တွင်လည်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်များသည် ကိန်းဝပ်စံပယ်လျက်ရှိရာ နံရံများနှင့် တိုင်လုံးများတွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ကိန်းဝပ်နေသကဲ့သို့ ရွှေဆိုင်းများကပ်လှူဒါန်းသွားရန်အတွက် စစ်စေးသရိုးအချောထည်များ ဆောင်ရွက်လျက်ရှိကြောင်း။

ဂန္ဓကုဋိတိုက်တွင် ရာဇမဟာမုနိစည်သူပန် ရုပ်ပွားတော်ကြီး စံပယ်တော်မူရာ အပရာဇိတပလ္လင်တော်ကြီးကိုလည်း ထူးခြားကြည်ညိုဖွယ်ရာ မြင့်မြတ်သော ပလ္လင်တော်အဖြစ် ရွှေစတီးပြားများဖြင့် ကပ်လှူပုံဖော်ပြီးစီးနေပြီဖြစ်ကြောင်း။

ဂန္ဓကုဋိတိုက်အထက်မျက်နှာကြက်တော်များကိုလည်း ရွှေစတီးပြားများ ကပ်လှူဒါန်းပြီးဖြစ်ကြောင်း ရာဇမဟာမုနိစည်သူပန်ဘုရားကိုယ်တော်မြတ်ကြီးအား ရွှေဘုံအလယ်မှာ တင့်တယ်စွာ စံပယ်နေသည်ကို မကြာမီ ဖူးမြင်ရတော့မှာဖြစ်ကြောင်း။

အထွတ်စေတီ၏ ထိပ်ဆုံးပိုင်းတွင် ငှက်ပျောဖူးကို ဆက်လက်တည်ထားရန်အတွက် ပိန္နဲတိုင်စိုက်ထူခြင်း၊ သံချည်သံကွေးများ ဆောင်ရွက်မှုတို့မှာလည်း ပြီးစီးနေပြီဖြစ်ကြောင်း မကြာမီ ကွန်ကရစ်လောင်းပြီး ငှက်ပျောဖူးပုံတော် ပေါ်လာတော့မှာဖြစ်ကြောင်း။

ဖူးမြော်နိုင်

အောက်ခြေမြေညီထပ်တွင်လည်း ခြူးကနုတ် မြန်မာမှု ဗုဒ္ဓဝင်လက်ရာများ၊ ပန်းယွန်း ပန်းပုလက်ရာများကို ဆောင်ရွက်နေကြောင်း၊ ခေတ်မီခာတ်လှေကား သုံးစင်းကိုလည်း တပ်ဆင်ထားပြီးဖြစ်၍ ဂန္ဓကုဋိတိုက်သို့ အလွယ်တကူ တက်ရောက်ဖူးမြော်ကန်တော့နိုင်ကြပြီဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က အလှူငွေရရှိမှုနှင့် သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးလုပ်ငန်း၌ သုံးစွဲမှုများကို ရှင်းလင်းတင်ပြသည်။

အလှူငွေပေးအပ်

ယင်းနောက် သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးအတွက် တပ်မတော်ထောက်လှမ်းရေးမိသားစုများက ငွေကျပ်သိန်း၅၀၊ ပို့ဆောင်ရေးဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီကငွေကျပ်ငါးသိန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနက ငွေကျပ်သုံးသိန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနက ငွေကျပ်နှစ်သိန်း၊ ဦးမြိုင်ဟင်–ဒေါ်နန်းဟူးမိသားစုက ငွေကျပ် ၂၇ သိန်း၊ မောင်ဝိတ်ကုမ္ပဏီမိသားစုက ငွေကျပ် ၁၅ သိန်း၊ ဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်)က ငွေကျပ်၁၅ သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ငါးသိန်း၊ Asia World Co.,Ltd.က ငွေကျပ် ၁၀၀၀၀၀၀၀၊ ဟုန်ပန်းဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် ၁၀၀၀၀၀၀၀၊သီဟသုခမ္မမဏိဇောတဓရ ဦးတင့်ဆန်း – ဒေါက်တာ ဌေးဌေးမြိုင်(စက်မှု စီးပွားထူးချွန်၊ ပထမဆင့်) က ငွေကျပ် ၁၀၀၀၀၀၀၊ ရွှေသံလွင်ကုမ္ပဏီက ငွေကျပ် ၁၀၀၀၀၀၀၊ ဦးမြဟန်–ဒေါ်ခင်စပယ်ကြည်မိသားစု(Fortune International) က ငွေကျပ် ၁၀၀၀၀၀၀၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက ငွေကျပ် ၃၀၀၀၀၀၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ငွေကျပ် ၃၀၀၀၀၀၊ Yangon Airway က ငွေကျပ် ၃၀၀၀၀၀၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက ငွေကျပ် ၃၀၀၀၀၀ ၊ ဝန်ကြီးချုပ်ရုံး မိသားစုက ငွေကျပ် ၅၀၀၀၀၀၊မြန်မာ့လေကြောင်းက ငွေကျပ် ၃၀၀၀၀၀၊ Air Mandalay က ငွေကျပ် ၃၀၀၀၀၀၊ MAI (အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း) က ငွေကျပ် ၃၀၀၀၀၀၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ငွေ ကျပ် ၃၀၀၀၀၀၊ မြန်မာနိုင်ငံ ရေကြောင်း ပညာတက္ကသိုလ်က ငွေကျပ် ၃၀၀၀၀၀၊ ရေကြောင်းပညာသိပ္ပံက ငွေကျပ် ၃၀၀၀၀၀၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းက ငွေကျပ် ၃၀၀၀၀၀၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ငွေကျပ် ၃၀၀၀၀၀၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ငွေကျပ် ၃၀၀၀၀၀၊ ဦးမောင်မောင်လေး–ဒေါ်ဉမ္မာခင် မိသားစုက ငွေကျပ် ၆၀၀၀၀၀၊ ဦးဖုန်းမြင့်လူ (CTI ကုမ္ပဏီ)မိသားစုက ငွေကျပ်၃၀၀၀၀၀၊ ဦးကျော်မြင့်ဦး မိသားစု (O Scar Nalson ကုမ္ပဏီ) က ငွေကျပ် ၃၀၀၀၀၀၊ မြန်မာ့ကြံလုပ်ငန်းက ငွေကျပ် ၁၀၀၀၀၀၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက ငွေကျပ် ၁၀၀၀၀၀၊ ဦးကြည်အေး–ဒေါ်စောမေအေးမိသားစု(ပြည်မြန်မာ ဆောက်လုပ်ရေး) က ငွေကျပ် ၅၀၀၀၀၀၊ သုခမ္မမဏိဇောတဓရ ဦးဇေယျာသူရမွန်–ဒေါ်ခိုင်ခိုင်မြင့်တို့က ငွေကျပ်၅၀၀၀၀၀၊ဦးငြိမ်း–ဒေါ်အုန်းကြင် (OK ဆန်ရောင်းဝယ်ရေး)က ငွေကျပ်၂၇၀၀၀၀၊ဒေါ်စန်းစန်းမိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးကျော်မြင့်(စစ်တက္ကသိုလ်)၊ ဒေါ်စန်းစန်းမြင့်၊ သားကြီး ဒုတိယဗိုလ်မှူးကြီးအောင်ဌေး၊ ဒေါ်ခင်သန္တာ သားသမီးတစ်စုက ငွေကျပ် ၃၀၃၀၀၀၊ ဦးတင်မောင်(Key Stone Co.,Ltd.) က ငွေကျပ် ၃၀၀၀၀၀၊ ဦးအောင်မြတ်(Mother Trading Co.,Ltd.) က ငွေကျပ် ၂၀၀၀၀၀၊ မြန်မာမိုးခိုင်ကုမ္ပဏီက ငွေကျပ် ၃၀၀၀၀၀၊ ဦးလှကြီး(အုတ်၊ သဲ၊ကျောက်ရောင်းဝယ်ရေး)ကငွေကျပ် ၂၀၀၀၀၀၊ ဦးကျော်စွာမိုး(သယ်ယူပို့ဆောင်ရေး)ကငွေကျပ် ၂၀၀၀၀၀၊ ဦးမင်းဒင်၊ သီရိသုဓမ္မသီဂီဒေါ်ဝင်းဝင်းအေး(ခ)မကြီးကငွေကျပ် ၁၀၀၀၀၀၊ ဦးကိုသူရှိန်(J,K., Ltd.)၊ဒေါ်ဆွေဆွေဟန် (မြန်မာစာဌာန၊သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်) သမီး ဆုပြည့်သူရှိန်၊ သား ဟိန်းသန့်သူရှိန်က ငွေကျပ် ၃၀၀၀၀ အပါအဝင် ငွေကျပ် ၂၆၅၅၃၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများနှင့် မြို့တော်ဝန်တို့က လက်ခံကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၄–၃–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုမြနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် **"စိတ္တာနုပဿနာ သတိပဋ္ဌာန်"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Double entry and booking (စီးပွားရေး၊ စီးပွားစီမံ)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာစူး၊ မယ့်ရွှေနဖူးစာ"** အပိုင်း(၁၄)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း–၂၀)

သာသနာ့ဗိမာန်ရိပ်သာ(အင်းစိန်) တရားပွဲကျင်းပမည်

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာတွင် သာသနာ့ဗိမာန်ရိပ်သာ ပဓာနနာယကနှင့် မဟာစည် နာယက ဆရာတော် ဘဒ္ဒန္တဝါယာမာဝုဓ (မဟာကမ္မဋ္ဌာနာစရိယ) ကိုယ်တိုင် ၁၃၆၅ ခုနှစ် တန်ခူးလဆန်း ၅ ရက် (ဧပြီ ၉ ရက်)မှ တန်ခူးလကွယ်နေ့ (ဧပြီ ၁၈ ရက်)အထိ ၁၀ ရက် တိုင်တိုင် မဟာသတိပဋ္ဌာန် ဝိပဿနာတရားများကို ဟောကြားပြသမည် ဖြစ်သည်။

တရားဝင်မည့် ယောဂီများသည် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် သာသနာပြု လှူဒါန်းလိုသူများသည် သာသနာနုဂ္ဂဟအဖွဲ့ ဖုန်း–၆၄၁၃၂၄၊ ဦးမောင်မောင်လတ်–ဒေါ်တင့်တင့် (ဘုရင်သက်န်းတိုက်) ဖုန်း–၅၀၂၂၄၅၊ ဦးသိုက်ထွန်း ဖုန်း–၆၄၁၁၇၉၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း–၅၃၈၇၃၁ နှင့် ဒေါ်အေးအေး ဖုန်း–၆၄၃၅၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

14-3 (4).p65 1 3/25/05, 11:38 PM

မတ် ၁၂ ရက်က ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌သတင်းယူစဉ် ၃၆ ဦးသေဆုံးခဲ့ရ
အီရတ်စစ်ပွဲကာလအတွင်း သေဆုံးခဲ့သော သတင်းစာဆရာ ၁၃ ဦးရှိခဲ့

ဝါရှင်တန် မတ် ၁၃

ကမ္ဘာတစ်ဝန်းတွင် သတင်းယူသည့်လုပ်ငန်းတာဝန်ဆောင်ရွက်စဉ် သေဆုံးသွားရသော သတင်းစာဆရာများအရေအတွက်သည် ၂၀၀၃ ခုနှစ်အတွင်း၌ ၃၆ ဦးအထိ အီရတ်၌သေဆုံးသောအရေအတွက်၏ နှစ်ဆနီးပါးမျှရှိခဲ့သည်ဟု သတင်းစာဆရာများ အကာအကွယ်ပေးရေးကော်မတီက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

သတင်းယူသည့်တာဝန် ဆောင်ရွက်စဉ် ကမ္ဘာတစ်ဝန်း၌ သေဆုံးခဲ့ရသော သတင်းစာဆရာ ၃၆ဦးအနက် ၁၃ဦးမှာ အီရတ်၌သေဆုံးခဲ့ကြောင်း ကော်မတီ၏ အမှုဆောင်ညွှန်ကြားရေးမှူး အန်းကူးပါးက ဝါရှင်တန်၌ပြုလုပ်သော သတင်းစာရှင်းပွဲ၌ ပြောကြားသည်။

လျော့နည်း

၂၀၀၂ ခုနှစ်အတွင်း၌ ကမ္ဘာတစ်ဝန်းတွင် သေဆုံးခဲ့ရသော လူထုဆက်သွယ်ရေးဝန်ထမ်းအရေအတွက်မှာ ၁၉ ဦးဖြစ်သည်။ အဆိုပါသေဆုံးသည့် အရေအတွက်သည် ၂၀၀၃ ခုနှစ်၌ သေဆုံးသည့်အရေအတွက်ထက် တစ်ဝက်နီးပါး လျော့နည်းသည်။

အများဆုံး

၂၀၀၃ ခုနှစ်အတွင်း၌ အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားခဲ့သော စစ်နှင့် နိုင်ငံရေးအကြမ်းဖက်မှုသတင်းများရယူရန်အတွက် သတင်းစာဆရာ ရာပေါင်းများစွာသည် အရှေ့အလယ်ပိုင်းသို့ လာရောက်ခဲ့ကြသည်။ အီရတ်တွင်ဖြစ်ပွားသော စစ်ပွဲသည် သတင်းများကို အများဆုံးစုစည်းယူဆောင်သည့် အကြောင်းအရာတစ်ခု ဖြစ်ခဲ့သည်။

သေဆုံး

အီရတ်တွင် ဖြစ်ပွားသည့်တိုက်ပွဲ၌ သေဆုံးသော သတင်းစာဆရာ၁၃ဦး အပြင် နောက်ထပ်သတင်းစာဆရာ သုံးလေးဦးသည် ဖျားနာခြင်းနှင့် မတော်တဆမှုဖြစ်ခြင်းများကြောင့် သေဆုံးခဲ့ကြသည်။

အီရတ်တွင် အချို့သတင်းစာဆရာများ သေဆုံးရမှုသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ မဆင်မခြင်ပစ်ခတ်မှုကြောင့် သေဆုံးရခြင်းများ ဖြစ်သည်။ **(အင်တာနက်)**

အီရတ်ရဲတပ်ဖွဲ့ဝင်ခြောက်ဦး တိုက်ခိုက်ခံရ၍ သေဆုံး

ဘဂ္ဂဒက် မတ် ၁၂

အမေရိကန်တို့ လေ့ကျင့်ပေးထားသော အီရတ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ခြောက်ဦးသည် ဗုဒ္ဓဟူးနေ့က သီးခြားစီဖြစ်ပွားသော တိုက်ခိုက်ခံရမှုနှစ်ခုတွင် သေဆုံးသွားကြကြောင်း အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ရုံးနှင့် အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်တောင်ဘက်ရှိနာဆီရီယာမြို့တွင် ညပိုင်း၌ပြည်သူ့စစ်တို့ဖမ်းဆီးထားသော အရပ်သားနှစ်ဦးကို ကယ်ဆယ်ရေးဆောင်ရွက်စဉ် အီရတ်ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးကြောင်း၊ အခြားရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆီးရီးယားနယ်စပ်အနီးရှိ ကိုင်းမြို့တွင်လည်း သေနတ်သမားတစ်ဦးက စားသောက်ဆိုင်တစ်ခုတွင် နေ့လယ်စာစားမည့် အီရတ်ရဲတပ်ဖွဲ့ဝင်များကို ပစ်ခတ်သဖြင့် နှစ်ဦးသေဆုံးခဲ့ပြီး ကျန်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

အီရတ်တွင် အဓိကတိုက်ပွဲကြီးများ ပြီးဆုံးသွားပြီးနောက်ပိုင်း အီရတ်တပ်ဖွဲ့ တည်ထောင်ခဲ့ပြီးချိန်မှစ၍ အီရတ်ရဲတပ်ဖွဲ့ဝင် ၃၀၀ကျော် သေဆုံးခဲ့ရပြီးဖြစ်ကြောင်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ရုံးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တိုက်ခိုက်ရေးသမားများ လက်ချက်ဖြင့်သေဆုံးသော ကန်အရပ်သားတစ်ဦး အီရတ်ရှိ ကန်နှင့်အပေါင်းပါအုပ်ချုပ်ရေးအဖွဲ့ကို ကူညီနေသူဖြစ်

အိုကလာဟိုးမားစီးတီး မတ် ၁၁

အီရတ်နိုင်ငံတွင် ယခုသီတင်းပတ်၌ တိုက်ခိုက်မှုခံရပြီး သေဆုံးခဲ့သော အမေရိကန်အရပ်သားနှစ်ဦးအနက် တစ်ဦးသည် အိုကလာဟိုးမားမြို့မှဖြစ်ပြီး အမေရိကန်နှင့် အပေါင်းပါအုပ်ချုပ်ရေးအဖွဲ့ကို ကူညီလုပ်ကိုင်ပေးသူဖြစ်သည်။

ထိုသူမှာ ရော့နေဖန်းဟော်လန် (၃၃)နှစ်ဆိုသူဖြစ်ပြီး ၎င်းနှင့်အတူ အခြားအမေရိကန်အရပ်သားတစ်ဦးနှင့် စကားပြန်တစ်ဦးတို့သည် ဟီလာအနီးရှိ ယာယီစစ်ဆေးရေးစခန်းတစ်ခု၌ အီရတ်ရဲအရာရှိများဟန်ဆောင်ထားသော ခုခံတိုက်ခိုက်ရေးသမားများက အင်္ဂါနေ့၌ ကားကိုရပ်ခိုင်းပြီး ပစ်ခတ်သဖြင့် သေဆုံးခဲ့ကြရသည်။

မထုတ်ပြန်

ယခုသေဆုံးသော အမေရိကန်နှစ်ဦးမှာ အီရတ်ရှိ အမေရိကန်နှင့်အပေါင်းပါအုပ်ချုပ်ရေးအဖွဲ့၌ အလုပ်လုပ်ကြသော အမေရိကန်အရပ်သားများအနက် ပထမဆုံး သေဆုံးသည့် အမေရိကန်အရပ်သားများဖြစ်ကြသည်။ အခြားသေဆုံးသော အမေရိကန်အရပ်သား၏အမည်ကို ချက်ချင်းထုတ်ပြန်ခြင်းမရှိပေ။

ဟော်လန်သည် အမေရိကန်နှင့်အပေါင်းပါ အုပ်ချုပ်ရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအဖြစ် အီရတ်ဖွဲ့စည်းပုံဥပဒေသစ်၏ အမျိုးသမီးများ အခွင့်အရေးအပိုင်းကဏ္ဍကို ကူညီရေးသားပေးခဲ့ရသည်ဟု မိသားစုဝင်များက ပြောကြားသည်။ **(အင်တာနက်)**

မတ် ၁၂ ရက်က ဘာဆာရာမြို့တွင်စစ်ယာဉ်များဖြင့် လုံခြုံရေးဆောင်ရွက်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆီးရီးယားကို အမေရိကန် ပိတ်ပင်အရေးယူလျှင် အမှားကြီးမှားမည်ဟု ဆီးရီးယားအရာရှိတစ်ဦး ပြောကြား

ဒမတ်စကတ် မတ် ၁၂

အကြမ်းဖက်လုပ်ငန်းကို ကမကထလုပ်နေသည်ဟု အမေရိကန်က စွပ်စွဲထားသော ဆီးရီးယားနိုင်ငံကို ပိတ်ပင်အရေးယူမှု အမေရိကန်ကပြုလုပ်မည်ဆိုလျှင် အမှားကြီးမှားမည်ဟု ဆီးရီးယားအရာရှိတစ်ဦးက မတ် ၁၁ ရက်က ပြောကြားလိုက်သည်။

ပိတ်ပင်မည်

ဒီဇင်ဘာလ၌ သမ္မတဂျော့ဒဗလျူဘုရှ် လက်မှတ်ရေးထိုးခဲ့သော ဆီးရီးယားကို အပြစ်ယူရေးအက်ဥပဒေအရ ဆီးရီးယားနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စုက မကြာမီ ပိတ်ပင်အရေးယူမည်ဖြစ်ကြောင်း အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဝီလီယံဘန်းက ဗုဒ္ဓဟူးနေ့၌ ပြောကြားခဲ့သည်။

မပြောင်းလဲ

ဤဆောင်ရွက်ချက်သည် ဒေသအတွင်း တည်ငြိမ်ရေးကို အထောက်အကူပေးမည် မဟုတ်ကြောင်း အဆိုပါ ဆီးရီးယားအရာရှိက ပြောကြားသည်။

ဆီးရီးယား၏ သဘောထားမှာ မပြောင်းလဲကြောင်း၊ နှစ်နိုင်ငံသဘောကွဲမှုများကို ဖြေရှင်းရန် အပြုသဘောဆွေးနွေးမှုကို ကြိုဆိုကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဩစတြေးလျလူဦးရေ၏ ငါးပုံတစ်ပုံ ဆင်းရဲနွမ်းပါးစွာနေကြရ

ကင်ဘာရာ မတ် ၁၂

ဩစတြေးလျနိုင်ငံသား ၃ ဒသမ ၆ သန်းခန့် သို့မဟုတ် ဩစတြေးလျလူဦးရေ၏ ငါးပုံတစ်ပုံသည် ဆင်းရဲနွမ်းပါးစွာ နေနေကြရသည်ဟု ကြာသပတေးနေ့က ထုတ်ပြန်သော အထက်လွှတ်တော် စုံစမ်းရေးအစီရင်ခံစာအရ သိရသည်။

လူဦးရေ၏ ၂၀ ရာခိုင်နှုန်းကျော်မှာ ၎င်းတို့ကလေးငယ်များအတွက် ဆေးဝါးများပင် ရရှိအောင်မကြိုးပမ်းနိုင်ကြကြောင်း အစီရင်ခံစာ၌ရေးသားဖော်ပြထားသည်။ တစ်ပတ်လျှင် ဩစတြေးလျဒေါ်လာ ၄၀၀ (အမေရိကန်ဒေါ်လာ ၃၀၀) အောက်ရရှိသော အရေအတွက် ၁၉၉၀ပြည့်နှစ်တွင် ၁၁ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ ၂၀၀၀ ပြည့်နှစ်၌ ၁၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်ဟု ဆိုသည်။

ထို့ပြင် ဩစတြေးလျနိုင်ငံ၌ အချိန်ပြည့်အလုပ်ခွင်၌ မိဘများရှိနေကြသဖြင့် အိမ်၌ မိဘမရှိကြသော ကလေး ၇၀၀၀၀၀ ကို ၁၂ လအတွင်း စုံစမ်းရာ၌ တွေ့ရှိခဲ့ရသည်ဟု စုံစမ်းရေးကော်မတီဥက္ကဋ္ဌ စတိမ်ဟတ်ချင်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံ

ကျူးကျော်စစ်ပွဲကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရန် စရိတ်များပြား

အမေရိကန်နှင့် အပေါင်းပါတို့ ကျူးကျော်စစ်ပွဲကြောင့် အီရတ်တပ်မတော်ပြိုကွဲကာ တပ်မတော်ကင်းမဲ့သည့်နိုင်ငံ ဖြစ်ခဲ့ရသည်။ ကျူးကျော်စစ်ပွဲကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော အီရတ်နိုင်ငံကို ပြန်လည်တည်ဆောက်ရာတွင် ဒေါ်လာသန်း ၁၀၀၀၀၀ မျှ ကုန်ကျမည်ဟုခန့်မှန်းထားသည်။ စစ်ပွဲကာလအတွင်း၌ အီရတ်ရေနံအဆောက်အအုံများ ပျက်စီးခြင်းနှင့်အတူ အီရတ်စီးပွားရေး ပျက်စီးခဲ့ရသည်။ ရေနံအပေါ်မှီနေသော အီရတ်စီးပွားရေး ပုံမှန်အတိုင်းဖြစ်ရန်မှာ နှစ်များစွာကြာမြင့်မည်ဖြစ်သည်။



စမ်းသပ်စစ်ဆေး

ဖေဖော်ဝါရီ ၂၆ ရက်က ဘဂ္ဂဒက်မြို့ရှိ ပျက်စီးသွားသော ဆက်သွယ်ရေးအဆောက်အအုံ၌ တယ်လီဖုန်းလိုင်းများ ပြန်လည်ဆက်သွယ်ကောင်းမွန်လာရေး အီရတ်အတတ်ပညာရှင်များက စမ်းသပ်စစ်ဆေးနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဖေဖော်ဝါရီ ၂၂ ရက်က ဘဂ္ဂဒက်မြို့၌ ပျက်စီးခဲ့သောပုံနှိပ်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး အီရတ် အလုပ်သမားများက ဤသို့ ကြိုးပမ်းလုပ်ဆောင်နေကြရသည်။

(ဓာတ်ပုံ–အင်တာနက်)

ဖေဖော်ဝါရီ ၂၆ရက်က ဆာမာရာမြို့၌ ရေနံပိုက်လိုင်းတစ်လိုင်း မီးလောင်ကျွမ်းနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဖေဖော်ဝါရီ ၂၃ရက်က ကာဘာလာမြို့၌ ရေနံပိုက်လိုင်း မီးလောင်ကျွမ်းနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကြိုးပမ်း

ဖေဖော်ဝါရီ ၁၄ ရက်က ဘာဆာရာမြို့ရှိ ပျက်စီးခဲ့ရသော အိုးစက်ရုံ၌ အီရတ် အလုပ်သမား တစ်ဦးက လုပ်ငန်းများအချိန်မီ ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်နေရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်နှင့်အပေါင်းပါတို့၏ ကျူးကျော်မှုကြောင့် အီရတ်နိုင်ငံတွင် ပျက်စီးဆုံးရှုံးခဲ့ရခြင်းများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းကုန်ကျစရိတ်များ (ကုလသမဂ္ဂက တာဝန်ယူမည့်လုပ်ငန်းများ ၂၀၀၇ ခုနှစ်အထိ)

ဒေသန္တရအစိုးရနှင့် အရပ်ဘက်ဆိုင်ရာလုပ်ငန်းများ	ဒေါ်လာ ၃၁၃ သန်း
ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်	ဒေါ်လာ ၇၁၉၀ သန်း
အခြေခံအဆောက်အအုံ	ဒေါ်လာ ၂၄၂၀၄ သန်း
စိုက်ပျိုးရေး၊ ရေအရင်းအမြစ်	ဒေါ်လာ ၃၀၂၇ သန်း
အခြား	ဒေါ်လာ ၈၅၅ သန်း
စုစုပေါင်း	**ဒေါ်လာ ၃၅၅၈၉ သန်း**

ကုလသမဂ္ဂက တာဝန်မယူသောလုပ်ငန်းများအတွက် (အမေရိကန်နှင့် ညွန့်ပေါင်းအုပ်ချုပ်ရေးအဖွဲ့၏ ပြန်လည်ထူထောင်ရေးလုပ်ငန်း ကုန်ကျစရိတ်ခန့်မှန်းချက်– ၂၀၀၇ ခုနှစ်အထိ)

လုံခြုံရေးနှင့် ရဲတပ်ဖွဲ့	ဒေါ်လာ ၅၀၀၀ သန်း
ရေနံ	ဒေါ်လာ ၈၀၀၀ သန်း
ယဉ်ကျေးမှု၊ သာသနာရေး	ဒေါ်လာ ၁၅၄၀ သန်း
အခြား	ဒေါ်လာ ၄၉၀၀ သန်း
စုစုပေါင်း	**ဒေါ်လာ ၁၉၄၄၀ သန်း**

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

တပ်မတော်သားများ၏ လုပ်အားဖြင့် ဖောက်လုပ်ခဲ့သည့်လမ်းများ

စဉ်	ပြည်နယ်/တိုင်း	မီးရထားလမ်း	မော်တော်ကားလမ်း
၁။	ရန်ကုန်တိုင်း	တိုးကြောင်လေး-အုတ်ဖိုစု	တိုက်ကြီး-ဖူးကြီး-ဖောင်ကြီးလမ်း
		ညေင်းကုန်း-အုတ်ဖိုစု	ရန်ကုန်-ပဲခူးခြောက်လမ်းသွားလမ်း
၂။	ရှမ်းပြည်နယ်	ရွှေညောင်-ရပ်စောက်	တာကော်-မိုင်းပျင်း-ကျိုင်းတုံလမ်း
		အောင်ပန်း-လွိုင်ကော်	ကျိုင်းတုံ-တာချီလိတ်လမ်း
		နမ့်စန်-မိုးနဲ	ရပ်စောက်-ကျောက်ဂူ-တောင်စမ်း- နောင်ချို
		ဘန်းယဉ်-ဖာမွန်း	
		တောင်ကြီး-ဖာမွန်း	
		ရွှေညောင်-တောင်ကြီး	
		နမ့်စန်-မိုင်းဝမ်	
၃။	ဧရာဝတီတိုင်း	-	ပုသိမ်-သလပ်ချောင်း-မော်တင်စွန်း
			ပုသိမ်-သလပ်ချောင်း-ငွေဆောင်လမ်း
			တာကွေ့-ကဇုန်း
			မအူပင်-ဆားမလောက်
၄။	ကချင်ပြည်နယ်	မြစ်ကြီးနား-နမ့်ပေါင်	မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို
			တနိုင်း-နန်းယွန်း
၅။	ကယားပြည်နယ်	အောင်ပန်း-လွိုင်ကော်	ဖားဆောင်း-ခဲမဖြူ-ထီးထ-စောထ
၆။	ကရင်ပြည်နယ်	-	ကော့ကျိုက်-ကော့ပရံ-ဇာသပြင်
			ဘောကလိကြီး-မော်ချီး
		-	ဝါးဘိုးတော-ကမမောင်း
		-	ဖာပွန်-ကမမောင်း

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် ဘန်းယဉ်-ဖာမွန်း ရထားလမ်းပိုင်းသစ်ကို တပ်မတော်သားများ၏ လုပ်အားဖြင့် ဖောက်လုပ် ခဲ့ကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆိုက်ခေါင်-နမ့်စန် ရထားလမ်းကို တပ်မတော်သားများ၏ လုပ်အား ဖြင့် ဖောက်လုပ်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရ တာဝန်ယူပြီး ... လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ကတ္တရာလမ်း (မိုင်)	၅၅၄၃	၈၃၉၈
ကျောက်ချောလမ်း (မိုင်)	၁၅၆၉	၃၁၉၄
တံတား(ပေ၁၈၀အထက်)	၁၆	၁၆၈
ရထားသံလမ်း(မိုင်)	၂၇၉၃	၃၉၀၆
လေယာဉ်ကွင်း	၂၁	၂၇
ဂျက်လေယာဉ်ကွင်း	၆	၁၈

အပင်ပန်း အဆင်းရဲ ခံနိုင်သည့် တပ်မတော်

တိုက်ကြီးမြို့နယ်ရှိ ရေပေါ်သောင်-ဘောလယ်ကျွန်းတံတားကို တပ်မတော်သားများနှင့် တိုင်းရင်းသား ပြည်သူတို့၏လုပ်အားဖြင့် ပါဝင်တည်ဆောက်ခဲ့သည်။

ရန်ကုန်-မော်ဘီ ဆက်သွယ်ပေးသည့် အမှတ် (၄)လမ်းမကြီးကို တပ်မတော်သားများ၏ လုပ်အားဖြင့် ဤသို့ ဖောက်လုပ်ပေးခဲ့သည်။

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

ပြည်သူမှဖွား ပြည်သူ့သားကောင်းစစ်သည်တော်

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး မကြာမီပြည်တွင်းဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရာ တပ်မတော်အနေဖြင့် နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ရသည်။ တပ်မတော်၏ တိုက်ခိုက် နှိမ်နင်းမှုကြောင့် ပြည်တွင်းဆူပူသောင်းကျန်းမှု အရှိန်အဟုန် ကျဆင်းလာဆဲကာလမှာပင် တရုတ်ဖြူကူမင်တန်တပ်များ မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်လာခဲ့ကြသည်။

၁၉၄၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် တရုတ်ပြည် ယူနန်ပြည်နယ်တောင်ပိုင်းရှိ ကူမင်တန်တပ်များသည် တရုတ်ပြည်သူ့တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကို ခုခံနိုင်စွမ်းမရှိသောကြောင့် တပ်များဖရိုဖရဲဖြစ်ကာ မြန်မာနိုင်ငံ ပိုင်နက်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ကြခြင်း ဖြစ်သည်။

၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလ လဆန်းတွင် တရုတ်ဖြူတပ်သား ၂၀၀ခန့်သည် မိုင်းယန်းသို့လည်းကောင်း၊ မတ်လတွင် အင်အား ၁၅၀၀ ခန့်သည် ယင်းတို့၏ မိသားစုအင်အား ၅၀၀ ခန့်နှင့်အတူ ကျိုင်းတုံနယ်အတွင်းသို့လည်းကောင်း ဝင်ရောက်လာကြသည်။ တရုတ်ဖြူတပ်များသည် အရှေ့ဘက်တွင် မဲခေါင်မြစ်နှင့် အင်ဒိုချိုင်းနားနယ်စပ်၊ အနောက်ဘက်တွင် ကျိုင်းတုံ၊ တာချီလိတ်နှင့် တောင်ဘက်တွင် ထိုင်း-မြန်မာနယ်စပ်ဖြစ်သည့် တြိဂံဒေသ၌ စုရုံးတပ်စွဲခဲ့ကြသည်။ တရုတ်ဖြူတပ်များကို ဦးစီးခေါင်းဆောင်သူမှာ ဗိုလ်ချုပ်ကြီးလီမီ ဖြစ်သည်။

၁၉၅၀ပြည့်နှစ် ဇွန်လပထမပတ်တွင် တပ်မတော်က တရုတ်ဖြူတို့အား လက်နက်ချရန်နှင့် သို့မဟုတ်ပါက မြန်မာနိုင်ငံပိုင်နက်နယ်မြေအတွင်းမှ ထွက်ခွာသွားရန် ရာဇသံပေးခဲ့သည်။ သို့သော် တရုတ်ဖြူတို့က လက်နက်ချခြင်းမပြုနိုင်ကြောင်း၊ တပ်မတော်က ယင်းတို့အား တိုက်ခိုက်လာလျှင် ပြန်လည်တိုက်ခိုက်ရန်အသင့်ရှိကြောင်း ပြန်ကြားပြီး ကျိုင်းတုံ-တာချီလိတ်လမ်း မိုင်တိုင်(၈၁)မှ တာချီလိတ်အထိ သိမ်းပိုက်လိုက်ကြသည်။ ၁၉၅၀ ပြည့်နှစ် ဇွန်လ ဒုတိယပတ်တွင် တပ်မတော်က တရုတ်ဖြူတပ်များအား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကျိုင်းတုံ-တာချီလိတ်လမ်းရှိ တရုတ်ဖြူတပ်များကို ရှင်းလင်းနိုင်ခဲ့ပြီး တာချီလိတ်မြို့ကိုလည်း ထိုနေ့တွင်ပင် ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။ ထိုစဉ်က **တပ်မတော်အနေဖြင့် ပြည်တွင်းရှိ ရောင်စုံသောင်းကျန်းသူများ၏ ပုန်ကန်သောင်းကျန်းမှုများကို အပြင်းအထန် နှိမ်နင်းတိုက်ခိုက်နေရစဉ် ပြည်ပကျူးကျော်မှုတစ်ရပ်ဖြစ်သည့် ကေအမ်တီ တရုတ်ဖြူတို့၏ ကျူးကျော်မှုကိုလည်း တွန်းလှန်တိုက်ခိုက်နိုင်ခဲ့ခြင်းမှာ တပ်မတော်၏ နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ကြောင့်ပင် ဖြစ်သည်။ တပ်မတော်၏ လေးစားဂုဏ်ယူဖွယ် ဆောင်ရွက်ချက်တစ်ရပ်ပင်ဖြစ်သည်။**

တရုတ်ဖြူတပ်များသည် ကျိုင်းတုံ-တာချီလိတ်ကားလမ်းမှ ဆုတ်ခွာသွားပြီးနောက် မိုင်းဆတ်မြို့တွင် ပြန်လည်စုရုံးကြသည်။

၁၉၅၁ ခုနှစ် ဧပြီလတွင် တရုတ်ဖြူတပ်အင်အားမှာ ၄၀၀၀ ခန့်အထိ တိုးတက်များပြားလာခဲ့သည်။

တရုတ်ဖြူတပ်များသည် မိုင်းဆတ်တွင် အင်အား ၁၀၀၀ခန့်ကို ချန်ထားခဲ့ပြီးနောက် ကိုးကန့်နယ်၊ မိုင်းလင်းနယ်များသို့ တပ်ဖြန့်ချီတက်သွားကာ မိုင်းမောတွင် ဌာနချုပ်ဖွင့်လှစ်ကြသည်။ ကျိုင်းတုံနယ်မြောက်ဘက်ရှိ မိုင်းယန်းတွင်လည်း တရုတ်ဖြူတပ်အင်အား ၁၅၀၀ ခန့်က ဌာနချုပ် ဖွင့်လှစ်တပ်စွဲထားကြသည်။

၁၉၅၁ ခုနှစ် မေလပထမပတ်တွင် တရုတ်ဖြူတပ်များသည် မြန်မာ့ပိုင်နက်နယ်မြေကို အခြေပြု၍ ယူနန်ပြည်နယ်ကို နှစ်နေရာခွဲ၍ တိုက်ခိုက်ခဲ့သည်။ မိုင်းမောဌာနချုပ်ရှိ တရုတ်ဖြူတပ်များသည် ယူနန်ပြည်နယ် ကိုင်းမဒေသကို လည်းကောင်း၊ တောင်ဘက်ရှိ စစ်ဆောင်ပါနားကို လည်းကောင်း ဝင်ရောက်တိုက်ခိုက်ရာ တရုတ်ပြည်သူ့တပ်မတော်၏ တွန်းလှန်တိုက်ခိုက်မှုကြောင့် အကျအဆုံးများစွာဖြင့် မိုင်းမောဌာနချုပ်သို့ ဆုတ်ခွာခဲ့ရသည်။ တရုတ်ဖြူတပ်များက မြန်မာ့ပိုင်နက်နယ်မြေကို အခြေပြု၍ တရုတ်ပြည်ရှိ ယူနန်ပြည်နယ်ကို တိုက်ခိုက်သည့်လုပ်ရပ်မှာ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပျက်ပြားစေရန် လုပ်ဆောင်ချက် တစ်ရပ်ဖြစ်သည်။

၁၉၅၁ခုနှစ် နှစ်ကုန်ပိုင်းတွင် မိုင်းဆတ်သို့ ဆုတ်ခွာလာသည့် တရုတ်ဖြူတပ်အင်အားမှာ ၆၀၀၀ ခန့်ရှိသည်။

တရုတ်ဖြူတပ်များသည် ကျိုင်းတုံနယ်အတွင်းသို့ အလုံးအရင်းဖြင့် ပြန်လည်စုရုံးလာနိုင်ကြသော်လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် တကွဲတပြားစီဖြစ်ပြီး ကျန်ရှိနေသော တရုတ်ဖြူတပ်များလည်း ရှိခဲ့သည်။ ယင်းတရုတ်ဖြူတပ်များသည် သံလွင်မြစ်အရှေ့ဘက်ကမ်းဒေသများကို အနှောင့်အယှက်ပေးနေကြရာ ၁၉၅၁ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် တပ်မတော်က **ပင်လုံစစ်ဆင်ရေး** ဖြင့် ချေမှုန်းတိုက်ခိုက်ခဲ့သည်။ တရုတ်ဖြူတပ်များ အကျအဆုံးများစွာဖြင့် ကျိုင်းတုံနယ်အတွင်းသို့ ဆုတ်ခွာသွားကြသည်။

တရုတ်ဖြူတပ်များသည် ပထမ၌ သံလွင်မြစ်အရှေ့ဘက်ခြမ်းတွင်သာ လှုပ်ရှားကြသော်လည်း ၁၉၅၂ ခုနှစ် မတ်လမှစတင်၍ သံလွင်မြစ်အနောက်ဘက်ခြမ်းသို့ ကူးပြောင်းလှုပ်ရှားခဲ့ကြသည်။ တရုတ်ဖြူတပ်များသည် ပန်ယန်းတွင် ဌာနချုပ်ဖွင့်လှစ်ကာ မေလတွင် တရုတ်ဖြူတပ်အင်အား ၅၀၀ ခန့်သည် သံလွင်မြစ်ကို ဖြတ်ကျော်ပြီး မိုင်းရှူးနယ်သို့ ကျူးကျော်ဝင်ရောက်ခဲ့ကြသည်။

တရုတ်ဖြူတပ်များသည် ၁၉၅၁ခုနှစ် ဇွန်လမှစ၍ အင်အား ၄၀၀ ခန့်ဖြင့် မိုင်းဆတ်မှ သံလွင်မြစ်ကို ဖြတ်ကျော်ပြီး မိုင်းယန်းနယ်သို့ ကျူးကျော်ဝင်ရောက်ကာ ဒေသခံပြည်သူများအပေါ် နှိပ်စက်ညှဉ်းပန်းခဲ့ကြသည်။

၁၉၅၂ ခုနှစ် နှစ်လယ်ခန့်မှစ၍ တရုတ်ဖြူတပ်များသည် စစ်ရေးလှုပ်ရှားမှုများကို ပိုမိုပြုလုပ်လာကြသည်။ မူလက ယင်းတို့ တပ်စွဲထားသည့် နယ်မြေတွင်သာ အခြေချခဲ့ရာမှ ၁၉၅၂ခုနှစ် နှစ်လယ်ခန့်မှအစပြု၍ တရုတ်ဖြူတပ်များသည် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် တစ်ခုလုံးကို သိမ်းပိုက်ရန်၊ မြောက်ဘက်နယ်စပ်ဒေသတွင် အမြဲတမ်းစစ်စခန်းတစ်ခုကို တည်ဆောက်ရန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် သောင်းကျန်းသူ အင်အားစုများနှင့် ပူးပေါင်းပြီး နိုင်ငံတော်၏ လွတ်လပ်ရေးကို ထိပါးရန် ကြိုးပမ်းလာခဲ့ကြသည်။

၁၉၅၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် တရုတ်ဖြူတပ်အင်အား ၁၀၀၀ခန့်သည် မူဆယ်၊ မုံးယုနှင့် ကြူကုတ်တို့ကို တိုက်ခိုက်ကြရာ တပ်မတော်က ကြံ့ကြံ့ခံပြီး ခုခံတိုက်ခိုက်ချေမှုန်းနိုင်သောကြောင့် တရုတ်ဖြူတပ်များ အထိအခိုက် အကျအဆုံးများစွာဖြင့် ဆုတ်ခွာသွားကြသည်။

အလားတူ ၁၉၅၃ခုနှစ် မတ်လ ပထမပတ်တွင် တပ်မတော်က မဟာစစ်ဆင်ရေးဖြင့် တရုတ်ဖြူတပ်များကို နှိမ်နင်းတိုက်ခိုက်ရာ တရုတ်ဖြူတပ်များသည် အကျအဆုံးများစွာဖြင့် သံလွင်မြစ်ကို ဖြတ်ကျော်ပြီး ဆုတ်ခွာသွားကြသည်။

တပ်မတော်သည် ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းချေမှုန်းနေစဉ်ကာလတွင်ပင် တရုတ်ဖြူတို့၏ ကျူးကျော်မှုအန္တရာယ်ကို ပြင်းထန်စွာ ရင်ဆိုင်နေရလျက်ရှိသည်။ သို့သော် **တပ်မတော်၏ ရည်မှန်းချက် ပန်းတိုင်သည် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဖြစ်ရာ ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရေးအတွက် တပ်မတော်သည် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားတိုက်ခိုက်ချီတက်ခဲ့ကြသည်။**

၁၉၅၃ခုနှစ်တွင် တရုတ်ဖြူတို့သည် စစ်ဒေသအလိုက် ဖြန့်ခွဲထားသော ခန့်မှန်းခြေအင်အားမှာ အမှတ်(၁)စစ်ဒေသ သံလွင်အရှေ့ခြမ်း မိုင်းရှူးနှင့် ပန်ယန်းဒေသတွင် အင်အား ၄၀၀၀ ခန့်၊ အမှတ်(၂)စစ်ဒေသ အရှေ့မြောက်ဒေသ နမ့်ခမ်း၊ မူဆယ်ဒေသတွင် အင်အား ၃၀၀၀ ခန့်၊

မြင့်ဝေလှိုင်

အမှတ်(၃)စစ်ဒေသ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းပန်ဒေသများတွင် အင်အား ၄၀၀၀ ခန့်၊ မော်ချီး၊ လွိုင်းဘွဲနှင့် ကရုပ္ပိနယ်များတွင် အင်အားမှာ ၁၀၀၀ ခန့်ရှိပြီး တရုတ်ဖြူတပ်များ၏ စုစုပေါင်းအင်အားမှာ ၁၂၀၀၀ ခန့်ဖြစ်သည်။

၁၉၅၃ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ကေအမ်တီ တရုတ်ဖြူ ကျူးကျော်မှုပြဿနာကို ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးသို့ တင်ပြရန် မြန်မာနိုင်ငံအစိုးရက ဆုံးဖြတ်လိုက်သည်။ မတ်လ ၂၅ ရက်နေ့တွင် တရုတ်ဖြူကျူးကျော်မှုပြဿနာကို ကုလသမဂ္ဂအဖွဲ့ချုပ်သို့ တရားဝင်တိုင်ကြားလိုက်သည်။

၁၉၅၃ ခုနှစ် ဧပြီလ၌ ကုလသမဂ္ဂတွင် တရုတ်ဖြူကိစ္စနှင့်ပတ်သက်၍ တရုတ်ဖြူတပ်များ မြန်မာ့မြေမှ ထွက်ခွာပေးရန် အဆိုကို မဲခွဲရာ နိုင်ငံပေါင်း ၆၀အနက် ထောက်ခံမဲ ၅၉မဲ၊ ကြားနေမဲတစ်မဲ၊ ကန့်ကွက်မဲမရှိဖြင့် အနိုင်ရရှိခဲ့သည်။ သို့ရာတွင် အမေရိကန်နိုင်ငံ၏ ကြားဝင်စွက်ဖက်လာသည့် ပယောဂကြောင့် တရုတ်ဖြူတို့က လိုက်နာခြင်း မရှိခဲ့ချေ။

ဤနေရာတွင် အမေရိကန်တို့ဖွဲ့စည်းထားသော စီအိုင်အေတို့၏ မြန်မာနိုင်ငံအတွင်း ခြေရှုပ်မှုမှာ မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပြိုကွဲမည့် အခြေအနေသို့ ဦးတည်စေခဲ့သည်။ မြန်မာအစိုးရက တရုတ်ဖြူတို့၏ ကျူးကျော်မှုကို ကုလသမဂ္ဂသို့ တိုင်ကြားခဲ့သော်လည်း အမေရိကန်တို့က ပါဝင်ကူညီဟန်ဖြင့် ၎င်းတို့ ကိုယ်တိုင်က တရုတ်ဖြူတို့ကို ရှမ်းပြည်နယ် တောင်တန်းများတွင် အခိုင်အအမာခြေကုပ်ယူ နေထိုင်ခွင့်ရရန် လိုလားခဲ့သည်။ တရုတ်ဖြူတပ်များ ရှမ်းပြည်နယ် တောင်တန်းများတွင် ရေရှည် ခြေကုပ်ယူနိုင်ရန်မှာ ထိုတောင်တန်း ဒေသများသည် မြန်မာနိုင်ငံမှ ခွဲထွက်မှသာ ဖြစ်နိုင်ကြောင်း ၎င်းတို့ သိထားသည်။ ထို့ကြောင့် စီအိုင်အေအဖွဲ့ကို ဝင်ရောက်ခြေရှုပ်စေခဲ့သည်။ စီအိုင်အေတို့ သည် ရှမ်းပြည်နယ်ကို မြန်မာ နိုင်ငံမှ ခွဲထွက်စေရန်အတွက် အစွမ်းကုန် ကြိုးစားခဲ့သည်။ ရှမ်း စော်ဘွားများကို သွေးထိုး လှုံ့ဆော်ပေးခဲ့သည်။ စီအိုင်အေတို့၏ သွေးထိုး လှုံ့ဆော်မှုကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပြိုကွဲရတော့မည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည်။

တရုတ်ဖြူ ကျူးကျော်ရေးတပ်များကို တိုက်ခိုက်ချေမှုန်းရာ၌ တပ်မတော်(လေ)ကလည်း ဤသို့ပါဝင်ဆင်နွှဲခဲ့သည်။

ဤမျှမက အမေရိကန်တို့သည် တရုတ်ဖြူတပ်များအတွက် လက်နက် ခဲယမ်းများကို စစ်လေယာဉ်ဖြင့် ပေးပို့ခဲ့သည်ကို မြန်မာ့တပ်မတော် က သိမ်းဆည်းရမိခဲ့သည်။ ထို့ကြောင့် အမေရိကန်တို့၏ မြန်မာ့ပြည်တွင်းရေး စွက်ဖက်မှုကို ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ကုလသမဂ္ဂသို့ အထောက်အထားဖြင့် ကန့်ကွက်တိုင်ကြားခဲ့သည်။

တရုတ်ဖြူတပ်များ မြန်မာနိုင်ငံအတွင်း ကျူးကျော်ခဲ့ရာတွင် ၁၉၅၀ ပြည့်နှစ်မှစ၍ ၁၉၆၁ ခုနှစ်တိုင်အောင်ပင်ဖြစ်သည်။ မြန်မာ့တပ်မတော်သည် တရုတ်ဖြူတို့၏ ကျူးကျော်မှုကို စစ်ဆင်ရေးများ ဆင်နွှဲ၍အသက်၊သွေး၊ချွေးပေးဆပ်ကာ တိုက်ပွဲဝင်ခဲ့ရာ၌ ၁၉၅၀ ပြည့်နှစ် ဇွန်လတွင် ကျိုင်းတုံ၊ တာချီလိတ် ရှိ တရုတ်ဖြူတပ်များအား ကျိုင်းတုံစစ်ဆင်ရေးဖြင့် လည်းကောင်း၊ ၁၉၅၁ ခုနှစ် ဖေဖော်ဝါရီလနှင့် အောက်တိုဘာလများတွင် မွန်ရဲ၊ နောင်လင်း၊ ကျိုင်းတုံ၊ နန့်မွန်၊ ပင်လုံ၊ ပန်ယန်းစသည့် နယ်မြေများ၌ **ဖရော့စ်၊ မော်၊ ပန်လုံစစ်ဆင်ရေး** များဖြင့်လည်းကောင်း၊ ၁၉၅၂ ခုနှစ် မတ်လတွင် ကြူကုတ်၊ မုံးယု၊ ကျိုင်းတုံ၊ တောင်ကြီးဒေသများ၌ **မိုးကြိုးအထူးစစ်ဆင်ရေး** ဖြင့် လည်းကောင်း၊ ယင်းနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ဝမ်ပစ်၊ မိုင်းပုအောင်၊ ဗန်းမော်အရှေ့ဘက် **ဘုရင့်နောင်အထူးစစ်ဆင်ရေး** ဖြင့်[...] ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း[...] ကမ်းရိုးတန်းဒေသများဖြစ်သည့် ကရုပ္ပိ[...] သောင်းကျန်းသူများနှင့် ကူမင်တ[...] **စစ်ဆင်ရေး** ဖြင့်လည်းကောင်း၊ ၎င်းနှ[...] မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းပွန်၊ မိုင်းပြင်း၊ ဝ[...] အရှေ့တောင်နှင့် အနောက်ပိုင်း နယ်[...] **ကျော်ထွန်း၊ အောင်လမ်းစစ်ဆင် ရေး**[...] နိုဝင်ဘာလအတွင်း၌ မော်ချီး၊ ကျိုင်း[...]



အမေရိကန်တို့၏ ဝင်ရောက်[...] ဖေဖော်ဝါရီ ၁၅ ရက်နေ့ထုတ် [...] ဖော်ပြခဲ့သည်။

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

ကျူးကျော်မှုကို စစ်ဆင်ရေးများ ဆင်နွှဲ၍အသက်၊သွေးချွေးပေးဆပ်ကာ တိုက်ပွဲဝင်ခဲ့ရာ၌ ၁၉၅၀ ပြည့်နှစ် ဇွန်လတွင် ကျိုင်းတုံ၊ တာချီလိတ် ရှိ တရုတ်ဖြူတပ်များအား ကျိုင်းတုံစစ်ဆင်ရေးဖြင့်လည်းကောင်း၊ ၁၉၅၁ ခုနှစ် ဖေဖော်ဝါရီလနှင့် အောက်တိုဘာလများတွင် မွန်ရဲ၊ နောင်လင်း၊ ကျိုင်းတုံ၊ နန့်မွန်၊ ပင်လုံ၊ ပန်ယန်းစသည့် နယ်မြေများ၌ **ဖရော့စ်၊ မော်၊ ပန်လုံစစ်ဆင်ရေး**များဖြင့်လည်းကောင်း၊ ၁၉၅၂ ခုနှစ် မတ်လတွင် ကြူကုတ်၊ မုံးယု၊ ကျိုင်းတုံ၊ တောင်ကြီးဒေသများ၌ **မိုးကြိုးအထူးစစ်ဆင်ရေး** ဖြင့်လည်းကောင်း၊ ယင်းနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ဝမ်ပစ်၊ မုံးပင်း၊ ဝမ်နောင်၊ မိုင်းပြင်း၊ မိုင်းပုအောင်၊ ဗန်းမော်အရှေ့ဘက် ဆင်လွန်း စသည့်ဒေသများ၌ **ဘုရင့်နောင်အထူးစစ်ဆင်ရေး** ဖြင့်လည်းကောင်း၊ ၁၉၅၃ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်းတွင် မွန်ပြည်နယ်နှင့် တနင်္သာရီ ကမ်းရိုးတန်းဒေသများဖြစ်သည့် ကရုပ္ပိ၊ ပင၊ ကော့ဒွတ်၊ လမိုင်းဒေသများရှိ သောင်းကျန်းသူများနှင့် ကူမင်တန်တရုတ်ဖြူတပ်များကို **သီရိစစ်ဆင်ရေး** ဖြင့်လည်းကောင်း၊ ၎င်းနှစ်မတ်လမှ ဧပြီလအထိ မိုင်းယု၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းပွန်၊ မိုင်းပြင်း၊ ဝမ်ဆာလာ၊ ကျိုင်းတုံအရှေ့မြောက်၊ အရှေ့တောင်နှင့် အနောက်ပိုင်း နယ်မြေများတွင် **မဟာ၊ နဂါးနိုင်၊ ကျော်ထွန်း၊ အောင်လမ်းစစ်ဆင် ရေး**များဖြင့်လည်းကောင်း၊ ဇွန်လမှ နိုဝင်ဘာလအတွင်း၌ မော်ချီး၊ ကျိုင်းတောင်း၊ ကျိုင်းခမ်း၊ ဝမ်တာလုံ၊ ကွတ်ခိုင်ဒေသများတွင် **ကလူ၊ ကန်တော်ကြီး၊ သမိန်၊ ချယ်ရီစစ်ဆင်ရေး**များဖြင့် လည်းကောင်း တိုက်ခိုက်နှိမ်နင်းခဲ့သည်။



၁၉၆၁ ခုနှစ် မဲခေါင်စစ်ဆင်ရေးတွင် သိမ်းဆည်းရမိခဲ့သည့် အမေရိကန်နိုင်ငံလုပ် စက်သေနတ်ကြီးများနှင့်ခဲယမ်းများကို တွေ့ရစဉ်။

၁၉၅၄ ခုနှစ်သို့ ရောက်သောအခါ မြန်မာနိုင်ငံပိုင်နက်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်လာသော တရုတ်ဖြူတပ်အင်အားမှာ တပ်မသုံးခုမျှ အင်အားကြီးမားနေပြီး ဒေသခံတိုင်းရင်းသားပြည်သူများထံမှ အဓမ္မလုယက်စားသောက်၍ တိုင်းရင်းသားပြည်သူများကို ထိပါးစော်ကားလာပြန်သည်။ ထို့ကြောင့် မြန်မာ့တပ်မတော်က ဇန်နဝါရီလတွင် မောက်မယ်၊ လင်းခေးတောင်ပိုင်း၊ ဝမ်စလောင်းနှင့် ကဒူးကြီးဒေသများ၌ **ယုဇန စစ်ဆင်ရေး**၊ မတ်လ တွင် မိုင်းတုံ၊ မိုင်းဟန်တောင်ကြား၊ မိုင်းဆတ်၊ မိုင်းပုအောင်ဒေသများ ၌ **ဘုရင့် နောင်စစ်ဆင်ရေး**၊ မြဝတီလမ်းခွဲ၊ သင်္ကန်းညိုနောင်၊ ထိုင်းနယ်စပ်ဒေသတစ်ဝိုက်ရှိ တရုတ်ဖြူတပ်များအား **ဆင်ဖြူရှင်စစ်ဆင်ရေး**တို့ဖြင့် လည်းကောင်း အပြင်းအထန် တိုက်ခိုက်ချေမှုန်းခဲ့သည်။ ၁၉၅၅ ခုနှစ် မတ်လမှ မေလအထိ မိုင်းယောင်း၊ လွယ်လန်းဒေသများရှိ တရုတ်ဖြူ တပ်များအား **ရန်ကြီးအောင် စစ်ဆင်ရေး**ဖြင့် တိုက်ခိုက်ချေမှုန်းပြီး တရုတ်ဖြူအကြွင်းအကျန်များကို ရှင်းလင်း သုတ်သင်ခဲ့သည်။

၁၉၅၆ ခုနှစ်မှ ၁၉၆၁ ခုနှစ်အကြား ၅နှစ်တာကာလအတွင်းတွင် တရုတ်ဖြူတို့အား ဒေသန္တရ စစ်ဆင်ရေးငယ်များဖြင့် တိုက်ခိုက်ခဲ့သည်။ ထိုကာလအတွင်း တရုတ်ဖြူတပ်များသည် မိုင်းပါလျှို့ရွာတွင် လက်နက် ခဲယမ်းမီးကျောက်၊ ရိက္ခာနှင့် လူအင်အားဖြည့်တင်းရာ လေယာဉ်ကွင်း တစ်ကွင်း အပါအဝင်အင်အား၅၀၀ခန့်၊ကျိုင်းလတ်တွင် အင်အား ၉၅၀ ခန့်၊ မိုင်းပါလျှို့နှင့် တာလေအကြားရှိ မိုင်းလင်းတွင် တပ်မတော်၏ ထိုးစစ်ကိုဟန့်တားရန် အင်အား ၆၀၀ခန့် စုစုပေါင်း အင်အား ၂၀၀၀ ကျော်ဖြင့် စုစည်းခဲ့ကြသည်။

ထို့ကြောင့် တပ်မတော်သည် ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့မှစတင်၍ **မဲခေါင်စစ်ဆင်ရေး**ဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ရာ ၁၉၆၁ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့အတွင်း မိုင်းလင်းမြို့တစ်ဝိုက်ရှိ တရုတ်ဖြူတို့ အခိုင်အမာတပ်စွဲထားသောတပ်စခန်းများကို လည်းကောင်း၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဝမ်ပါဝါကို လည်းကောင်း ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ မဲခေါင်စစ်ဆင်ရေးတွင် တပ်မတော်မှခြေလျင်တပ်ဖွဲ့များသာမက တပ်မတော်(လေ)မှ တိုက်လေယာဉ်များဖြင့်လည်း တရုတ်ဖြူတပ်စခန်းများကို ချေမှုန်းတိုက်ခိုက်ရာ ၁၉၆၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မိုင်းပါလျှို၊ ကျိုင်းလတ်ဒေသများနှင့်တကွ တရုတ်ဖြူတို့ကိုင်ဆောင်သော ခေတ်မီလက်နက်ကြီးများ၊ ခဲယမ်းမီးကျောက်များ၊ ရိက္ခာနှင့်အသုံးအဆောင် ပစ္စည်းများအမြောက်အမြားသိမ်းဆည်းရမိသည်။ မဲခေါင်စစ်ဆင်ရေးတွင်၁၉၆၁ခုနှစ် ဖေဖော်ဝါရီလ၁၅ရက်နေ့၌ တပ်မတော်(လေ)မှ ဗိုလ်မောင်သိန်း၊ ဗိုလ်ပီတာ၊ ဗိုလ်ချစ်ခိုင်တို့ မောင်းနှင်သည့် ဆီးဖြူရီတိုက်လေယာဉ်သုံးစင်းသည် ကျိုင်းတုံမှ ဝမ်ပါဆန်ရွာပေါ်သို့ ကင်းလှည့်ပျံသန်းစဉ် ရန်သူလေယာဉ်တစ်စင်းက စတင်ပစ်ခတ်တိုက်ခိုက်သောကြောင့် တပ်မတော်(လေ)မှလည်း ပြန်လည်ပစ်ခတ်တိုက် ခိုက်ရာ ရန်သူ့လေယာဉ်မှာ မီးလောင်ပျက်စီးသွားသည်။ တပ်မတော် (လေ)မှလည်း ဗိုလ်ပီတာ တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရသည်။

ဤသို့ တပ်မတော်မှ **မဲခေါင်စစ်ဆင်ရေး**ကြီးကို အောင်မြင်စွာဆင်နွှဲလိုက်သောကြောင့် မြန်မာ့နယ်မြေပေါ်တွင် ၁၁နှစ်ကြာ ကျူးကျော်ဝင်ရောက်ခဲ့ကြသော တရုတ်ဖြူ တပ်များသည် မဲခေါင်မြစ်ကို ဖြတ်ကျော်၍ တစ်ဖက်နိုင်ငံများအတွင်းသို့ အလုံးအရင်းဖြင့် ဆုတ်ခွာထွက်ပြေးသွားကြသည်။ ထိုမှတစ်ဆင့် တရုတ်ဖြူတပ်ဖွဲ့ဝင်များနှင့်မိသားစု များသည် ဖော်မိုဆာသို့ တစ်သုတ်ပြီးတစ်သုတ် ထွက်ခွာသွားကြတော့သည်။



၁၉၆၁ ခုနှစ်တွင် တရုတ်ဖြူ ကျူးကျော်ရေးတပ်များက ဤကဲ့သို့ အဖျက်လုပ်ငန်းများ ပြုလုပ်ခဲ့ကြသည်။

ဤသမိုင်းဖြစ်စဉ်များကို ကြည့်လျှင် မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးရပြီးစကာလမှာပင် ပြည်တွင်းဆူပူသောင်းကျန်းမှုနှင့် ပြည်ပကျူးကျော်မှုတို့ကို တစ်ပြိုင်တည်း တိုက်ခိုက်နှိမ်နင်းခဲ့ကြရကြောင်း တွေ့ရှိရမည် ဖြစ်သည်။ တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ ရေးအတွက် တိုက်ပွဲပေါင်းများစွာ ရင်ဆိုင်ဆင်နွှဲခဲ့ရသည်။ အသက်ပေါင်း များစွာပေးလှူခဲ့ရသည်။

လွတ်လပ်ပြီးစ မြန်မာနိုင်ငံကို ကျူးကျော်ထိပါးလာသော တရုတ်ဖြူကျူးကျော်ရေးတပ်များကို ရွပ်ရွပ်ချွံချွံ တိုက်ခိုက် ချေမှုန်းခဲ့သည့် မြန်မာ့တပ်မတော်သားများ။

သို့သော် တပ်မတော်သားများသည် ပြည်သူကြားက ပေါက်ဖွားလာသည့် ပြည်သူ့သားကောင်း စစ်သည်တော်များပီပီ တိုင်းပြည်နှင့် လူမျိုးအတွက် အသက် သွေး ချွေး စဉ်မနေး ပေးဆက်မည်သာ ဖြစ်ပါသည်။ မိဘပြည်သူများအတွက် ရဲစွမ်းသတ္တိပြည့်ဝစွာဖြင့် လေ့စွက်ချည်းကျန် အလံမလှဲ တိုက်ပွဲဝင် နေမည်သာ ဖြစ်ပါသည်။ ဤသည်မှာ တပ်မတော်၏ အစဉ် မပြောင်းလဲသော သံမဏိ စိတ်ဓာတ်ပင် ဖြစ်ပါသည်။ ။

အမေရိကန်တို့၏ ဝင်ရောက်စွက်ဖက်မှုကို ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဤသို့ ဖော်ပြခဲ့သည်။

တပ်မတော်သားများသည် ပြည်သူကြားက ပေါက်ဖွား လာသည့် ပြည်သူ့သားကောင်း စစ်သည်တော်များပီပီ တိုင်းပြည်နှင့် လူမျိုးအတွက် အသက် သွေး ချွေး စဉ်မနေး ပေးဆက်မည်သာ ဖြစ်ပါသည်၊ မိဘပြည်သူများ အတွက် ရဲစွမ်းသတ္တိပြည့်ဝစွာဖြင့် လေ့စွက်ချည်းကျန် အလံမလှဲ တိုက်ပွဲဝင် နေမည်သာ ဖြစ်ပါသည်၊ ဤသည်မှာ တပ်မတော်၏ အစဉ်မပြောင်းလဲသော သံမဏိ စိတ်ဓာတ်ပင် ဖြစ်ပါသည်၊

အားကစားဖြင့်နိုင်ငံ့ဂုဏ်သိက္ခာမြင့်မားရေးတွင်ဘောလုံးအားကစားနည်းသည်အဓိကဖြစ် ပြိုင်ဘက်နိုင်ငံများ၏နည်းစနစ်ပိုင်းဆိုင်ရာတိုးတက်ပြောင်းလဲမှုမျက်ခြည်မပြတ်လေ့လာ အားကစားသမားများ၏စိတ်ပိုင်းရောရုပ်ပိုင်းပါခိုင်ကျည်မြင့်မားအောင်ပျိုးထောင်

ရန်ကုန် မတ် ၁၃

မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်ရှိ အားကစားဝန်ကြီးဌာန အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ဆွေးနွေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျိုက္ကဆံကွင်းအတွင်း ဘောလုံးလေ့ကျင့်ရေး ကွင်းသစ်များ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က နိုင်ငံတော်ဝန်ကြီးချုပ် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၂ရက်က သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်းသို့ ရောက်ရှိစဉ် မြန်မာ့ဘောလုံးအားကစားအဆင့်အတန်းမြင့်မားရေး၊ ဘောလုံးအသင်း ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာတောင့်တင်းခိုင်မာရေးလမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားမှု၊ ရန်ကုန်တိုင်းအတွင်း၌ ဘောလုံးကွင်းသစ်များ တည်ဆောက်ခြင်းနှင့် အဆင့်မြင့် ပြန်လည်ပြုပြင်မွမ်းမံမှု လုပ်ငန်းများ အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးဝင်းအောင်က ၂၀၀၄ အပြည်ပြည်ဆိုင်ရာ ဘောလုံးပြိုင်ပွဲများကျင်းပမည့် အခြေအနေနှင့်မြန်မာဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ပြည်တွင်းဘောလုံးအားကစားပြိုင်ပွဲများကျင်းပယှဉ်ပြိုင်နေမှု၊ လက်ရွေးစင်အားကစားသမားများရွေးချယ်မှု၊ ပဏာမ လက်ရွေးစင် အားကစားသမားများအား ကျွေးမွေးမှုအစီအစဉ်နှင့် အာဟာရတွက်ချက်မှု၊ အားကစားသမား အိပ်ဆောင်များ ပြင်ဆင်မွမ်းမံမှု၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာ ဘောလုံးအားကစားဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။

အလေးအနက်ထား

ယင်းနောက်မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာတွင် မြန်မာ့ဘောလုံးအားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ခေတ်မီစနစ်ကျနသည့် ဘောလုံးကွင်းများ ထူထောင်ပေးမှုများ အပါအဝင် ဘောလုံးအားကစားကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအမံများကို နိုင်ငံတော်အစိုးရက အလေးအနက်ထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာ့ဘောလုံးအားကစားသမားများ ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းရေးအတွက်သာမက စိတ်ဓာတ်ရေးရာ တိုးတက်မြင့်မားရေးအတွက်ပါဦးတည်ပြီး အားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

မြန်မာ့ဘောလုံး အားကစားလက်ရွေးစင်များ ရွေးချယ်မှု စနစ်ကျနမှန်ကန်ရေး၊ လေ့ကျင့်ပျိုးထောင်ပေးမှု ခေတ်မီနည်းစနစ်ကျရေးတို့အတွက် လိုအပ်သည့် ဖွဲ့စည်းမှုများ၊ အခြေခံအဆောက်အအုံများထူထောင်ပေးထားပြီး ဖြစ်ကြောင်း။

ဘောလုံးအားကစားသမားများ၏ နေထိုင်စားသောက်မှုကအစ အဆင့်အတန်းမြင့်မြင့်မားမား နေထိုင်နိုင်အောင် နေ့စဉ်စားသုံးမှု၌ လိုအပ်သည့်ကယ်လိုရီပြည့်ဝစွာ စားသုံးနိုင်ရေး၊ လိုအပ်သည့် ပရိုတင်းဓာတ်၊ အဆီဓာတ်၊ ကာဘွန်ဟိုက်ဒရိတ်ဓာတ်များ အချိုးအစား ညီညွတ်မှန်ကန်ရေး၊ အင်အားဖြည့် အစားအစာများဖြစ်စေရေးတို့အတွက် ဆရာဝန်များ၊ ဆေးပညာရှင်များနှင့် အနီးကပ် အကြံပြုကြီးကြပ် ဆောင်ရွက်ပေးစေလျက်ရှိကြောင်း။

ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်သန်စွမ်းရေး၊ ရောဂါဘယ ကင်းစင်ရေးတို့အတွက် အားကစားသမား တစ်ဦးချင်း၏ ကျန်းမာရေးမှတ်တမ်းများထားရှိစေပြီး ဘောလုံးတစ်သင်းချင်းအတွက် သီးခြား ဆရာဝန်များတာဝန်ပေးအပ်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း။

စိတ်ပိုင်းရုပ်ပိုင်းပျိုးထောင်

ထို့အပြင် အားကစားသမားများ၏ စိတ်ဓာတ်ရေးရာ ခိုင်ကျည်မြင့်မားမှု ဖြစ်ထွန်းလာအောင် တစ်ဦးချင်းကို အာရုံစူးစိုက်ဂရုပြု ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ စိတ်ဓာတ်ရေးရာ အင်အားခိုင်မာတောင့်တင်းမှုသာ ကိုယ်ခန္ဓာကျန်းမာ ကြံ့ခိုင်မှုနှင့်ပေါင်းစပ်ပြီး အားကစားသမားကောင်း တစ်ဦးဖြစ်လာမည်ဆိုသည့် ခံယူချက်ဖြင့် စိတ်ပိုင်းရော ရုပ်ပိုင်းပါ ပြုစုပျိုးထောင်ပေးနေခြင်းလည်းဖြစ်ကြောင်း။

ထို့အပြင် မြန်မာနိုင်ငံဘောလုံးအားကစားအဖွဲ့ချုပ်ကို အားသစ်လောင်း ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး ဘောလုံးအားကစားဆိုင်ရာ ဌာနတာဝန်ခံများ ခန့်အပ်တာဝန်ပေးအပ်မှုများကိုလည်း ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

သို့ဖြစ်၍မြန်မာ့ဘောလုံး အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အပိုင်းက ဘက်စုံကဏ္ဍစုံတွင်ပြန်လည်ထူထောင်ပေးနေသည်မှာ ပေါ်လွင်ထင်ရှားနေပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါ၌ နိုင်ငံတကာတွင် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် ဘောလုံးအားကစားကို အမျိုးသားအားကစားအဖြစ် ခံယူလျက် ဘောလုံးအားကစား တိုးတက်မြင့်မားအောင်ကြိုးပမ်း ဆောင်ရွက်နေကြသည်ကို တွေ့နိုင်ကြောင်း။

ထို့ကြောင့် အားကစားဖြင့်နိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားစေရေး၊ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်တင်နိုင်ရေးတို့တွင် ဘောလုံးအားကစားနည်းသည် အဓိကအခန်းကဏ္ဍကပါဝင်လျက်ရှိနေကြောင်း။

တစိုက်မတ်မတ်ကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် "မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်"ဆိုသည့် မွန်မြတ်မြင့်မားသည့် ရည်မှန်းချက်ဖြင့် အမျိုးသားအားကစားကဏ္ဍမြင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းရည်မှန်းချက်ကို မမေ့မပျောက်စေဘဲ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ရည်မှန်းထားချက်အတိုင်းအောင်မြင်ပြည့်မြောက်စေရမည်ဆိုသည့် ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သန္နိဋ္ဌာန်စိတ်ဓာတ်တို့ဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

မိမိတို့အားထုတ်ကြိုးစားနေသကဲ့သို့ အခြားသော နိုင်ငံများလည်း အားထုတ်ကြိုးစားနေသည်။ အလားတူပင် မိမိတို့၏အားကစားစွမ်းဆောင်ရည် တိုးတက်မြင့်မားလာသကဲ့သို့ အခြားသော နိုင်ငံများလည်းစွမ်းဆောင်ရည် တိုးတက်လာနေမည် ဖြစ်သည်ကို သိမြင်နားလည် သဘောပေါက်ပြီး ခုန်ပျံကျော်လွှားတိုးတက်ပါမှ နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်ပန်းဆွတ်ခူးနိုင်မည် ဆိုသည့် စိတ်ဓာတ်ဖြင့် အားသွန်ခွန်စိုက်ကြိုးစားအားထုတ်သွားရန်မှာကြားလိုကြောင်း။

ကျော်လွန်အောင်အားထုတ်

ယှဉ်ပြိုင်ဘက်နိုင်ငံများ၏ အားကစားအဆင့်အတန်း တိုးတက်မှု၊ နည်းစနစ်ပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှု၊ နိုင်ငံတော်နှင့်ပြည်သူတို့၏ အားပေးချီးမြှောက်မှုများ အပါအဝင် တိုးတက်ဖြစ်ထွန်းမှုများကို မျက်ခြည်မပြတ် လေ့လာဆန်းစစ်ပြီး တိုးတက် ကျော်လွန်အောင် ကြိုးစားအားထုတ်ကြရန် လိုကြောင်း။

မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဖွဲ့စည်းမှု၊ လေ့ကျင့်ပျိုးထောင်မှု၊ ပြုစုစောင့်ရှောက်မှု၊ နေထိုင်စားသောက်မှုတို့ကအစ အဘက်ဘက်က အဆင့်အတန်းမြင့်မားစေရအောင် အားပေးစောင့်ရှောက်နေချိန်တွင် မြန်မာ့ဘောလုံးအားကစားသမား မောင်မယ်များကလည်း အားကစားစိတ်ဓာတ်မြင့်မားတက်ကြွစွာဖြင့် အားစိုက်ခွန်စိုက် အားကြိုးမာန်တက် ကြိုးစားအားထုတ်လေ့ကျင့်သွားကြရန်မှာကြားလိုကြောင်း။

မြန်မာ့ဘောလုံးအားကစားကဏ္ဍ စနစ်ကျနစွာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံကဏ္ဍစုံက ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရန်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အစည်းအဝေး ခန်းမအတွင်း ခင်းကျင်းပြသထားသော အားကစားသမား ဝတ်စုံနှင့် အသုံးအဆောင်ပစ္စည်းများကိုကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် သုဝဏ္ဏ လူငယ်လေ့ကျင့်ရေးစခန်းသို့ရောက်ရှိပြီး အားကစားသမားများ အိပ်ဆောင်နှင့် စားရိပ်သာပြင်ဆင်မွမ်းမံထားမှု၊ ဘောလုံးအားကစားသမားများပြုစုကျွေးမွေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ကျိုက္ကဆံကွင်းအတွင်း ဘောလုံးလေ့ကျင့်ရေးကွင်းသစ်များ တည်ဆောက်နေမှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

မော်လမြိုင်မိုးကုတ်စခန်းပွဲ

ရန်ကုန် မတ် ၁၃

မော်လမြိုင်မြို့ ဈေးချို တောင်ဝိုင်းရပ်ကွက် ဓမ္မရက္ခိတမိုးကုတ်ဝိပဿနာရိပ်သာကြီးတွင် နှစ်စဉ် ကျင်းပလျက်ရှိသော (၃၁)ကြိမ်မြောက် မိုးကုတ်ခုနစ်ရက် တရားစခန်းပွဲကြီးကို ရန်ကုန်မြို့ ဒေါပုံ နတ်စင်ကုန်းကျောင်းနယ်လှည့် ဓမ္မကထိကဆရာတော် အရှင်မာနိတနှင့်နယ်လှည့်သာသနာပြုမိုးကုတ်ဓမ္မကထိကကမ္မဋ္ဌာနာစရိယ လူမှုထူးချွန်(ဒုတိယဆင့်)မော်လမြိုင်တောင်ဝိုင်းဆရာတော် ချင်းတွင်း အရှင်ကလျာဏ၊ မော်လမြိုင်ဓမ္မဝန်ဆောင်ဆရာဦးအောင်ဝင်းတို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဥာဏ်ရောက်သဘောပေါက်အောင် ရှင်းလင်းဟောကြားပြသမည်ဖြစ်သည်။ **(က-ပ)**

မတ် ၇ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ် (၃)ရပ်ကွက် အမှတ် (၂)အခြေခံပညာမူလတန်းကျောင်း မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းရီက မဝင်းပပကျော် အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

✳ ကမ္ဘာ့ဗုဒ္ဓဘာသာမှ

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံပြီး နိုင်ငံတကာအဆင့်မီ အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေးများ အကြိမ်ကြိမ် ကျင်းပခဲ့ပြီးဖြစ်သကဲ့သို့ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ကျင်းပမည့်နေ့ရက်မှာလည်း တဖြည်းဖြည်းနီးကပ်လာခဲ့ပြီဖြစ်ကြောင်း။

ယင်းသို့ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့ကြသည့်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအတော်များများ ပြီးစီးခဲ့ပြီဖြစ်သဖြင့် လုပ်ငန်း တိုးတက်ဖြစ်ထွန်းမှုများကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

တွက်ချက်ပြင်ဆင်ရန်လို

သို့ရာတွင် ထိပ်သီးညီလာခံကြီး တဖြည်းဖြည်းနီးကပ်လာပြီဖြစ်သည့်အလျောက် ညီလာခံအခမ်းအနားအတွက် လက်တွေ့ဆောင်ရွက်ရမည့် အသေးစိတ်လုပ်ငန်းများ၊ အစီအစဉ်များ၊ အစီအမံများကို ကြိုတင်စီမံတွက်ချက်ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်လာပြီဖြစ်ကြောင်း။

နိုင်ငံတကာအဆင့် ထိပ်သီးညီလာခံကြီးများ၏ အစဉ်အလာများနှင့်အညီ အောင်မြင်စနစ်ကျနစွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတကာ အစည်းအဝေးများနှင့် ပတ်သက်၍ အတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်သည့် ဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ ပညာရှင်များ၊လုပ်ငန်းရှင်များ ညှိနှိုင်းပေါင်းစပ်ပြီး ဆွေးနွေးအကြံဉာဏ်များ ဖလှယ်ကြရန်၊ အသေးစိတ်အစီအမံများ ချမှတ်ထားရန်၊ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်မည့် နည်းလမ်းများရှာကြံထားရန်၊ ဝန်ထမ်းများ ပညာရှင်များစုဖွဲ့မှုများအပါအဝင် စီမံအုပ်ချုပ်ရေးကိစ္စများ ကြိုတင်စီစဉ်ထားရန်မှာကြားလိုကြောင်း။

အနှစ်သာရပီပြင်ရေး

နိုင်ငံတကာ ထိပ်သီးညီလာခံဖြစ်သည့်အတွက် ခေတ်မီနည်းပညာများ အသုံးချနိုင်ရေး၊ နိုင်ငံတကာမှ လာရောက်ကြသည့် ဧည့်သည်တော်များ သက်သောင့်သက်သာရှိရေးတို့အတွက် စီမံဆောင်ရွက်ထားကြရမှာ ဖြစ်သကဲ့သို့ ထေရဝါဒဗုဒ္ဓဘာသာ ထိပ်သီးညီလာခံဖြစ်သည်နှင့်အညီ ဘာသာရေးပွဲတော် ဘာသာရေးအခမ်းအနား ပီသရေး၊ ထေရဝါဒ ဗုဒ္ဓဘာသာ အနှစ်သာရ ပီပြင်ရေးတို့အတွက် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အခမ်းအနားပြင်ဆင်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ကြိုဆိုပို့ဆောင်ရေး၊ အစည်းအဝေးများကျင်းပရေး၊ ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားသည်။

ယင်းနောက် အစည်းအဝေးကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရတနာကုန်သည် ၄၇၉ ဦး ရောက်ရှိ

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ခန်းမ၌ ကျင်းပသော ၂၀၀၄ ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံပေါင်း ခြောက်နိုင်ငံ ကုမ္ပဏီ ၉၄ ခုမှ ရတနာကုန်သည် ၂၅၃ ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၇၉ ခုမှ နိုင်ငံသား ရတနာကုန်သည် ၂၂၆ ဦး စုစုပေါင်း ရတနာကုန်သည် ၄၇၉ ဦး ရောက်ရှိနေကြပြီဖြစ်သည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ ရတနာကုန်သည်များသည် ယနေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို စစ်ဆေးကြည့်ရှုကြရာ ပြပွဲကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ ဆပ်ကော်မတီအတွင်းရေးမှူးက ကြိုဆိုနှုတ်ဆက်ကြပြီး လိုက်လံရှင်းလင်းပြသ၍ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။

ဆက်လက်ရောက်ရှိမည်

ယနေ့အထိ ရောက်ရှိလာကြသော ပြည်ပရတနာကုန်သည်အများစုမှာ ယမန်နေ့က အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းဖြင့် ဟောင်ကောင်မှ ရန်ကုန်မြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်းသိရပြီး ထိုင်းနိုင်ငံနှင့် ကူမင်းမြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ပြည်ပရတနာကုန်သည်များ ဆက်လက်ရောက်ရှိကြမည် ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ မတ်လအတွက်

(၁၄–၃–၂၀၀၄) ရက်နေ့

နှင့်

(၂၈–၃–၂၀၀၄) ရက်နေ့

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သံအမတ်ကြီးများနှင့်စစ်သံမှူးများကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသမှုများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများနှင့် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည် ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ လာရောက်ကြည့်ရှုလေ့လာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး လိုက်လံရှင်းလင်း ပြသကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၄–၃–၂၀၀၄
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ ရွှေလောင်းတံတား
၈း၃၀ ၈။ International News
၈း၄၅ ၉။ Say It In English
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး (၅၂)နှစ်မြောက် တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“နက်ရှိုင်းမေတ္တာ”** (အပိုင်း–၂၄)
၁၂း၁၀ ၅။ သာယာငြိမ်းချမ်းစိမ်းလန်းစိုပြည်ရန်ကုန်မြေ(အပိုင်း–၁)
၁၂း၂၀ ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း “အချစ်ဆုံးကဘယ်သူလဲ” (ပိုင်ဇေရဲထွန်း၊စိုးမြတ်နန္ဒာ) (ဒါရိုက်တာ–သန်းဖေလေး)
၁၄း၃၀ ၇။ ပိုင်ကျုံရေထိန်းတံခါး
၁၄း၄၅ ၁၀။ International News

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး (၅၂)နှစ်မြောက် တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English For Everyday Use.
၁၆း၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၂ ခုနှစ်)
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၁၇း၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇း၃၀ ၇။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၇း၄၅ ၈။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၁၇း၅၅ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
၁၈း၃၀ ၁၀။ ညနေခင်းသတင်း
၁၉း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **“မိုးမြေဆုံးစေတော့ကွယ်”** (အပိုင်း–၂၇)
၁၉း၃၅ ၁၃။ တစ်နေ့တန်(၂၀၀)ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)
၁၉း၄၅ ၁၄။ (၅၂)နှစ်မြောက် တပ်မတော်နေ့၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
–“ပြည်သူ့အတွက်တပ်မတော်”
–“ပြည့်အကျိုး လုပ်ငန်းသယ်ပိုးရန်မှာတို့ဝန်တာ” (ပို့ဆောင်ရေး၊မီးရထား)
–ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက်
–မြန်မာ့စိတ်ဓာတ် (ရဲဘော်နိုင်ဝင်း)
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **“ရန့်ပြယ်နှင်းဆီ”** (အပိုင်း–၂) (ရာဇာနေဝင်း၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ–ကိုမျိုးထူး)



(၅၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

စိုက်ပျိုးရာသီအမီပျိုးပင်များပြုစုပျိုးထောင် ဒေသနှင့်ကိုက်ညီမည့်သစ်ပင်များစိုက်ပျိုး

ရန်ကုန် မတ် ၁၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် မတ် ၁၂ ရက် မွန်းလွဲပိုင်းတွင် ကလောမြို့နယ် ဟဲဟိုးရှိသစ်တောဦးစီးဌာန သစ်တောပျိုးဥယျာဉ်ရှိရှင်းလင်းဆောင်၌ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက သစ်တောလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က စိုက်ပျိုးရာသီအမီ ပျိုးပင်များ ပြုစုပျိုးထောင်ရေး၊ ဒေသနှင့်ကိုက်ညီမည့် သစ်မျိုးများတိုးချဲ့စိုက်ပျိုးရေး၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ထင်းရှူးတောများ ထိန်းသိမ်းရေးနှင့် တိုးချဲ့စိုက်ပျိုးရေး၊ အင်းလေးကန် မိုင် ၂၀ဝန်းကျင် သစ်တော၊ ရေ၊ မြေ၊ သားငှက် ကာကွယ်ထိန်းသိမ်းရေး၊ ၂၀၀၄ ခုနှစ် မိုးရာသီ၌ သစ်ပင်များ ပျိုးထောင်စိုက်ပျိုးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ပျိုးဥယျာဉ်အတွင်း သစ်ပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံရှင်းလင်း

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းပုံနှင့် လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများ ရှင်းလင်းပွဲ၊ အမျိုးသမီးရေးရာဝတ်စုံများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် မကွေးတိုင်း ဂန့်ဂေါမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှင်းလင်းတင်ပြ

ယင်းရှင်းလင်းပွဲ၌ ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေက အမှာစကားပြောကြားပြီး မကွေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်သီတာ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်တင့်၊ မြို့နယ် အမျိုး သမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်လင်းမေနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးကြူတို့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးရေးရာအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းပုံနှင့် လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းကြသည်။

ထို့နောက် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်သီတာက ဂန့်ဂေါမြို့ပေါ်ရပ်ကွက်များရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များအတွက် ဝတ်စုံများကိုပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၁၂ ရက်က ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် စစ်ရေးပြ တပ်ခွဲများအတွက် ငွေကျပ် ၇၆၃၆၀ တန်ဖိုးရှိ ဟင်းသီးဟင်းရွက်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်) ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၄)ဖြင့် ဘွဲ့တံဆိပ်များချီးမြှင့်အပ်နှင်းခြင်းခံရသည့် သီရိသုဓမ္မဏိဇောတဓရ ဦးသန်းနိုင်၊ ဒေါက်တာကျော်သိန်း(ပါမောက္ခချုပ်-ငြိမ်း)၊ အကြံပေးပုဂ္ဂိုလ်၊ပညာရေးဝန်ကြီးဌာန၊နည်းပညာထူးချွန်မှုဒုတိယဆင့်၊ ဦးသိန်းဦး ဥက္ကဋ္ဌ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊နည်းပညာထူးချွန်မှုဒုတိယဆင့်တို့အားဂုဏ်ပြုပွဲအခမ်းအနားကိုရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)က ကြီးမှူး၍ ရခိုင်ပြည်နယ်ဓမ္မာရုံတွင် ယနေ့ညနေ၃နာရီက ပြုလုပ်ရာ ဦးမင်းကြည် (ဒုတိယဗိုလ်မှူးကြီး-ငြိမ်း)က ဒေါက်တာ ကျော်သိန်း (ပါမောက္ခချုပ်-ငြိမ်း) နည်းပညာထူးချွန်မှု ဒုတိယဆင့်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ **(ဓဝပုံ)** **(က-ပ)**

ဝန်ကြီး ဗိုလ်ချုပ်ငွေးဦးနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဆေးဝါးစက်ရုံထုတ်လုပ်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၃

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေးဦးသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ် စက်မှုဇုန်အမှတ်(၅) ပတ္တမြားလမ်းရှိ လမ်းမတော်မြို့နယ် ဂရင်းကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်းလီမိတက်၏ ဆေးဝါးစက်ရုံသို့ရောက်ရှိလာရာ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဝန်ကြီးများနှင့်အဖွဲ့အား အသင်းဥက္ကဋ္ဌ ဒေါ်ခင်သန်းမြင့်က စက်ရုံမှထုတ်လုပ်သော နှာခေါင်းစည်းကိရိယာများ၊ အရက်ပြန်ကင်းစင်သော မီးဖွားပစ္စည်းအိတ်များ ထုတ်လုပ်ထားရှိမှုနှင့် ဓာတ်ခွဲခန်းတို့ကို လိုက်လံရှင်းလင်းပြသသည်။ ဆက်လက်၍ ရှင်းလင်းဆောင်၌ စက်ရုံမှ ဆက်လက်ထုတ်လုပ်ရန် စီစဉ်ထားသည့် ပရုတ်ဆီ လေးမျိုး၊ စားဆိုဒါ၊ အိမ်သုံးဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်း၊ ဓာတ်ဆားထုပ်၊ ဆီချက်ဆေး၊ အနာကျက်ဆေးရည်များ ထုတ်လုပ်မှုအတွက် လုပ်ငန်းအစီအစဉ်များကိုတင်ပြရာ ဝန်ကြီးက ဆေးဝါးစက်ရုံမှ ထုတ်လုပ်မည့်ပစ္စည်းများနှင့်ပတ်သက်၍ ထုတ်လုပ်မှုအပိုင်း၊ ဖြန့်ဖြူးမှုအပိုင်း၊ ဈေးကွက်သုတေသနပြုလုပ်ရေးအပိုင်းတို့ကိုစနစ်တကျ စီစဉ်ဆောင်ရွက်သွားကြရန်နှင့် လိုအပ်ချက်များကိုဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ထိုင်း တူညီယဉ်ကျေးမှုဖော်ထုတ်ရေး လူငယ်ပန်းချီပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၃

မြန်မာ-ထိုင်းတူညီယဉ်ကျေးမှုဖော်ထုတ်ရေး လူငယ် ပန်းချီပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်ပါမောက္ခချုပ်၊ မြန်မာ-ထိုင်းယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(အငြိမ်းစား)၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ သံရုံးတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ တာဝန်ရှိသူများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် ယဉ်ကျေးမှု တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးတို့က အမှာစကားအသီးသီးပြောကြားကြသည်။

ဂုဏ်ပြုလက်ဆောင်

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ အကဲဖြတ်ဒိုင်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးက ဂုဏ်ပြုလက်ဆောင်များ အသီးသီး ပေးအပ်သည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးက ပထမအထူးဆု(ဆီဆေး)ဆုရ မခိုင်ဦးလွင် ပထမနှစ်(ပန်းချီ)ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့် မောင်ဇော်ကိုကို တတိယနှစ်(ပန်းချီ) ရန်ကုန် ပန်းချီပန်းပုကျောင်း၊ ပထမအထူးဆု(ရေဆေး) ဆုရ မငြိမ်းငြိမ်းအိ စတုတ္ထနှစ်(ပန်းချီ)ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့် မောင်ဝင်းဇော် ဒုတိယနှစ် (ပန်းချီ)ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)တို့အားလည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေက ဒုတိယဆုရ မောင်ရဲကျော်စွာ တတိယနှစ်(ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊မောင်သိန်းဆိုင် ပထမနှစ်(ပန်းချီ)ရန်ကုန်ပန်းချီပန်းပုကျောင်း၊ မောင်မင်းဇေယျာဦး ဒုတိယနှစ်(ပန်းချီ) ရန်ကုန် ပန်းချီပန်းပုကျောင်း၊ မောင်ဇော်လင်းနိုင် ဒုတိယနှစ်(ပန်းချီ) မန္တလေးပန်းချီပန်းပုကျောင်းနှင့် မောင်စောကျော်ဇော စတုတ္ထနှစ်(ပန်းချီ)ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) တို့အားလည်းကောင်း ဆုများအသီးသီးချီးမြှင့်သည်။

ထို့နောက် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ် ဦးတင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ သံမှူးကြီး Mr. Opas Chantarasap နှင့် အကဲဖြတ်ဒိုင်အဖွဲ့ဥက္ကဋ္ဌ ဦးမင်းနိုင်တို့က နှစ်သိမ့်ဆုရရှိကြသူများအားလည်းကောင်း ဆုများအသီးသီးချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် အဖွဲ့ဝင်များသည် ဘက်စုံခန်းမ၌ ပြသထားသော ပြိုင်ပွဲဝင်ဆုရပန်းချီကားများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆုရပန်းချီကားများကို အမျိုးသားပြတိုက်ဘက်စုံခန်းမ၌ မတ် ၁၅ ရက်အထိ ခင်းကျင်းပြသထားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၄၁)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ၌ အရည်အသွေးကောင်းကျောက်မျက်များပြသထား ကျောက်မျက်များနှင့် လက်ဝတ်ရတနာများ ယူရို ၉ ဒသမ ၉သန်းခန့်တင်ပြရောင်းချမည်

ရန်ကုန် မတ် ၁၃

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ယနေ့နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်ပြသရာ ညနေ၃နာရီခွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းဖြန့်ချိရေးကော်မတီဝင်များဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ညွှန်ကြားရေးမှူး(သတင်း) ဦးလှထွန်းနှင့် ကျိုးဒိုသတင်းဌာနမှ သတင်းထောက်ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေးနှင့် အသင်းဝင်သတင်းထောက်များ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် APTN သတင်းဌာနမှ Mr. Jerry Harmer တို့ တက်ရောက်ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြသ

အဆိုပါ အဖွဲ့ဝင်များအား မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြပြီး မြန်မာ့ ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်လုပ်သည့် ပုံသေဈေးနှုန်းဖြင့် ရောင်းချမည့် ကျောက်မျက်၊ ကျောက်စိမ်းအချောထည်များ၊ လက်ဝတ်ရတနာများနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများကိုလည်းကောင်း၊ ပုဂ္ဂလိက ရတနာအရောင်းဆိုင်များနှင့် ကျောက်ကပ်ပန်းချီဆိုင်များကိုလည်းကောင်း၊ခန်းမအဆောက်အအုံဝန်းကျင်တွင် ခင်းကျင်းပြသထားသော ကျောက်စိမ်း အရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်၊ အရိုင်းတုံးများနှင့် ထည်လုံးစိမ်းကျောက်စိမ်းအရိုင်းတုံးများကိုလည်းကောင်း၊ တတိယထပ်၌ ခင်းကျင်းပြသထားသော ဈေးပြိုင်ရောင်းချမည့် ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကိုလည်းကောင်းလိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမတွင် ၂၀၀၄ ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းက ပြပွဲခင်းကျင်းပြသရောင်းချရေးနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။

ရှေးဦးစွာ ၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ရှင်းလင်းပြောကြားရာ

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း ပြပွဲခင်းကျင်းပြသရောင်းချရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

တွင် ယခု (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ အရေအတွက်နှင့် အရည်အသွေးကောင်းမွန်သော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများကို တင်ပြရောင်းချသွားမည်ဖြစ်ကြောင်း၊ ယခု (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံပေါင်း၂၆နိုင်ငံ ကုမ္ပဏီ ၅၀၁ ခုအား ဖိတ်စာများပေးပို့ခဲ့ရာ ယမန်နေ့အထိ နိုင်ငံပေါင်း၁၂ နိုင်ငံရှိ ကုမ္ပဏီ ၉၇ခုတို့မှ ရတနာကုန်သည်၂၆၀ကျော် တက်ရောက်ကြကြောင်း၊ ဆက်လက်၍လည်း ပြည်ပမှ ရတနာကုန်သည်များ ထပ်မံလာရောက်ကြဦးမည်ဖြစ်ကြောင်း၊ ၂၀၀၄ခုနှစ် (၄၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအရိုင်းတွဲပေါင်း ၁၂၅၄တွဲ အခြေခံရောင်းဈေး (ယူရိုငွေ ၁၃ဒသမ၂၅သန်း)ဖိုးတင်ပြရောင်းချရန် ခင်းကျင်း စီစဉ်ထားပြီး ဖြစ်ကြောင်း၊ ထို့အပြင် ပုံသေဈေးနှုန်းနှင့် သတ်မှတ်ထားသည့် ကျောက်စိမ်းအချောထည် တန်ဖိုး ယူရိုငွေ ၀ဒသမ ၁၁သန်းကိုလည်း တင်ပြရောင်းချသွားမည်ဖြစ်ကြောင်း။

တင်ပြရောင်းချမည်

ကျောက်စိမ်းရိုင်းများကို အတွဲဖွဲ့ထားသည့် အခြေအနေမှာ အကျိုးတူလုပ်ငန်းမှ ကျောက်စိမ်းရိုင်းအတွဲပေါင်း၁၄၆တွဲ အခြေခံရောင်းဈေး (ယူရိုငွေ၂ဒသမ၃၇သန်း)ဖိုးကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ကျောက်စိမ်းရိုင်းအတွဲပေါင်း အတွဲ၁၃၀ အခြေခံရောင်းဈေး (ယူရိုငွေ၁ဒသမ၃၀သန်း)ဖိုးကိုလည်းကောင်း တင်ပြရောင်းချသွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီ၊ အသင်း၊ ပုဂ္ဂလိကများမှ

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းဖြန့်ချိရေးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများ ကြည့်ရှုလေ့လာကြစဉ်။ (မြန်မာ့အလင်း)

ကျောက်စိမ်းရိုင်းအတွဲပေါင်း ၉၇၂တွဲကို အခြေခံရောင်းဈေး(ယူရိုငွေ၉ဒသမ ၅၈သန်း)တန်ဖိုးထားပြီး တင်ပြရောင်းချမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခု (၄၁)ကြိမ်မြောက် ရတနာပြပွဲတွင် ကျောက်စိမ်းရိုင်းအတွဲပေါင်း၁၂၅၄တွဲ တန်ဖိုးအားဖြင့် (ယူရိုငွေ၁၃ဒသမ ၂၅ သန်း)ဖိုး တင်ပြ ရောင်းချမည်ဖြစ်ကြောင်း။

တစ်တွဲလျှင် ယူရိုငွေ ၁၀၀၀ မှ ၉၉၉၉တန်ဖိုးရှိသည့် ကျောက်စိမ်းရိုင်းများကို တင်ဒါစနစ်ဖြင့် ရောင်းချရန် ကျောက်စိမ်းရိုင်း အတွဲပေါင်း ၁၀၅၄တွဲ တန်ဖိုး (ယူရိုငွေ ၂ဒသမ ၉၃သန်းကျော်)ဖိုးတင်ပြထားကြောင်း၊ တစ်တွဲချင်းတန်ဖိုး ယူရိုငွေ၁၀၀၀၀မှ အထက် တန်ဖိုးရှိသည့် ကျောက်စိမ်းရိုင်းများကို ဈေးပြိုင်စနစ်နှင့် ရောင်းချမည်ဖြစ်ပြီး ဈေးပြိုင်စနစ်နှင့် အတွဲပေါင်း အတွဲ ၂၀၀ တန်ဖိုး (ယူရိုငွေ ၁၀ဒသမ၃၂သန်း)ဖြစ်ကြောင်း။

မျှော်လင့်

ယခု (၄၁)ကြိမ်မြောက် ရတနာပြပွဲတွင် တစ်တွဲချင်းယူရိုငွေ ၅၀၀၀၀ အထက် တန်ဖိုးရှိသည့် ကျောက်စိမ်းရိုင်း၃၈တွဲပါရှိကြောင်း၊ ကျောက်စိမ်းရိုင်းအတွဲများကို အရည်အသွေး၊ အလေးချိန်၊ အခြေခံရောင်းဈေးက အစ ဂရုတစိုက်ဖွဲ့စည်းတင်ပြ ကြိုးစားဆောင်ရွက်ထားကြောင်း၊ ထို့ကြောင့် ယခင်ပြပွဲများနည်းတူ အတွဲအားဖြင့်ရော၊ တန်ဖိုးအားဖြင့်ပါ ကောင်းစွာရောင်းချရလိမ့်မည်ဟု မျှော်လင့်ထားကြောင်း။

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် ရတနာပြပွဲတွင် ကျောက်မျက်အတွဲ စုစုပေါင်း၁၃၈တွဲ အခြေခံဈေး (ယူရို ၈ဒသမ၉သန်း) တင်ပြရောင်းချမည်ဖြစ်ကြောင်း။

ဈေးပြိုင်စနစ်ဖြင့် အတွဲပေါင်း၉၀ အခြေခံဈေး(ယူရို ၈ ဒသမ ၇ သန်း) တင်ပြရောင်းချမည်ဖြစ်ကြောင်း။

တင်ဒါစနစ်ဖြင့် အတွဲပေါင်း၈၉ အခြေခံဈေး(ယူရို ၁၈၀၅၅၅) တင်ပြရောင်းချမည်ဖြစ်ကြောင်း။

ပုံသေစနစ်ဖြင့် အတွဲပေါင်း၁၃၉တွဲ (ယူရို ၆၃၀၄၅)တင်ပြရောင်းချမည်ဖြစ်ကြောင်း။

(၄၁)ကြိမ်မြောက် ရတနာပြပွဲတွင် ကျောက်မျက်အတွဲစုစုပေါင်း၁၃၈တွဲ တန်ဖိုး(ယူရို ၈ဒသမ၉သန်း)၊ မိုင်းရှူး ကျောက်မျက်ရိုင်း ၇၆တွဲ တန်ဖိုး(ယူရို ၈ဒသမ၃သန်း) ရောင်းချမည်ဖြစ်ကြောင်း။

လက်ဝတ်ရတနာပစ္စည်းများအနေဖြင့် လက်ဝတ်ရတနာပစ္စည်းမျိုးစုံ ၁၂၀၇ တန်ဖိုး (ယူရို ၉၅၀၈၈၄)အား ရောင်းချမည်ဖြစ်ကြောင်း၊ ကျောက်မျက်များနှင့် လက်ဝတ်ရတနာများ တင်ပြ နိုင်မှုမှာ စုစုပေါင်း ယူရို၉ဒသမ ၉ သန်းခန့် ရောင်းချမည်ဖြစ်ကြောင်း။

၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဌာနနှင့် ဖက်စပ်လုပ်ငန်းများမှ ဖော်ယူခဲ့သော ပုလဲစုစုပေါင်း လုံးရေ ၁ ဒသမ ၇ သိန်း ကျော်ရှိကြောင်း၊ ယင်းပုလဲများအနက် မြန်မာတာဆာကီကုမ္ပဏီမှ ဖော်ယူခဲ့သော ပုလဲများမှာ ၁ ဒသမ ၁ သိန်းကျော် ပါဝင်ကြောင်း။

မြန်မာတာဆာကီကုမ္ပဏီမှ ဌာနအတွက် အချိုးကျရရှိသော ပုလဲများကို အခြားပုလဲများဖြင့် ရောပေါင်းခြင်းမပြုဘဲ သီးခြားအတွဲများ ဖွဲ့စည်းတင်ပြထားကြောင်း၊ အတွဲစုစုပေါင်း ၂၁၆တွဲ ဖွဲ့စည်းနိုင်ခဲ့ပြီး အခြေခံဈေးမှာ (ယူရိုငွေ ၁၄၆၆၀၀၀) ရှိကြောင်း။

ထို့ပြင် ဌာနနှင့် အခြားဖက်စပ်လုပ်ငန်းများမှ အချိုးကျရရှိသော အသစ်ဖော်ပုလဲများကို ယခင်အတွဲဟောင်းများနှင့် ရောပေါင်းပြီး အတွဲဖွဲ့စည်းတင်ပြထားကြောင်း၊ အတွဲစုစုပေါင်း ၇၃ တွဲ ဖွဲ့စည်းနိုင်ခဲ့ပြီး အခြေခံဈေးမှာ (ယူရိုငွေ ၃၄၃၃၀၀) ရှိကြောင်း။

ထို့ကြောင့် (၄၁)ကြိမ်မြောက် ရတနာပြပွဲတွင် ပုလဲအတွဲစုစုပေါင်းမှာ ၂၈၉ တွဲရှိပြီး တန်ဖိုးအနေနှင့် ယူရိုငွေ ၁ ဒသမ ၈ သန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

မိတ်ဆက်အမှာစကားပြော

ဆက်လက်၍ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းဖြန့်ချိရေးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက မိတ်ဆက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းချရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးတို့က ပြန်လည်ဖြေကြားသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြို့ရွာတစ်ခွင် သာစေချင်

မီး ပါ တွင် မပေါ့နှင့်

မြန်မာစာဘွဲ့ရ ကျောင်းသားများ မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၁၃

ရန်ကုန်တက္ကသိုလ် ၁၉၆၉-၇၃ ခုနှစ် မြန်မာစာအဓိကဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဧပြီ ၃ ရက် (စနေနေ့) နံနက် ၉နာရီတွင် အမှတ် ၂၂၁/၂၂၃ ရွှေဂုံတိုင်လမ်း (တော်ဝင်နှင်းဆီ)တွင်ပြုလုပ်ရန်စီစဉ်ထားသည်။

အခမ်းအနားတွင် မြန်မာစာဌာနမှ အငြိမ်းစား ဆရာဆရာမကြီး ၁၆ ဦးတို့အား ၁၉၆၉-၇၃ ခုနှစ် မြန်မာစာဘွဲ့ရ ကျောင်းသား ကျောင်းသူများက ကန်တော့ကြမည်ဖြစ်ရာ ၁၉၆၉-၇၃ မြန်မာစာဘွဲ့ရကျောင်းသား ကျောင်းသူများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးခင်စိုး ဖုန်း-၂၅၂၅၄၅၊ ဦးစိုးညွန့် ဖုန်း-၅၄၂၇၂၀၊ ဦးကြည်ထွဏ်း ဖုန်း-၅၁၄၃၆၁၊ ဦးမြတ်လှစိန် ဖုန်း-၅၃၅၂၇၈၊ ဦးကျော်ဇေယျ ဖုန်း-၀၉-၅၀-၁၇၈၄၉၊ ရီရီတာ ဖုန်း-၅၇၁၅၈၄၊ နွယ်နွယ်လင်း ဖုန်း-၆၆၀၀၅၀၊ ခင်ရွှေဦး ဖုန်း-၅၆၆၁၃၁၊ နီနီဝင်း ဖုန်း-၅၂၆၉၉၅ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး တတိယအကြိမ်ပြန်လည်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေထည့်ဝင်လှူဒါန်းရန်နှိုးဆော်လွှာ

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံရေး၏ ဒုတိယမြောက်လုပ်ငန်းအဖြစ် စေတီတော်မြတ်ကြီးနှင့် လွန်စွာနီးကပ်၍ ရင်ပြင်တော်လျှောက်လမ်း အလွန်ကျဉ်းမြောင်းနေသော ဘုရားကြီးကိုးဆူတန်ဆောင်းကို ရင်ပြင်လျှောက်လမ်း ကျယ်ဝန်းစေရန်အတွက် မဟာရံတံတိုင်းအပြင်သို့ ရွှေ့ပေးခန့်တိုးချဲ့၍ အသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ပါသည်။ အသစ်ပြုပြင်တည်ဆောက်ပြီးသွားပါက ဘုရားကြီးကိုးဆူတန်ဆောင်းသည် စေတီတော်နှင့် ကိုးပေခန့်ကွာဝေးသွားမည်ဖြစ်သဖြင့် ရင်ပြင်တော်လျှောက်လမ်း ကျယ်ဝန်းပြီး ဘုရားဖူးများ စိတ်ချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်မည်ဖြစ်ပါသည်။ ဘုရားကြီးကိုးဆူတန်ဆောင်း အသစ်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် အောက်ပါလုပ်ငန်းရပ်များအလိုက် လှူဒါန်းနိုင်မည်ဖြစ်သည်။

၁။ ရုပ်ပွားတော်ကြီးကိုးဆူ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း တစ်ဆူလျှင် ကျပ်ငါးသိန်း		
၂။ ၁၁ ပေ X ၁၅ ပေ၊ အခန်း ၁၂ ခန်း	တစ်ခန်းလျှင်	၂၀၀၀၀၀ ကျပ်
၃။ တန်ဆောင်းကွန်ကရစ်တိုင် ၁၆ လုံး	တစ်လုံးလျှင်	၁၅၀၀၀၀ ကျပ်
၄။ အင်္ဂတေလင်းနို့တောင် နှစ်ဖက်လုငါးခန်း	တစ်ခန်းလျှင်	၂၄၀၀၀၀ ကျပ်
၅။ သွပ်ပန်းစိန်ကြီးသုံးလုံး	တစ်လုံးလျှင်	၈၀၀၀၀ ကျပ်
၆။ သွပ်ပန်းစိန်လတ် ၁၄လုံး	တစ်လုံးလျှင်	၄၅၀၀၀ ကျပ်
၇။ သွပ်ပန်းစိန်သေး ၂၄လုံး	တစ်လုံးလျှင်	၆၅၀၀ ကျပ်
၈။ သွပ်ပန်းမုခ်ကြီး တစ်မုခ်	တစ်မုခ်လျှင်	၂၅၀၀၀၀ ကျပ်
၉။ သွပ်ပန်းမုခ်လတ် နှစ်မုခ်	တစ်မုခ်လျှင်	၁၉၀၀၀၀ ကျပ်
၁၀။ သွပ်ပန်းမုခ်သေး နှစ်မုခ်	တစ်မုခ်လျှင်	၁၃၀၀၀၀ ကျပ်
၁၁။ သွပ်ပန်းထောင့်မုခ် ရှစ်မုခ်	တစ်မုခ်လျှင်	၃၇၀၀၀ ကျပ်
၁၂။ သွပ်ပန်းဖောင်းပန်းဆွဲ ၁၀ချောင်း	တစ်ချောင်းလျှင်	၄၃၀၀၀ မှ ၁၃၅၀၀၀ ကျပ်

စေတီတော်မြတ်ကြီး၏ တတိယအကြိမ်ဘက်စုံလုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို မတ် ၂၆ ရက်(သောကြာနေ့)တွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော်ပါဝင်လိုသူ အလှူရှင်များ အနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

စေတီတော်ဂေါပကရုံး-ဖုန်း-၂၉၀၄၂၅
ပြန်ကြားရေးဝန်ကြီးရုံး-ဖုန်း-၂၄၅၆၁၅၊ ၂၄၅၆၁၉၊ ၂၄၅၅၉၅၊ ၂၄၅၆၂၄၊ ၂၄၅၆၃၁

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။



မင်္ဂလာဆွမ်းကျွေးကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အမှတ် ၁၁၈(စီ)၊ သံလွင်လမ်းနေ
ဗိုလ်မှူးလှကြည် (တပ်မတော်-လေ၊ ငြိမ်း)၊ (အထွေထွေမန်နေဂျာ-ကုန်သွယ်/လယ်ယာ၊ငြိမ်း)-
(ပါမောက္ခဒေါက်တာသန်းသန်းဦး) တို့၏ သားဦး

မောင်ကျော်စိုးမိုး B.Sc(Hons), GEO,Graduate Gemologist(G.I.A)
California Instrumentation Geologist(G.IA),Carlsbad,California

နှင့်

ရန်ကုန်မြို့၊ အမှတ် ၁၁၇ (E)၊ သံလွင်လမ်းနေ
ဦးမောင်မောင်(ညွှန်ကြားရေးမှူး၊ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)
ဒေါ်ခင်မြအေး(ကထိက-English Dept., Bangkok University)
တို့၏သမီး

ဒေါက်တာယဉ်ယဉ်မြိုင် M.B;B.S,(MD)

တို့သည် နှစ်ဖက်သောမိဘများ၏ ခွင့်ပြုချက်ဖြင့် ၁၄-၂-၂၀၀၄ ရက်နေ့တွင် Kerney Mesa Court, San Diego မြို့၌ လက်ထပ်ပြီးစီးပြီးဖြစ်ပါ၍ ၁၃-၃-၂၀၀၄ ရက်နေ့တွင် ရန်ကုန်မြို့၊ ကိုးမိုင်၊ ပြည်လမ်းရှိ အောင်မြေဘုံသာသျှမ်းကျောင်းတိုက်တွင် မင်္ဂလာဦးဆွမ်းကပ်လှူပူဇော်ပြီးပါကြောင်း၊ ဆွမ်းကပ်လှူပူဇော်ပွဲအတွက် အသေးစိတ်ကူညီဖြည့်ဆည်းပေးပါသော ဦးနီပေါ (အင်ဂျင်နီယာချုပ်) ကုန်သွယ်/လယ်ယာ(စီးပွား)နှင့် အဖွဲ့အားလည်းကောင်း၊ ခါတော်မီဖိတ်စာကို မေတ္တာဖြင့်ကူညီသော ၁၁၅၊ ၃၂ လမ်း ဝေဝေပုံနှိပ်တိုက်ပိုင်ရှင် ဦးဝင်းမြင့်နှင့် ဇနီးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိတ်ဆွေသင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ကျော်စိုးမိုး-ဒေါက်တာယဉ်ယဉ်မြိုင်။

ပဒေသာပင်ပွဲတော် အလှူငွေများလက်ခံ

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာစည် သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဒေသာပင်ပွဲတော်အတွက် အလှူငွေနှင့် ပစ္စည်းများ ရောင်းချခြင်းနှင့် စုဘူးများကို မတ် ၁၅ မှစတင်၍ လက်ခံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(က-ပ)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁။ တာမွေမြို့နယ်၊ မြေတိုင်း(၃-အေ) မြေကွက်အမှတ်(၄) "မကျင်ညွန့်" အမည်ပေါက် မြေပိုင်မြေအား တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၃၃၅ နေ (ဒေါ်နီ+၄) CG-၀၁၄၉၁၃ က မြေပုံကူးခွင့်လျှောက်ထားခြင်းနှင့်

၂။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်း (၁၂-ကေ)၊မြေကွက်အမှတ် ၁၁၁၊ N.Rafique အမည်ရှိ နှစ် ၉၀ ဂရန်မြေအား အမှတ် ၄၇၊ ၉၃ လမ်းနေ "ဆလီမူလာ+၁၀" ၁၂/မဂတ (နိုင်)၀၄၅၉၈၇ က မြေပုံကူးခွင့်လျှောက်ထားလာရာ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

၃။ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂-အေ)၊ မြေကွက်အမှတ်(၃၄) ဦးအေးသောင် အမည်ရှိ နှစ် ၆၀ ဂရန်မြေအား အမှတ်(၈) အင်းစိန်လမ်းနေ ဦးခင်ထွေး (ခ) ကိုလှိုင် ၁၂/လမန(နေ)၀၀၀၂၄၉ က မြေအမည်ပြောင်းခွင့် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန။

မတ်လထုတ်ပြူတီမဂ္ဂဇင်း

ရန်ကုန် မတ် ၁၃

ယနေ့ခေတ်လူငယ်များ၏ ရှင်သန်နေထိုင်မှု ဖက်ရှင်ရေစီးကြောင်းကို ဖွင့်လှစ်ပြသထားသည့် အနဂ္ဂနှင့် တင်မိုးလွင်တို့ ရေးသားထားသော လူငယ်နှင့်ရှင်သန်နေထိုင်မှု မျက်နှာဖုံးဆောင်းပါးများပါဝင်သည့် အမှတ် (၄၉) ၂၀၀၄ ခုနှစ် မတ်လထုတ် ပြူတီမဂ္ဂဇင်းကို ဖြန့်ချိထားသည်။ **(က-ပ)**

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်စည်းဝေး

ရန်ကုန် မတ် ၁၃

မြန်မာနိုင် ငံမြားပစ်အဖွဲ့ချုပ် အစည်းအဝေးအမှတ်စဉ် ၁/၂၀၀၄ကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် နာယက ဒေါ်ခင်လှလှ၊ ဒေါ်ခင်အေးနှင့် ဒေါ်နီလာသော်၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်းက အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခြင်း၊ လေ့ကျင့်ရေးကွင်းနှင့် အဆောက်အအုံအကြီးစားပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြ၍ အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်ဦးက အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ လေးမြားဝယ်ယူမှုကုန်ကျစရိတ်၊ ဆုတံဆိပ်ရရှိမှုအခြေအနေများ၊ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်း လေ့ကျင့်နေမှုအခြေအနေများ၊ (၂၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစား ပြိုင်ပွဲယှဉ်ပြိုင်မှု အတွက် ခန့်မှန်းကုန်ကျစရိတ်နှင့် အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်မှုနှင့် လေ့ကျင့်ရေးကွင်း အကြီးစားပြင်ဆင်မွမ်းမံကုန်ကျစရိတ်များ၊ အမှုဆောင်အဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် (Compound)မြားပစ်အားကစားဝင်ရောက်ယှဉ်ပြိုင်ရေးကိစ္စရပ်များ တင်ပြ ဆွေးနွေးကြကာ အမှုဆောင်များက အထွေထွေကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် နာယကများက ရွေးချယ်လေ့ကျင့်လျက်ရှိသော မြားပစ်ပဏာမလက်ရွေးစင်အားကစားသမားများအား တွေ့ဆုံအားပေးစကားပြောကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းအမှာစကားပြောကြားကြပြီး ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိန်ပေါလ်ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၃

စိန်ပေါလ်ကျောင်းသားဟောင်းများ၏ (၂၅)ကြိမ်မြောက် ငွေရတုအာစရိယပူဇော်ပွဲကိုနိုဝင်ဘာ ၂၄ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပနိုင်ရေးအတွက် ကျင်းပရေးကော်မတီ အစည်းအဝေးကို လစဉ်ဒုတိယပတ် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၆) ဗိုလ်တထောင် မြဝတီခန်းမ၌ ကျင်းပလျက်ရှိရာ ၁၉၄၆-၁၉၆၅ခုနှစ်အထိ ကျောင်းသားဟောင်းများသည် ကျင်းပရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်ရန်နှင့် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအတွက် အလှူငွေနှင့် ပစ္စည်းများ ထည့်ဝင်လှူဒါန်းကြရန်ဖြစ်သည်။

ငွေရတုကျင်းပရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးညွန့် ဖုန်း- ၂၅၂၁၂၆၊ အတွင်းရေးမှူး ဦးမောင်မောင်မြင့်ကျော် ဖုန်း-၂၉၀၄၂၀၊ ကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်အုန်း ဖုန်း-၅၀၀၁၇၄၊ ဘဏ္ဍာရေးမှူး ဦးဟန်ညွန့် ဖုန်း-၀၉၈-၀၃၂၄၄၂နှင့် အမှုဆောင် ဦးဌေးလှိုင် ဖုန်း-၂၄၉၇၃၃၊ ၃၇၈၆၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၅၂)**

တိုက်ဂါး-မြန်မာ အပျော်တမ်းဂေါက်သီးရိုက်တံခွန်စိုက်ပြိုင်ပွဲသတင်းစာရှင်း

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၄ခုနှစ် တိုက်ဂါး-မြန်မာအပျော်တမ်းဂေါက်သီးရိုက်တံခွန်စိုက်ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Grand Plaza Park Royal ဟိုတယ်၌ကျင်းပသည်။

ရှေးဦးစွာ M.P.G.A အထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်က သတင်းစာရှင်းလင်းပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းပြောကြားပြီး M.P.G.Aနှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က ယခုကျင်းပသည့် တိုက်ဂါး-မြန်မာ အပျော်တမ်းဂေါက်သီးရိုက် တံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်ရှိ ဂေါက်သီးရိုက် မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ်မွေးထုတ်ရေးကိုရည်ရွယ်ကာ ပြိုင်ပွဲကျင်းပရခြင်း ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စနယ်ဇင်းများမှ တာဝန်ရှိသူများက ဝိုင်းဝန်းကူညီပေးစေလိုကြောင်းဖြင့် နှုတ်ခွန်းဆက်စကားပြောကြားသွားသည်။

ယင်းနောက် Mr. Victor Seah က မြန်မာလူငယ်မျိုးဆက်သစ်ဂေါက်သီးရိုက်အားကစားသမားများ ပြည်တွင်း ပြိုင်ပွဲ အတွေ့အကြုံ ပိုမိုရရှိပြီး ထူးချွန်သည့် ဂေါက်သီးရိုက်မျိုးဆက်သစ်များပေါ်ထွန်းလာရေးရည်ရွယ်ကာ ပံ့ပိုးကူညီခြင်းဖြစ်ကြောင်းနှင့် နောင်တွင်လည်း ဆက်လက်ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်းပြောကြားသည်။

အဆိုပါ ၂၀၀၄ ခုနှစ်တိုက်ဂါး-မြန်မာအပျော်တမ်းဂေါက်သီးရိုက် တံခွန်စိုက်ပြိုင်ပွဲကို ရန်ကုန်ဂေါက်ကလပ် ဒညင်းကုန်း၌ မတ် ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဂုဏ်ပြုဆု

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကွန်းကလေးအခြေခံပညာမူလတန်းကျောင်း ၂၀၀၃-၂၀၀၄ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၇ရက်က အဆိုပါကျောင်းခန်းမတွင် ကျင်းပရာ ဆဋ္ဌမတန်းထူးချွန်ဆုရရှိသူ မသီတာဝင်းအား ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးစန်းက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (က-ပ)

ဖေဖော်ဝါရီ ၁၀ ရက်က ဗိုလ်တထောင်မြို့နယ် အထက (၂)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အလယ်တန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းသွယ်က ကျောင်းသားတစ်ဦးအား အလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။ (က-ပ)

ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေမည့်

မြန်စွမ်းထက် မွေးမြူရေးအစာတောင့်များ

ကုန်ထုတ်စွမ်းအား၊ မြင့်မားမှန်ကန်
မြန်ဆန်တိကျ၊ စွမ်းပြည့်ဝ၍
သုံးချကြည့်လျှင်၊ အာနိသင်ထက်
ဤသုံးချက်ဖြင့်၊ မြန်သည်စွမ်းသည်
ထက်မြက်သည်ဟု၊ ယုံကြည်စိတ်မှန်း
ဉဒါန်းကျူးလျက်၊ မြန်-စွမ်း-ထက်။ ။

ဤကဗျာလေးမှာ သူတို့၏ ဆောင်ပုဒ်ဖြစ်သည်။

သူတို့သည် သူတို့၏ ဆောင်ပုဒ်အတိုင်း ကြိုးပမ်းခဲ့ကြသည်။

ထို့ကြောင့် သူတို့လုပ်ငန်းများသည် အောင်မြင်ခဲ့သည်။ သူတို့၏ အောင်မြင်မှုများသည် အားကျစရာ၊ ဂုဏ်ယူစရာ၊ အတုယူစရာ။

ယနေ့ခေတ်တွင် သူတို့ကို စံနမူနာယူသင့်သည်ဟု ကျွန်တော်ထင်သည်။

သူတို့ဆိုသည်မှာ လူငယ်သုံးဦးဖြစ်သည်။ ထိုလူငယ်သုံးဦးကို အရင်းခံ၍ မြန်စွမ်းထက် ဖြစ်လာသည်။

သူတို့သည် စိတ်တူ၊ ကိုယ်တူ၊ ရည်ရွယ်ချက် တူညီစွာဖြင့် စီးပွားရေး လောကထဲ တိုးဝင်ခဲ့သည်။ သူတို့တွေ စီးပွားရေးလောကထဲ တိုးဝင်ချိန်သည် နိုင်ငံတော်က ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးကာ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများကို အားပေးမြှင့်တင်နေသော အချိန်ဖြစ်သည်။

အချိန်ကောင်း၊ အခါကောင်း၌ လာခြင်းကောင်းသော လူငယ်များ ပေတည်း။ သူတို့သည် သူတို့၏ စီးပွားရေးလုပ်ငန်း ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြန်စွမ်းထက် ကုမ္ပဏီလီမိတက်ကို စတင်တည်ထောင်ခဲ့သည်။ ကုမ္ပဏီတည်ထောင်ဖွင့်လှစ်ပြီးသည်နှင့် တစ်ပြိုင်နက် နိုင်ငံတော်အစိုးရထံ တင်ပြကာ လုပ်ငန်းလုပ်ပိုင်ခွင့်များ တောင်းခံခဲ့သည်။ နိုင်ငံတော်က ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင်နေသည့် အား လျော်စွာ မြန်စွမ်းထက် လူငယ်လေးများ၏ လုပ်ငန်းများဆောင်ရွက်နိုင်ရန် လှိုင်သာယာစက်မှုဇုန် တိုးချဲ့ဇုန်(၅)၌ မြေနေရာများ ချထားပေးခဲ့သည်။

နိုင်ငံတော်က မြေနေရာများ ချထားပေးမှုကြောင့် မြန်စွမ်းထက် မွေးမြူရေး အစာတောင့်စက်ရုံကို တည်ထောင်ဖြစ်ခဲ့သည်။

ဤသည်မှာ နိုင်ငံတော်စီးပွားရေး၏ လိုအပ်ချက် တစ်စိတ်တစ်ပိုင်းကို ဖြည့်စွမ်းနိုင်ခြင်းဟု မြန်စွမ်းထက်ကုမ္ပဏီက ခံယူသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် အခြေခံကျသော စီးပွားရေးလုပ်ငန်းများ ဖြစ်သည်။ ထိုစီးပွားရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် မြင့်မြင့်မားမား လုပ်ဆောင်နိုင်သည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေးအခြေခံများ ခိုင်မာတောင့်တင်းလာမည် ဖြစ်သည်။

မြန်စွမ်းထက်ကုမ္ပဏီလီမိတက်သည် နိုင်ငံတော်တွင် မွေးမြူရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးလုပ်ငန်းများတွင် အဓိကလိုအပ်နေသော မွေးမြူရေးအဆင့်မြင့်အစာများကို ဖြည့်တင်းနိုင်ရန် မွေးမြူရေးအစာတောင့်စက်ရုံကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။

မြန်စွမ်းထက် မွေးမြူရေးအစာတောင့်စက်ရုံ တည်ထောင်နိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ "စက်ရုံမြေနေရာနှင့် လုပ်ပိုင်ခွင့်များ ချထားပေးသော နိုင်ငံတော် အစိုးရအားလည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အားလည်းကောင်း၊ မွေးမြူရေးအစာတောင့် ထုတ်လုပ်နိုင်ရန် ဖော်မြူလာများကို စေတနာဖြင့် နည်းပေးလမ်းပြ ကူညီပံ့ပိုး ဆောင်ရွက်ပေးခဲ့သော ဆရာဦးအောင်ကြည် (M.Sc)နှင့် အကြံပြုပေးသော ဦးကျော်စိုးလင်း (စိန်ပန်းမွေးမြူရေး အစာစပ် လုပ်ငန်း)တို့အား အထူးတလည် ကျေးဇူးရှိပါကြောင်း" မြန်စွမ်းထက် ဒါရိုက်တာအဖွဲ့ဝင် ဦးသန့်ဇင်ဦးက ပြောပြသည်။

မြန်စွမ်းထက်မွေးမြူရေးအစာတောင့်များကို အရည်အသွေးမြင့် ကုန်ကြမ်း ပစ္စည်းများဖြစ်သည့် ငါးပေါင်းမှုန့်၊ ပဲပိစပ်မှုန့်၊ ပဲဖတ်၊ နှမ်းဖတ်၊ ဆန်မှုန့်၊ ဆန်ဖွဲနု၊ ဂျုံဖွဲနု စသည်တို့ကို အသက်အရွယ်အလိုက် အာဟာရတန်ဖိုး အချိုး အဆလိုအပ်မှုနှင့်အညီ သိပ္ပံနည်းကျ ရောစပ်၍ အားဖြည့်အာဟာရအဖြစ် ဗီတာမင်ဓာတ်အမျိုးမျိုး၊ သတ္တုဓာတ်အမျိုးမျိုး၊ အမိုင်နိုအက်ဆစ် အုပ်စုဝင် လိုင်စင်းနှင့် မီသီအိုနင်းတို့အပြင် အစာချေဖျက်စွမ်းအား မြင့်မားစေသည့် အင်ဇိုင်းအမျိုးမျိုးတို့ကို စနစ်တကျဖြည့်စွက်ထားပြီး ခေတ်မီအစာတောင့်

အထက်မင်းလှညွှန့်အောင်
ဓာတ်ပုံ - စန်းအေး (မြန်/ဆက်)

ထုတ်လုပ်သည့်စက်ကြီးများဖြင့် နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ဖြန့်ဖြူးလျက် ရှိသည်။

မြန်စွမ်းထက် မွေးမြူရေးအစာများကို အမှုန့်နှစ်မျိုးနှင့် အတောင့်သုံးမျိုး ထုတ်လုပ်လျက်ရှိသည်။

မွေးမြူရေး အစာအမှုန့်အသေးတွင် အသားဓာတ် ၂၆ဒသမ ၆၀ရာခိုင်နှုန်း၊ အဆီဓာတ် ၇ဒသမ၃၆ရာခိုင်နှုန်း၊ ကစီဓာတ် ၂၈ဒသမ၃၁ရာခိုင်နှုန်း၊ အမှုန့် လတ်တွင် အသားဓာတ် ၂၂ရာခိုင်နှုန်း၊ အဆီဓာတ် ၉၆ဒသမ ၂၆ရာခိုင်နှုန်း၊ ကစီဓာတ် ၂၅ ဒသမ ၄၄ရာခိုင်နှုန်း၊ အစာတောင့်အသေးတွင် အသားဓာတ် ၂၁ရာခိုင်နှုန်း၊ အဆီဓာတ် ၉ဒသမ ၁၈ရာခိုင်နှုန်း၊ ကစီဓာတ် ၂၇ ဒသမ ၄၉ရာခိုင်နှုန်း၊ အစာတောင့်အလတ်တွင် အသားဓာတ် ၁၈ရာခိုင်နှုန်း၊ အဆီဓာတ် ၉ ဒသမ ၄၄ရာခိုင်နှုန်း၊ ကစီဓာတ် ၃၁ ဒသမ ၃၁ရာခိုင်နှုန်း၊ အစာတောင့် အကြီးတွင် အသားဓာတ် ၁၇ရာခိုင်နှုန်း၊ အဆီဓာတ် ၉ ဒသမ၅၃ရာခိုင်နှုန်း၊ ကစီဓာတ် ၃၁ဒသမ ၇၃ရာခိုင်နှုန်း စသည်ဖြင့် အာဟာရတန်ဖိုးများ ပါဝင် ပေသည်။

မြန်စွမ်းထက်၏ မွေးမြူရေးအစာတောင့်များသည် ဤကဲ့သို့ သိပ္ပံနည်းကျ အဆင့်မြင့် ဖော်စပ်ထားသဖြင့် အသက်အရွယ်အလိုက် ရှင်သန်ကြီးထွား

လှိုင်သာယာစက်မှုဇုန် တိုးချဲ့စက်မှုဇုန်(၅)ရှိ မြန်စွမ်းထက်မွေးမြူရေး အစာတောင့် စက်ရုံအဆောက်အအုံကို တွေ့ရစဉ်။

ဖွံ့ဖြိုးမှုနှုန်းထား မြင့်မားစေရန် ဗီတာမင်နှင့်သတ္တုဓာတ်များကို အချိုးအစား လိုအပ်မှုအတိုင်း အပြည့်အဝ ဖြည့်စွက်ထား၍ အစာ၏အကျိုးသက်ရောက်မှု စွမ်းအင်ကို အမြင့်ဆုံးပေးစွမ်းနိုင်သည်။

အသက်အရွယ် အပိုင်းအခြားအလိုက် စားသုံးရန်ဖော်စပ်ထားသည့် အစာအမျိုးအစားများတွင် အစာ ကြေပျက်လွယ်စေသည့် အင်ဇိုင်းများကို ဖြည့်စွက်ထားသဖြင့် အစာလေလွင့်ဆုံးရှုံးမှုကို အနည်းဆုံးဖြစ်စေပြီး မွေးမြူကန် ရေထု ညစ်ညမ်းစေမှုကို အနိမ့်ဆုံးဖြစ်စေသည်။

မြန်စွမ်းထက် မွေးမြူရေးအစာများသည် သိပ္ပံနည်းကျ စနစ်တကျဖော်စပ် ထားပြီး မွေးမြူရေးသမားများ၏ အကျိုးကို ဖော်ဆောင်ပေးနိုင်မှုကြောင့် ယခုအခါ တွင်ကျယ်အသုံးများသော မွေးမြူရေးအစာများအဖြစ် အောင်မြင်စွာ ရပ်တည် လျက်ရှိသည်။

"ကျွန်တော်တို့နိုင်ငံမှာ ငါးမွေးမြူရေးသမား ၉၀ရာခိုင်နှုန်းလောက်ဟာ



လှိုင်သာယာစက်မှုဇုန် တိုးချဲ့စက်မှုဇုန် (၅)ရှိ မြန်စွမ်းထက်မွေးမြူရေး အစာတောင့်စက်ရုံ အတွင်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

အမှုန့်ကိုကျွေးတဲ့စနစ်ကို အသုံးပြုလေ့ရှိတယ်။ အမှုန့်ကိုကျွေးရင် အာဟာရ လေလွင့်ဆုံးရှုံးမှုများပြီး အကျိုးသက်ရောက်မှုနည်းပါတယ်။ အတောင့်ကို ကျွေးတာက လေလွင့်မှုနည်းပြီး အကျိုးသက်ရောက်မှုများပါတယ်။

ကျွန်တော်တို့ရဲ့မွေးမြူရေးအစာတောင့်တွေကို အာဟာရပြည့်ဝအောင် စီမံပေးထားပြီး ဈေးနည်းနည်းနဲ့ ရောင်းပေးတဲ့အတွက် ငါးကန်သမားတွေက အလွန်တရာ သဘောကျပြီး ဝယ်ယူအားပေးနေကြပါတယ်။ ကျွန်တော်တို့ ကလည်း ကြော်ငြာအတွက် ငွေကုန်မခံတော့ဘဲ သုံးစွဲသူတွေအတွက် အကျိုးရှိ အောင် ဈေးလျှော့ရောင်းပေးပါတယ်။ ဒီလိုဆိုတော့ သုံးစွဲသူတွေအတွက် ပိုအဆင်ပြေတာပေါ့။ ကျွန်တော်တို့အနေနဲ့ မိမိအကျိုးအမြတ်ရရှိရေး တစ်ခု တည်းကို အာရုံမထားဘဲ စစ်မှန်တဲ့ပစ္စည်းတွေကိုသုံးပြီး Quality ကို ထိန်းထားပါတယ်။ ကျွန်တော်တို့ရဲ့ မွေးမြူရေးအစာတွေကို အသုံးပြုခြင်း အားဖြင့် မွေးမြူရေးသမားတွေ အမှန်တကယ် အကျိုးဖြစ်ထွန်းစေဖို့ ရည်ရွယ်ပါတယ်။ တကယ်ဆိုရင် ကျွန်တော်တို့လို မွေးမြူရေး အစာ ထုတ်လုပ်တဲ့စက်ရုံတွေ မြန်မာပြည်မှာ အများကြီးလိုအပ်ပါသေးတယ်။ တစ်နိုင်ငံလုံးမှာ ငါးကန်ဧက သုံးသိန်းကျော်ရှိပါတယ်။ အခုရှိနေတဲ့ စက်တွေနဲ့ ဧကတစ်သိန်းလောက်ကိုပဲ ဖြန့်ဝေနိုင်ပါတယ်။ ဒါကြောင့် ကျန်တဲ့ဧက နှစ်သိန်းအတွက် စက်ရုံတွေလိုအပ်ပါသေးတယ်။ ကျွန်တော်တို့လို မွေးမြူရေး အစာထုတ်လုပ်လိုတဲ့ ပုဂ္ဂိုလ်များရှိရင် ကျွန်တော်တို့အနေနဲ့ လိုအပ်မှုတွေကို ကူညီဆောင်ရွက်ပေးပါ့မယ်"ဟု မြန်စွမ်းထက် ကုမ္ပဏီမှ ဒါရိုက်တာ ကိုသန့်ဇင်ဦးက ဆိုသည်။

အမှန်တကယ် အားကျစရာကောင်းပါသည်။ မြန်စွမ်းထက်လူငယ်များ သည် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် သူတို့၏လုပ်ငန်းများ တိုးတက် ကောင်းမွန်စေရန် တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိသည်။

မြန်စွမ်းထက်ဆိုသည့်အတိုင်း မြန်မြန်ဆန်ဆန် စွမ်းစွမ်းတမန် ထက်ထက် မြက်မြက် ရှိလှသည်။

မြန်စွမ်းထက် မွေးမြူရေးအစာတောင့်စက်ရုံသည် အမှတ် ၁၄၄၊ ရွှေရင်အေး ၂လမ်း၊ စက်မှုဇုန်(၅)၊ လှိုင်သာယာတွင်ရှိပြီး ရုံးချုပ်မှာ အမှတ် ၅၀၂၊ ကုန်သည်လမ်းနှင့် ၃၉လမ်းထောင့် ရန်ကုန်မြို့တွင် တည်ရှိသည်။

မည်သို့ပင်ဆိုစေ မြန်စွမ်းထက်လူငယ်များ၏ ကြိုးပမ်းစွမ်းဆောင်မှုဖြင့် အကောင်အထည်ဖော် အောင်မြင်လျက်ရှိသော မြန်စွမ်းထက်မွေးမြူရေး အစာ တောင့်စက်ရုံကြီးသည် နိုင်ငံတော်၏မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုဆောင်ကြဉ်းလျက်ရှိပါကြောင်း ရေးသားဖော်ပြ အပ်ပါသည်။ ။

ဗဟန်းမြို့နယ် အမက(၁၇) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၃-၂၀၀၄ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ်၆ရက်က အဆိုပါ ကျောင်းခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီက စတုတ္ထတန်းတွင် ပထမဆုရသူ မောင်ဆန်းလင်းဖြိုးအား ဆုချီးမြှင့်စဉ်။
(က-ပ)

ဓမ္မဗိမာန်စာပေဆု ပြိုင်ပွဲဝင်စာမူများဖိတ်ခေါ်

ရန်ကုန် မတ် ၁၃

ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ ဆရာတော်ဦးသာသနဝရ (ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ) တည်ထောင်သော ဓမ္မဗိမာန် စာပေဆုနှင့် ဆန်းလွင်စာပေဆုများကို စိတ်ပါဝင်စားသူ ရဟန်းရှင်လူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားသည်။

ထိုပြိုင်ပွဲတွင် သာသနာ့သမိုင်း စာပေဆု (ပ-ဒု-တ)၊ အထွေထွေ ဓမ္မစာပေဆု (ပ-ဒု-တ)၊ ဗုဒ္ဓတရားတော် အင်္ဂလိပ်ဘာသာစာပေဆု (ပ-ဒု-တ)၊ ဓမ္မယဉ်ကျေးမှု စာပေဆု (ပ-ဒု-တ)၊ ပိဋကတ်ကျမ်းစာသုတေသန စာပေဆု (ပထမ)ဆု၊ ပုံနှိပ်ပြီး ဓမ္မစာပေဆု (ပထမ)ဆုနှင့် ဓမ္မာစရိယနှင့် ပါဠိပထမပြန် ပထမဆု ရှစ်ဆု အမျိုးအစား ခုနစ်မျိုးတို့ကို ဆုရွေးချယ်မည် ဖြစ်သည်။

ဓမ္မာစရိယနှင့် ပါဠိပထမပြန် ပထမဆုများကို ၂၀၀၄ ခုနှစ်၊ စာမေးပွဲမှ အထူးအောင် ရဟန်း၊ သာမဏေ၊ သီလရှင် ပထမဆုရသူများကို ချီးမြှင့်မည် ဖြစ်သည်။ ပုံနှိပ်ပြီး ဓမ္မစာပေဆုကို ၂၀၀၄ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသည့် ဓမ္မစာပေ စာအုပ်များထဲမှ ရွေးချယ်မည်ဖြစ်ရာ ယှဉ်ပြိုင်လိုသူများသည် ဓမ္မဗိမာန်သို့ လိပ်မူ၍ စာအုပ်နှစ်အုပ်ပို့ပေးရပါမည်။ ပြိုင်ပွဲဝင်ပုံစံများကို ဓမ္မဗိမာန် အမှတ် ၆၀၆၊ (ဒုတိယထပ်)၊ ၅ လမ်းနှင့် ၆ လမ်းကြား၊ ကမ်းနားလမ်း လမ်းမတော်မြို့နယ် ရန်ကုန် ဖုန်း-၂၁၁၃၅၉၊ ၂၂၅၉၀၇တို့သို့ အခမဲ့လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲကို မတ်၄ရက်က ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်က မောင်မျိုးမင်းသူအား သင်ယူပြီးမြောက်ခြင်း လက်မှတ် ချီးမြှင့်စဉ်။ (က-ပ)



ဖေဖော်ဝါရီ ၉ ရက်က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်း ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ကြက်/ငှက်တုပ်ကွေးရောဂါကာကွယ်ရေး ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ပုသိမ်မြို့ ရောရှေ့ဝါခန်းမတွင်ကျင်းပရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက် အမှာစကားပြောကြားစဉ်။ (က-ပ)

မိုးစပါးစိုက်ဧက တိုးချဲ့ဖော်ထုတ်နိုင်ရေး မြို့လယ်ချောင်းမှ နုန်းချမြောင်းများတူးဖော်

ပြည် မတ် ၁၁

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းသည် မတ် ၉ ရက်က တာဝန်ရှိသူများလိုက်ပါလျက် ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မိုးစပါးဧက တိုးချဲ့ဖော်ထုတ်စိုက်ပျိုးနိုင်ရေးအတွက် လက်ပံတန်းမြို့နယ် အနောက်ခြမ်းတွင် ဆောင်ရွက်လျက်ရှိသော မြင်ကဝ၊ ကျောက်အိုင် တာပတ်ခြင်းလုပ်ငန်းကို သွားရောက်၍ စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးပြီး လက်ပံတန်းမြို့နယ် ဂုံမင်းကွင်း၊ ပျဉ်ထောင်ကွင်း၊ မြင်ကဝ၊ အုတ်တွင်း၊ နှင့် ခမုံကျေးရွာအုပ်စုများမှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် တောင်သူ လယ်သမားများကို တွေ့ဆုံ၍ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး အတွက် ညှိနှိုင်းဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

စိုက်ပျိုးနိုင်

မြင်ကဝ၊ ကျောက်အိုင် တာပတ်ခြင်းအားဖြင့် မိုးစပါးဧက ၃၇၅၄ ဧကတိုးချဲ့စိုက်ပျိုးနိုင်မည့်အပြင် ဧက ၃၀၀၀ ခန့်မှာလည်း ရေကျနောက်စိုက်အဖြစ်မှ ရေတော် မိုးတော် စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့် တာဝန်ရှိသူများသည် နေ့လယ်ပိုင်းတွင် သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အနောက်ခြမ်း ဂုံမင်းကွင်း၊ ပျဉ်ထောင်ကွင်းနှင့်ဆင်နင်းပင်ကျေးရွာအုပ်စုများတွင် မြို့လယ်ချောင်းမှတစ်ဆင့် နုန်းချမြောင်းများတူးဖော်၍ မိုးစပါး ဧက ၃၅၀ ခန့် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်မှုများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို တောင်သူဦးကြီးများအား ဖြည့်ဆည်းဆောင်ရွက်ပေးကြကြောင်း သိရသည်။ (က-ပ)

လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော်စေတီ ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံမွမ်းမံရေးငွေလှူ

လွိုင်ကော် မတ် ၆

ကယားပြည်နယ် လွိုင်ကော်မြို့၏ ကျက်သရေဆောင် ရှေးဟောင်း သမိုင်းဝင် သီရိမင်္ဂလာတောင်တော်စေတီ(တောင်ကွဲစေတီ)တော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ရေးနှင့် ဘက်စုံမွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် စေတနာရှင်ပြည်သူများက ပထမအကြိမ်အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၈ ရက်က လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်လိုက်ပြီး အလှူရှင်များက စေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရေးနှင့် ဘက်စုံပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အလှူငွေများကို စေတနာရှင် ၄၈ ဦးက အလှူငွေ ၃၃၄၀၉၁၀ ကျပ်ကို လှူဒါန်းရာ ကယားပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦး လက်ခံရယူသည်။ ဆက်လက်၍ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ထွန်းနှင့် စေတီတော် ဘက်စုံတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးဝင်းအောင်တို့က လက်ခံယူကြပြီးသာဓုအနုမောဒနာခေါ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြသည်။ (၀၈၄)

သံဖြူဇရပ်မြို့နယ် ကရုပ္ပိ ကျေးရွာဆိုင်းတောင် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း၏ ရေငန်ပုစွန်မွေးမြူရေးကန် တူးဖော်မှုလုပ်ငန်းခွင်သို့ မတ် ၁ ရက်က သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလှမင်းဇော်နှင့်အဖွဲ့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်/စည်ပင်)

ဖေဖော်ဝါရီ၁ ရက်က မန္တလေးတိုင်း မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ရဲကျော်သူ ရဲသူရ သန်းကျော်ကျော်နှင့် တာဝန်ရှိသူများ အမရပူရ မြို့နယ် ဈေးချိုရပ်ကွက်ရုံးတွင် မြို့နယ်နှင့် ရပ်ကွက်မှတာဝန်ရှိသူများအား မီးဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆွေးနွေးမှာကြားစဉ်။ (၀၆၂)

ယာဉ်လိုင်းသစ်ကောလင်း၌ပြေးဆွဲ

ကောလင်း မတ် ၅

ကောလင်းမြို့ နဝရတ် အထွေထွေ စီးပွားရေးလုပ်ငန်းသမဝါယမအသင်း၏ စီစဉ်မှုဖြင့် ခရီးသွားပြည်သူများ အဆင်ပြေ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် မန်းနဝရတ် မော်တော်ယာဉ်လိုင်းသစ်ကို ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ကောလင်းမြို့ အင်ကြင်းမြိုင်မှ နံနက် ၅ နာရီခွဲတွင် လည်းကောင်း၊ မန္တလေးမြို့သီရိမန္တလာကားဝင်း ၈၉ လမ်း၂၃ x ၂၄ လမ်းကြားမှ နံနက် ၅ နာရီခွဲတွင် လည်းကောင်း၊ မိုးကုတ်မြို့ မူကြိုကျောင်း ရှမ်းစုရပ်မှ နံနက် ၆ နာရီတွင် လည်းကောင်း စတင်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ (၀၂၆)

အမြို့မြို့ အနယ်နယ် သတင်းများ



ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

မော်လမြိုင် မတ် ၁၀

မော်လမြိုင်မြို့ မောင်ငံကွင်းရပ်ကျိုက္ခမီလမ်းရှိ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း(ယခင်ကွင်းကျောင်း)၏ ရာပြည့်ပွဲတော်အထိမ်းအမှတ်အခမ်းအနားနှင့်ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ရက်တွင် ကျင်းပမည်ဖြစ်သည်။

ကျောင်း၏ရာပြည့်ပွဲတော်အထိမ်းအမှတ်အခမ်းအနားနှင့် ဒုတိယအကြိမ်မြတ်ဆရာပူဇော်ပွဲကျင်းပရေးနှင့် အပူဇော်ခံမည့် ဆရာ ဆရာမများအတွက် ပူဇော်ထောက်ပံ့ လှူဒါန်းလိုသည့် ကျောင်းသား ကျောင်းသူဟောင်းများသည် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကြည်သိန်း ဖုန်း-၀၅၇-၂၃၁၆၇၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်မြညွန့်ရီ ဖုန်း-၀၅၇-၂၂၀၉၃၊ ကျင်းပရေးကော်မတီဝင် ဦးကျော်လူး ဖုန်း-၀၅၇-၂၁၈၄၈၊ ဦးစီနား(အတွင်းရေးမှူး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့) ဖုန်း-၀၅၇-၂၁၉၃၂ နှင့် ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့်အေး ဖုန်း-၀၁-၃၇၅၀၂၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (က-ပ)

မြင်းခြံမြို့ အမှတ်(၈) ရပ်ကွက်နေ ဦးအောင်ကျော်ဦး ဒေါ်တင်တင်ဝင်းတို့က သမီး မရှင်မိစု မွေးနေ့အဖြစ် ဖေဖော်ဝါရီ ၁၂ရက်က အမက(၁၈)မှ ကျောင်းသား ကျောင်းသူများအား အာဟာရများ တိုက်ကျွေးကြစဉ်။ (၄၀၂)

အင်းတော်မြို့၌ အခြေခံမီးသတ်သင်တန်းဖွင့်

အင်းတော် မတ် ၅

အင်းတော်မြို့နယ် မီးဘေးကြီးကြပ်မှုကော်မတီနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် အခြေခံမီးသတ်ပညာဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်က အင်းတော်မြို့နယ် ခရမ်းစပ်ကုန်းကျေးရွာအုပ်စု မိုးလှိုင်းကုန်းကျေးရွာဘောလုံးကွင်းတွင်ကျင်းပရာ မြို့နယ်အတွင်းရေးမှူးဦးစိန်သောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်ဆွေ၊ ခရမ်းစပ်ကုန်းကျေးရွာဥက္ကဋ္ဌ ဦးစံအေး၊ အင်းတော်မြို့နယ်ဒေသအရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူး ဦးမြအုန်းတို့က သင်တန်းဖွင့်အမှာစကားပြောကြားကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား အမျိုးသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်းသိရသည်။ (၁၃၃)

လည်ပင်းကြီးရောဂါဖြစ်ပွားမှု ကွင်းဆင်းလေ့လာ

စစ်ကိုင်း မတ် ၅

စစ်ကိုင်းတိုင်းကျန်းမာရေးဦးစီးဌာနမှ ဒေါ်ခင်အေးကြူ(အာဟာရဌာန) သည် ဖေဖော်ဝါရီ၃ ရက်က လည်ပင်းကြီးရောဂါဖြစ်ပွားမှု၊ အိုင်အိုဒင်းဆားစားသုံးမှုနှင့် ဆီးတွင် အိုင်အိုဒင်းပါဝင်မှုတို့ကို လေ့လာရန် အင်းတော်မြို့နယ် နန့်ခင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ကွင်းဆင်းလေ့လာကြောင်း သိရသည်။ (က-ပ)

ခင်ဦးမြို့၌ ကိုယ့်အားကိုယ်ကိုး ပညာဗိမာန်စာကြည့်တိုက်ဖွင့်

ခင်ဦး မတ် ၅

ခင်ဦးမြို့နယ် ကွမ်းတိုင်းရွာအခြေခံပညာမူလတန်းကျောင်း၌ ကိုယ့်အားကိုယ်ကိုး ပညာဗိမာန်စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်မြင့်နှင့်ကျေးရွာဥက္ကဋ္ဌ ဦးမြေမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ဦးအောင်မင်းက စာကြည့်တိုက်ဖွင့် လှစ်ရခြင်းရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးကျော်တင့်က ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားရေးကိုဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

တပ်ကုန်းမြို့နယ် ဘုရင့်နောင်အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၂-၂၀၀၃ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ကြည်က ကျောင်းသူတစ်ဦးအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (၂၆၆)

ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလွင်ညွန့်၊ ဒုတိယလက်ထောက်အင်ဂျင်နီယာ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ ၇ ရက်က ဝက်လက်-အင်းကြင်ပင် ကျေးလက်ကျောက်ချောလမ်းခင်းမှုကို ကြည့်ရှုအားပေးကြစဉ်။ (၂၃၀)

ရွှေရတုအကြိုဆုမွန်

ချစ်ဖေဖေ **ဦးစိုးမြင့်**(လက်ထောက်တိုင်းမန်နေဂျာ၊ လယ်/ယာ စီးပွား-ငြိမ်း)-ချစ်မေမေ **ဒေါ်အေးသိန်း**(အလပြ-ငြိမ်း)တို့၏ ၁၄-၃-၂၀၀၄ရက်တွင် ကျရောက်သော (၄၅)နှစ်ပြည့် မင်္ဂလာနေ့ရက်တွင် နှစ် ၄၀ကျော် သားသမီးမြေးများအပေါ် ချစ်ခင်ကြင်နာခဲ့မှုအတွက် ကျေးဇူးတင်စွာဖြင့် နှစ် ရာကျော်ပျော်ရွှင်ကြပါစေကြောင်း ဆုမွန်တောင်းသ အပ်ပါသည်။

သားကြီး - အောင်စိုးမင်း-စန်းစန်းရီ(ဒေါ်လာကဖီး)
သားလတ် - ရဲနိုင်စိုး(မန်နေဂျာ၊ Golden Express ဟိုတယ်-ပုဂံ)
သားမိုး - ဗိုလ်မှူးအောင်သူစိုး(ရေ)-ခင်သန္တာ(ဒု-မြို့နယ်တရားသူကြီး)
သားတူး - အောင်စိုးမိုး(ဒု-ဦးစီး၊စည်ပင်)-မိုးမိုးလွင်
သမီးထွေး - ဝင့်မာမြင့် (ထွန်းဘဏ်၊မအူပင်)
ချစ်မြေးများ - ကျော်စွာစိုးလင်း၊ အိန္ဒြာစိုးမင်း၊ ဇာနည်စိုးမိုး





ရောင်းရန်

လက်ရှိအသုံးပြုဆဲ Toshiba Notebook P.C., DVD Drive, TFT Screen, LAN+ Modem build-in, Intel Celeeron 1000 MHZ. 256 Ram. **ဆက်သွယ်ရန်-၃၈၀၆၈၇**



အထွေထွေကိုယ်စားလှယ်လွှဲစာ
(General Power of Attorney)
ရုပ်သိမ်းခြင်း

ကျွန်တော်ဦးခင်လှ (ဘ) ဦးအုန်း ၁၂/သဃက (နိုင်) ၀၀၇၃၆၉ မှ (၁) မအေးအေးသန်း ၁၂/မဂတ (နိုင်) ၀၄၄၃၆၃၊ (၂) မောင်စိန်လွင် ၁၂/သဃက (နိုင်) ၀၆၄၁၆၉၊ (၃) မမြမြသန်း ၁၂/သဃက (နိုင်) ၀၀၉၈၇၆၊ (၄) မောင်စိုးလွင် ၁၂/သဃက (နိုင်) ၀၀၇၆၇၈ နှင့် (၅) မောင်အေးလွင် ၁၂/သဃက (နိုင်) ၀၀၇၆၇၅ တို့အား ၄-၂-၁၉၉၉ ရက်က လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ၈-၃-၂၀၀၄ ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်လှ
၁၂/သဃက (နိုင်) ၀၀၇၃၆၉
အမှတ် ၇၈၊ တောင်ထိပ်ပန်းလမ်း၊
၂၉ ရပ်ကွက်၊ လုံးချင်းအိမ်ရာ၊ သုဝဏ္ဏမြို့၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
မြဝတီခရိုင်တရားရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် ၁

မြဝန်ဆောင်မှုနှင့်အထွေထွေစီးပွားရေးလုပ်ငန်း နှင့် ဦးကျော်အေး
သမဝါယမအသင်းလီမိတက်
(ဦးညွန့်စိန်)
(တရားနိုင်) **(တရားရှုံး)**

မြဝတီခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂/၂၀၀ အမှုတွင် အနိုင်ဒီကရီအတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၀၄ ခုနှစ် ဧပြီလ ၁ ရက် နံနက် ၁၀နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့် ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက်နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့် ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသော လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ ခုနှစ် မတ်လ ၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

ပစ္စည်းစာရင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၂)ရပ်ကွက်အပိုင်၊ အကွက်အမှတ်(၄)၊ မင်းလမ်းမအကွက်၊ ဦးပိုင်အမှတ် (၁၄၁/၂၇၈)၊ မြေဧရိယာ (၀ဒသမ၀၇၀)ဧကရှိ မြေငှားဂရန်ခံမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း၊ နှစ်ထပ်တိုက်အိမ်တစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်။ ကြမ်းခင်းဈေးမှာ ကျပ်သိန်း(၁၀၀)ဖြစ်ပါသည်။

ဦးသောင်းမြင့် (တ/၁၂၄၄)
B.A. (Law) L.L.B, D.M.L., D.B.L, Advocate
ခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး၊ ကရင်ပြည်နယ်

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် မမ/၁၇၆၅ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ ပျောက်ဆုံးသွားပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(ထားဝယ်)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(ထားဝယ်)**

THREE STAR

Air-Con၊ ရေခဲသေတ္တာ တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်ရေး Good Second များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။

ဖုန်း-၇၀၅၇၈၄

အမြန်ရောင်းမည်

လက်ရှိ အသုံးပြုနေသော ကာရာအိုကေသုံး စက်ပစ္စည်းများ၊ ဆိုဖာနှင့် စားသောက်ဆိုင်သုံး စားပွဲများ ရောင်းရန်ရှိသည်။

ဖုန်း - 544423၊ 09-80-32790

ကားငှားရန်

သင်္ကြန်တွင်းလည်ရန် Truck Car မျိုးစုံနှင့်ခရီးစဉ်မျိုးစုံအတွက် ကားများငှားရန်ရှိသည်။ အကျိုးတူပူးပေါင်းလိုသူ ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၅၂၄၆၈၆၊ ၀၉-၈၀-၂၄၀၄၄

အမည်မှန်

ဦးအုန်းဝင်း၏သမီး အထက (၂)ရန်ကင်း နဝမတန်း(E)မှ မဆွေဆွေသီမွန်၏ အမည်မှန်မှာ မဖြူဖြူရည်မွန်ဖြစ်ပါကြောင်း။

မဖြူဖြူရည်မွန်

အမည်ပြောင်း

အဖ ဦးယုလွင်၏သမီး အထက (၁) မြောက်ဥက္ကလာ ဆဋ္ဌမတန်း(A)မှ မဖြိုးဝေလွင်အား မဖြိုးသဇင်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မဖြိုးသဇင်အောင်

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဓာတ်ငွေ့စက်ရုံများအတွက် အောက်ပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

အကြောင်းအရာ	**အရေအတွက်**
Calcium Carbide	215 MT

၂။ **တင်ဒါပိတ်မည့်ရက်အချိန်-** ၂၄-၃-၂၀၀၄၊ မွန်းတည့် ၁၂:၀၀ နာရီ
၃။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန၊ ဖုန်းနံပါတ်- ၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။ **မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့နေ ဦးအေးပြေသိန်း ဒေါ်နန်းကြိုင်တို့၏သား မောင်သက်ခိုင် ၇/ပခန(နိုင်)၂၁၈၈၁၀သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှ ထွက်သွားသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကိုတာဝန်မယူပါ။ **ဦးသိန်းလွင်-ဒေါ်အုန်းကြိုင်**
ကျွန်းသာယာရပ်၊ ပဲခူး။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်လွင်ကျော်သက် မှတ်ပုံတင်အမှတ်၁၂/အစန(နိုင်) ၀၉၆၃၅၉ သည် မိခင်အား စိတ်ဆင်းရဲအောင်ပြုလုပ်ပါ၍ သားအဖြစ်မှ စွန့်လွှတ်ပါသည်။ ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝအား တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း။

မိခင် ဒေါ်မြင့်မြင့်ခိုင်
(K.K.S Co., Ltd)
ရွှေပြည်သာ စက်မှုဇုန်၊ ရန်ကုန်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ျ/၂၀၅၃ လက်ဝယ်ရှိသူက ယာဉ်ဆက်လက်မှတ်ပုံတင်ခွင့်နှင့် အမည်ပြောင်းခွင့် ပျောက်ဆုံးသွားပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး (တောင်ငူ)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(တောင်ငူ)

မိသားစုစီမံမှုဖြင့် အမွေခွဲဝေပေးခြင်းစာချုပ်အား ပယ်ဖျက်ခြင်း

ကျွန်တော်ဦးခင်လှ (ဘ)ဦးအုန်း ၁၂/သဃက (နိုင်) ၀၀၇၃၆၉ ၏ လွတ်လပ်သော သဘောတူညီချက်မပါဘဲ သမီးများဖြစ်ကြသော (၁) မအေးအေးသန်း ၁၂/မဂတ (နိုင်) ၀၄၄၃၆၃၊ (၂) မမြမြသန်း ၁၂/သဃက(နိုင်)၀၀၉၈၇၆ နှင့် သားဖြစ်သူ မောင်အေးလွင် ၁၂/သဃက(နိုင်)၀၀၇၆၇၅ တို့မှ ၆-၂-၉၉ ရက်စွဲပါ မိသားစုစီမံမှုဖြင့် အမွေခွဲဝေပေးခြင်း စာချုပ်ကို ၎င်းတို့သုံးဦးမှ မဟုတ်မမှန် တစ်ဖက်သတ် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။

သို့ပါ၍ အထက်ပါ ၆-၂-၉၉ ရက်စွဲပါ မိသားစုစီမံမှုဖြင့် အမွေခွဲဝေပေးခြင်းစာချုပ်ကို (ယနေ့) ၈-၃-၂၀၀၄ ရက်မှစ၍ ပယ်ဖျက်လိုက်ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်လှ ၁၂/သဃက(နိုင်)၀၀၇၃၆၉
အမှတ် ၇၈၊ တောင်ထိပ်ပန်းလမ်း၊ ၂၉ ရပ်ကွက်၊ လုံးချင်းအိမ်ရာ၊ သုဝဏ္ဏမြို့၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်ပျောက်ဆုံးခြင်း ယာဉ်အမှတ် ၆က/၂၄၃၀ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးရာလျန်မှန်း မှတ်ပုံတင်အမှတ် ၁၂/မရက (နိုင်)၀၀၅၈၀၃မှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် ပျောက်ဆုံးသွားပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကညန၊ အနောက်ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း**



အများသိစေရန်သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ ၂၂ လမ်း၊ အမှတ် ၅၇ နေ ရပ်ကုတ်ကား(ခ)ဦးမောင်မောင်ချစ် ၁၂/လသန(နိုင်)၀၁၅၉၂၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်-ယခင်၊ ဘီ-၁ (ယခု-၂၁-ဘီ-၁) မြေကွက်အမှတ် တောင်ဘက်၏ တစ်ဝက် ပဉ္စမတန်းစား မြေကွက် အမှတ်(၃၅) (၁၂ ပေခွဲ X ပေ၅၀)ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ ၅ ရပ်ကွက်၊ ၂၂ လမ်း၊ အမှတ် (၅၇) ဟုခေါ်တွင်သော သုံးထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ကျွန်ုပ်၏အမှုသည် အမည်ပေါက် ပိုင်ဆိုင်ပါသည်။ ၎င်း၏သဘောတူ ခွင့်ပြုချက်မရရှိဘဲ မည်သူမျှရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးစိုးဝင်း
B.A (Law), LL.B
တရားရုံးချုပ်ရှေ့နေ (၂၄၂၉)
အမှတ် ၅၅၊ အခန်း(၁၇)
မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

ဦးကျော်ထွန်းအောင်
(ရဲအငြိမ်းစား)
(ခြံပြင်ကျေးရွာ၊မောင်တောမြို့)
အသက်(၈၆)နှစ်

မောင်တောမြို့နယ် (ဦးကျော်ထင်-ဒေါ်လှမဖြူ)တို့၏သား၊ (ဦးမောင်သာထွန်း-ဒေါ်မလှ)တို့၏ သားသမက်၊ ဒေါ်မထွေးဖြူ၏ခင်ပွန်း၊ ဦးစောထွန်းအောင်(မီးရထား၊ငြိမ်း)၊ ဦးစောပွင့်အောင်(ဆက်သွယ်ရေး၊ ငြိမ်း)၊ (ဒေါ်ပန်းသာခိုင်)၊ (ဒေါ်အပု)၊ (ဒေါ်နှင်းဇီခိုင်)၊ ဒေါ်မလုံး၊ ဒေါ်ပန်းနုဖြူ၊ ဒေါ်နှင်းနုဖြူ တို့၏မောင်/အစ်ကို၊ ဒေါ်သိန်းကျော့ဦး (ရဲစာရေးကြီး၊ ငြိမ်း) ဦးကျော်သိန်း (သေး/ချေးရုံးခွဲမှူး၊ငြိမ်း)၊ဦးကျော်မောင် (တပ်မတော်၊ငြိမ်း) (ဥက္ကဋ္ဌ၊ ရပ်ကွက်-၄)၊ ဒေါ်သိန်းသိန်းစိန် (သာကေတ)၊ ဦးကျော်အေး (ဥက္ကဋ္ဌ၊ ရပ်ကွက်-၃)၊ ဒေါ်ကြည်ကြည်၊ ဒေါ်ရွှေကြည်(သားဖွားဆရာမ)၊ ဦးကျော်သန်း (တပ်မတော်၊ ငြိမ်း)တို့၏ဖခင်၊ မြေး ၃၁ ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘိုးသည် ၁၈-၂-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၀၄ရက်တွင် မောင်တောမြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

တစ်နှစ်ပြည့် မင်္ဂလာဆုတောင်း

ကိုမိုးချွန် (MWA-၀၀၇၆၆၈)-မဥမ္မာအောင် ၅/ဆလက(နိုင်)၀၃၅၇၉၂တို့၏ ၁၁-၃-၂၀၀၄ရက်တွင် ကျရောက်သော တစ်နှစ်မြောက်မင်္ဂလာမှ နောင်နှစ်ပေါင်း ၁၀၀ကျော်တိုင်အောင် သာယာဖြောင့်ဖြူး ပျော်ရွှင်ကြည်နူးနိုင်ပါစေ။

စီးပွားရေးတက္ကသိုလ်မှ
မသူဇာအောင်နှင့်သူငယ်ချင်းများ

တောင်သာမြို့နယ်အသင်း (ရန်ကုန်)

နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားခြင်း

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၃-၂၀၀၄ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသည်။

အသင်းဝင်များအားလုံးနှင့် မြို့နယ်သူ မြို့နယ်သားများအားလုံး မပျက်မကွက် (မပျက်မကွက်) တက်ရောက်ကြပါရန်နှင့် ၂၀၀၃ ခုနှစ် အခြေခံပညာအထက်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများ(စာရင်းပေးထားသူများ) အားလုံး တက်ရောက်ကြပါရန် အသိပေး နိုးဆော်ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ - ၂၁-၃-၂၀၀၄
ကျင်းပမည့်အချိန် - မွန်းတည့် ၁၂:၀၀နာရီ
ကျင်းပမည့်နေရာ - **"စက်မှုမွှေးရုံ"** အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့မုခ်အနီး၊ ရန်ကုန်မြို့။

အမှုဆောင်အဖွဲ့



ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဇော်မင်း ၁၂/သကတ(နိုင်) ၀၃၂၇၁၇ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် ၃၀၀၉၆ါသည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၇၂၈၄၄၉





ကျွန်တော်မကြော်ငြာပါ

အကြောပြင်ပညာဖြင့် မနာကျင်စေဘဲ

* ခါးနာ၊ ဒူးနာနှင့် အရိုးကျိုးပေါင်းတက်သူများ ၁၅ မိနစ်အတွင်း သက်သာစေရမည်။
* အကြောရောဂါမှန်သမျှကုသပေးမည်။
* လေဖြတ်မှာ ကြောက်သူများကို ကြိုတင် ကာကွယ်ပေးမည်။

ဦးအေးထွန်း
၅၇၊ (၄)လမ်း၊ မာလာမြိုင်၊အုတ်ကျင်း၊ ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ်

အမှတ်(၂၄) ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးအနောက်ရပ်ကွက် ကိုယ့်မင်းကိုယ့်ချင်း ရိပ်သာလမ်း၊ အမှတ် (၂၄)တွင် နေထိုင်သူ ဦးဖေသိန်း နိုင်ငံသားကတ်အမှတ် ၁၂/ဗဟန (နိုင်) ၀၀၅၀၂၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း အမှတ် ၂၄ ဟု ခေါ်တွင်သော အိမ်နှင့် ယင်းအိမ်တည်ရှိရာ ရန်ကုန်တိုင်း တာမွေတိုက်နယ် မြေတိုင်းရပ်ကွက် အမှတ်၂ (ဘီ) မြေကွက်၊ အမှတ် ၄၉၄ A[5]ဧရိယာ ၁ ဒသမ ၂၀၈ဧကရှိ မြေပေါ်တွင် ဦးဖေသိန်းသည် မိဘများဖြစ်သော ဦးဂျိုကြီးမောင်၊ ဒေါ်အေးမိသားစုနှင့်အတူ ၁-၂-၁၉၄၇ နေ့မှ ယနေ့အထိ လက်ရှိနေထိုင်လာသူဖြစ်ပါသည်။

ယင်းမြေနှင့် အိမ်အား ယခင်က ဦးချန်ဂေဂွမ်း၊ ဦးချန်ယူကြိုင်၊ ဦးချန်ယူဟုတ်၊ ဦးချန်ယူဂွမ်း၊ ဦးချန်ယူကင်းနှင့် ဦးချန်ခိန်ဂွမ်း ညီအစ်ကို ခြောက်ဦးမှ ၇-၁၂-၁၉၃၇နေ့စွဲပါ မှတ်ပုံတင်စာချုပ်ဖြင့် ပူးတွဲပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါညီအစ်ကို ခြောက်ဦးအနက် ငါးဦးမှာ လွန်ခဲ့သော နှစ် ၅၀ ခန့်ကပင် ပြည်ပသို့ အပြီးအပိုင်ထွက်ခွာသွားခဲ့ပြီး ပြည်ပ၌ပင် ကွယ်လွန်ခဲ့ကြပြီးဖြစ်ပါသည်။ ကျန်ရစ်သူ ဦးချန်ဂေဂွမ်းမှာလည်း လွန်ခဲ့သော ၂၅နှစ်ခန့်က ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။

သို့အတွက် အချင်းဖြစ်မြေနှင့်အိမ်မှာ ၁၉၈၇ခုနှစ် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေအရ နိုင်ငံတော်၏ စီမံခန့်ခွဲမှုအောက်သို့ ရောက်ရှိသွားပြီးဖြစ်ပါသည်။

ကျွန်ုပ်၏အမှုသည်ဖြစ်သူမှာ ယင်းမြေအား နှစ်ပေါင်း ၅၇နှစ်ကျော် အနှောင့်အယှက်မရှိ တောက်လျှောက် လက်ရှိထားခဲ့သူတစ်ဦးအနေဖြင့် ဂရန်အမည်ပေါက်ထုတ်ပေးပါရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားရန် စီစဉ်ပြီးဖြစ်ပါသည်။ ၁၀-၂-၂၀၀၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၄ ပါ တရားရုံးချုပ်ရှေ့နေ ဒေါ်ဥမ္မာသျှား B.A(Law) LL.B ၏ ကြေညာချက်ပါ အဆိုပါမြေနှင့်အိမ်ကို ဒေါ်ခင်ခင်ချိုတစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည်ဆိုခြင်းမှာ မှန်ကန်မှုမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

သို့ပါ၍ ကျွန်ုပ်၏အမှုသည် ဦးဖေသိန်း၏ သဘောတူခွင့်ပြုချက်မရှိဘဲ အဆိုပါမြေနှင့်အိမ်အား လွှဲပြောင်းရောင်းချခြင်း၊ တစ်နည်းနည်း စီမံခန့်ခွဲခြင်းများ မပြုပါရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစန်းလွင်
B.H,H.G.P,R.L
တရားရုံးချုပ်ရှေ့နေ
အခန်း (C-၁၀)အမှတ် ၅၀ (ပ-ထပ်) ဘဏ်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ ဘုရင့်နောင်လမ်း၊ အိမ်အမှတ် ၂၇ နေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၀/မလမ(နိုင်)၁၅၃၀၇၃ ကိုင်ဆောင်သူ "မြပန်း" ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးတင်ဝင်းညို၏ လွှဲအပ်ညွှန်ကြားချက်အရ၊ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

"မြပန်း"ရင်းနှီးမြှုပ်နှံမှုနှင့်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်သည် မိသားစုပိုင်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ "မြပန်း" ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်နှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာကိစ္စအဝဝကို မိသားစုဝင်များသာ ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီကိစ္စရပ်များနှင့်ပတ်သက်ပြီး အခြားပြင်ပပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း၊ အခြားအဖွဲ့အစည်း တစ်ခုခုကိုသော်လည်းကောင်း၊ တရားဝင်ကိုယ်စားလှယ်လွှဲအပ်ထားခြင်း၊ တာဝန်ပေးစေလွှတ်ထားခြင်းများ မရှိပါ။

သို့ဖြစ်ပါ၍ "မြပန်း"ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီနှင့် ထုတ်လုပ်မှုကုမ္ပဏီလီမိတက်ဆိုင်ရာ ကိစ္စရပ်များတွင် "မြပန်း"ကုမ္ပဏီ၏ အကျိုးပျက်စီးစေရန် ကြံရွယ်၍ အယောင်ဆောင်ခြင်း၊ နှောင့်ယှက်ဖျက်ဆီးခြင်းများ ပြုလုပ်သူများကို တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် "မြပန်း"ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုကုမ္ပဏီလီမိတက်နှင့် ဆောင်ရွက်လိုသူများသည် အောက်ဖော်ပြပါလိပ်စာနှင့် တယ်လီဖုန်းနံပါတ်များအတိုင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

- "မြပန်း" ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုကုမ္ပဏီလီမိတက် အမှတ် ၂၇၊ ဘုရင့်နောင်လမ်း၊ ဘုရားသုံးဆူမြို့၊ ကရင်ပြည်နယ်။
- အမှတ် ၈၀-A၊ တောင်ဝိုင်းလ မ်း၊ ဈေးကြိုနယ်မြေ၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၄၄၆၇၊ ၀၅၈ ၇၁၂၃၃၊ ၀၁ ၄၄၈၁၂၆၅၊ ၄၄၈၁၂၆၆

E-mail;myapam@mya mat com.mm

လွှဲအပ်ညွှန်ကြားချက်အရ-

(ဦးလှကျော်-ဥပဒေအဖွဲ့)	**(ဒေါ်ကြည်ကြည်မြင့်)**
တရားရုံးချုပ်ရှေ့နေ၊ စဉ် ၃၀၆၉	**ဘီအက်စ်စီ၊ အိပ်ချ်ဂျီပီ**
အမှတ် ၂၀၊ မြို့ပတ်လမ်း	**အထက်တန်းရှေ့နေ၊စဉ် ၁၇၄၀၃**
ဒိုင်းဝန်ကွင်းရပ်၊ မော်လမြိုင်မြို့	**အမှတ် ၅၄၀၊ အောက်လမ်းမကြီး**
	ဘိုကုန်းနယ်မြေ၊ မော်လမြိုင်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းအောင် (ခ) လင်ဟွာအမ်း

အသက်(၈၀)

ဦးဝင်းဇော် (Mamaging Director)၏ ဖခင် ဦးသိန်းအောင်သည် ၁၀-၃-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းသိရပါ၍ မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း။

ရွှေရွက်လှေအထည်ချုပ်မိသားစု

မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

အောက်ဖော်ပြပါ မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူများ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် (၁၅)ရက်အတွင်း ကညန၊ ရှေ့တန်းရုံး(မူဆယ်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

၁။ မဆ/၃၈၂၅ ၂။ ၁ယ/၃၁၇၃၁

ကညန၊ရှေ့တန်းရုံး(မူဆယ်)

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး ဦးအောင်သန်း

(ဇော်ရေပုံးစက်ပိုင်ရှင်)
မိတ္ထီလာ၊ ပျော်ဘွယ်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ကျိုက္ကဆံအိမ်ရာ၊ တိုက် ၆၊ အခန်း ၁၁၁ နေ (ဦးဘထူး-ဒေါ်သက်ရင်)-ဒေါ်သန်းစိန်တို့၏ သား၊ (ဒေါ်မြသိန်း) (ဇော် သွပ်ရေပုံးစက်လုပ်ငန်း)၏ခင်ပွန်း၊ ဦးမျိုးမြင့်အောင်-ဒေါ်စောညွန့်ဝင်း၊ ဦးသန်းဌေး-ဒေါ်စန်းစန်းရင်၊ ဦးအောင်ကြည်-ဒေါ်မြမြသက်တို့၏ဦးလေး၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၁-၃-၂၀၀၄ရက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး ဦးအောင်သန်း

ဇော်ရေပုံးစက်
(မိတ္ထီလာ၊ ပျော်ဘွယ်)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံအိမ်ရာ တိုက် ၆၊ အခန်း ၁၁၁ နေ (ဦးဘထူး-ဒေါ်သက်ရင်) ဒေါ်သန်းစိန်တို့၏သား၊ (ဒေါ်မြသိန်း)ဇော် သွပ်ရေပုံး၏ခင်ပွန်း၊ ဦးသက်ဇော်၊ ဦးတင်အေး-ဒေါ်ခိုင်ငြိမ်းဇော်တို့၏ဖခင်၊ မပန်းနုတင်အေး(ဒုနှစ်၊ ဓာတုဗေဒ)မမြတ်နိုးတင်အေး(အထက-၃၊ တာမွေ)တို့၏အဘိုးသည် ၁၁-၃-၂၀၀၄ရက် ၇ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းအမကြီး ဒေါ်မေသင် (မိုးကုတ်)

အသက်(၅၂)နှစ်

မိုးကုတ်မြို့၊ကိစ္စကုတ်ရပ်၊ ဦးခတ္တိယ-ဒေါ်နန်းဆာ၊ ရေဦးမြို့ ဦးလှဖေ-ဒေါ်လှကြီးတို့၏သမီး၊ မိုးကုတ်မြို့၊ ပတ္တမြားရပ်နေ ဦးအောင်စိုး-ဒေါ်ခင်ဝင်းကြည်၊ စစ်ကိုင်းမြို့ ဗိုလ်မှူးမောင်ကြည်-ဒေါ်နန်းလှုံဝမ်း၊ မန္တလေးမြို့ ဦးကျော်ကျော်-ဒေါ်ဝင်းဝင်းတို့၏တူမ၊ မိုးကုတ်မြို့၊ မင်းတံတားရပ်နေ ဦးစောလှိုင်-ဒေါ်ခင်သန်းအေးတို့၏ညီမ၊ ရှမ်းစုရပ် ကိုဝင်းလှိုင်-မကြည်ကြည်မြင့်၊ ကိုစံလှ၊ ဗိုလ်ကုန်းရပ်နေ မတင်တင်အေး၊ မိုင်းရှူးတောင်ပေါ် လူးပေါ့ရပ်နေ ကိုတင့်လွင်၊ ကိုဇော်မင်းလွင်၊ ကိုအေးလွင်၊ ကိုအောင်မင်းဦး-မရွှေဝါ၊ မသင်းသင်းတို့၏ အစ်မ၊ ရန်ကုန်မြို့၊ ယောမင်းကြီးလမ်း၊ အမှတ် ၄၂/C၊ အခန်း ၁၂နေ ဦးကျော်ညွန့်(ခ)ဦးအာလူး၏ဇနီး၊ အောင်ကိုကိုဦး(ခ)အောင်အောင်၊ ရဲကိုကိုဦး(ခ)နောင်နောင်၊ ဇော်ကိုကိုတို့၏မိခင်၊ တူတူမ ၁၀ ယောက်တို့၏ အဒေါ်သည် ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁ နာရီတွင် ဗဟိုရ်ရှစ်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်သာဇံ (စစ်တွေ)

အသက်(၉၀)
စက်ရှင်တရားသူကြီး၊ပြည်နယ်တရားရေးဦးစီးမှူး(ငြိမ်း)
တရားရုံးချုပ်ရှေ့နေကြီး

ဦးဇော်အေးမောင်-ဒေါ်လှမြင့်သန်းတို့၏ အဘိုးသျှင်ဖြစ်သူ ဦးမောင်သာဇံသည် ၄-၃-၂၀၀၄ရက် ညနေ ၃:၃၅ နာရီတွင် ကွယ်လွန်ကြောင်း သိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့်
ရခိုင်ငြိမ်းချမ်းရေးအဖွဲ့ကြီးကန်းပြင်စခန်း၊မောင်တော

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းအောင် (ခ) လင်ဟွာအမ်း

လပွတ္တာမြို့
အသက် (၈၀)

ဦးမြင့်အေး (ဒါရိုက်တာ ပိစ်မြန်မာအီလက်ထရစ်ကုမ္ပဏီလီမိတက်) ဒေါ်ညွှန့်ရီ၏ဖခင်သည် ၁၀-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့
Peace Myanmar Electric Co., Ltd.

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလှထွန်း
မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်
(ဒုတိယဥက္ကဋ္ဌဟောင်း)
(ယခင်)အဆွေတော်နာရီဆိုင်
ထူးကြီး
အသက်(၇၇)နှစ်

ထူးကြီးမြို့နေ (ဦးဘညွန့်–ဒေါ်သန်းရီ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၆၊ ရွှေတောင်ကြားရိပ်သာလမ်းနေ (ဒေါ်သန်းမေ)၏ခင်ပွန်း၊ ဦးသန်းမြင့်–ဒေါ်ဆွေဆွေထွန်း၊ ဦးမျိုးသန့်(လေယာဉ်ဆီ၊ ရုံးချုပ်၊ MPPE)–ဒေါ်နီနီထွန်း၊ ဦးကျော်ထွန်း–ဒေါ်စမ်းစမ်းကြည်၊ ဦးအေးချို(မြို့နယ်စာရင်းစစ်အရာရှိ၊ မရမ်းကုန်းမြို့နယ်စာရင်းရုံး)–ဒေါ်ဖြူဖြူထွန်း၊ ဦးမျိုးထွန်း(MD Road Star Co.,Ltd.)–ဒေါ်မြတ်သိုက်မော်၊ ဒုတိယဗိုလ်မှူးကြီးကျော်စိုး–ဒေါ်ချိုချိုထွန်းတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၃–၃–၂၀၀၄ရက် (စနေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၃–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ဒွန်းလှ
(ထင်းစုကျေးရွာ၊ တွံတေးမြို့နယ်)
အသက်(၇၉)နှစ်

ရန်ကုန်တိုင်း၊တွံတေးမြို့နယ်၊ထင်းစုကျေးရွာနေ(ဦးမောင်ခင်–ဒေါ်စောဥ) တို့၏သမီးကြီး၊ တွံတေးမြို့နယ်၊ တမာတကောကျေးရွာနေ (ဦးကြွေလိမ်–ဒေါ်စောညွန့်)တို့၏သမီးချွေးမ၊ (ဦးကျင်မှို့)၏ဇနီး၊ (ဦးဝင်းခင်)–ဒေါ်တင်လှိုင်၊ ဦးအေးငွေ–ဒေါ်အိအိငြိမ်း(အေးငြိမ်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးတင်သိန်း–ဒေါ်ခင်ရီ၊ ဦးတင်အေး–ဒေါ်ဖြူဖြူအေး(ကိုအေးငွေနှင့်ညီများ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး၊ စော်ဘွားကြီးကုန်းပွဲရုံ)၊ ဦးမြသောင်း–ဒေါ်မြင့်မြင့်စိန်၊ မမြင့်မြင့်အေး၊ ကိုစိန်မြင့်မောင်–မယုယုဆွေတို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် အမှတ် ၁၂၊ ဆင်ရေတွင်း ၁ လမ်း၊ (၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေညီထပ်နေအိမ်၌ ၁၂–၃–၂၀၀၄ရက် (သောကြာနေ့)နံနက် ၁၁:၀၉ နာရီတွင် ကွယ်လွန်သွားပြီးဖြစ်ပါ၍ ၁၄–၃–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးထွန်းလွင်
(စက်မှုကျွမ်းကျင်–၃၊ဆည်မြောင်း၊ငြိမ်း)
ကန်တော့ခံပုဂ္ဂိုလ်
အသက်(၈၅)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ တံတားအထူးအဖွဲ့(၁)၊ ဆောက်လုပ်ရေး တရုတ်အိမ်ရာဝင်းနေ ဒေါ်သန်းချစ်၏ ခင်ပွန်း ဦးထွန်းလွင် ရာသက်ပန်အသင်းဝင်အမှတ်(၄၅၈)သည် ၁၀–၃–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂–၃–၂၀၀၄ ရက်တွင် ရေဝေးသုသာန်၌သဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ အာသဘ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)
သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၇၃)ဝါ

တနင်္သာရီတိုင်း၊ မြိတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၏ ပဓာနနာယကဖြစ်တော်မူသော အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တအာသဘသည် မိမိ၏သီတင်းသုံးတော်မူရာ ကျောင်းတိုက်၌ ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် (၁၁–၃–၂၀၀၄ရက်) ကြာသပတေးနေ့ ညနေ ၅:၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ အန္တိမအဂ္ဂိဈာပနကို ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက် (၁၅–၃–၂၀၀၄ရက်)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း။

ဈာပနကျင်းပရေးကော်မတီ။

ဘုရား၊ရဟန်း၊ကျောင်း၊ကန်ဒါယကာ သာသနာပြုဒါယကာကြီး
သဒ္ဓမ္မဇောတိကဓဇ၊ ကျမ်းပြုစာရေးဆရာကြီး
ဓမ္မာစရိယ ဦးဌေးလှိုင်
သာသနာရေးဝန်ကြီးဌာန၊အကြံပေးပညာရှင်(ငြိမ်း)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊တွဲဖက်ပါမောက္ခ(ငြိမ်း)
အသက်(၇၃)နှစ်

မဟာကမ္မဋ္ဌာနာစရိယ မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ညီ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မြစပယ်လမ်း၊ အမှတ် ၁၉/စ နေ ဒေါ်ကြင်မြင့် (ဗုဒ္ဓအသံစာပေ)၏ခင်ပွန်း၊ မမိမိခိုင်၊ မမိမိလှိုင်၊ မောင်ပြည့်ကျော်စိုး၊ မောင်ဇမ္ဗူကျော်စိုး–မဝေမာဦးတို့၏ဖခင်၊ မဇွန်ဇကေရီ ကျော်စိုး၏အဘိုးသည် ၁၁–၃–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁:၂၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅–၃–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဦးစိုင်းမင်းဝေ(ခ)ဦးဝင်းဦး နေထိုင်မကောင်းစဉ်က ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြသည့် ကျော်အထူးကုဆေးတိုက်နှင့် မန္တလေးဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ ဆေးခန်းဝန်ထမ်းများ၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော မန္တလေးကွန်ပျူတာကောလိပ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အပေါင်းအသင်းများ၊ ရပ်မိရပ်ဖများအား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ပုသိမ်အသင်းဥက္ကဋ္ဌ ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)၏မိခင် ဒေါ်မြခင် အသက်(၉၃)နှစ်သည် ၄–၃–၂၀၀၄ရက်တွင် ပုသိမ်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ပုသိမ်အသင်းအမှုဆောင်အဖွဲ့နှင့် အသင်းဝင်များက မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အဖွဲ့၊ ပုသိမ်အသင်း(ရန်ကုန်)။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဒုတိယဗိုလ်မှူးကြီးမြသန့်
(ငြိမ်း)
ဗိုလ်သင်တန်းအပတ်စဉ်(၈)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ်၅၆၊ ရွှေဘုံသာလမ်းနေ ဒေါ်ခင်မာဝင်း၏ခင်ပွန်း၊ ဒုညွှန်မှူးဦးမောင်မောင်စိန်–ဒေါ်မြမာဦး၊ ဦးဝင်းအောင်–ဒေါ်မြတ်လေးဆွေ၊ ဦးစိုင်းမြင့်သောင်း–ဒေါ်ခင်သန့်ဇင်ဝင်း၊ ဦးဝင်းသန့်–ဒေါ်ခင်မိုးမိုးမင်း၊ ဦးသန့်ထွန်းအေး၊ ဦးလူမော်–ဒေါ်ယဉ်မာသန့်တို့၏ဖခင်၊ မြေး၁၁ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် အမှတ်၆၊ ငွေကြာယံ ၁၄လမ်း နေအိမ်တွင် ၁၃–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၃–၂၀၀၄ရက် မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အေးကြည်
အသက်(၇၁)နှစ်

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊အမှတ်၂၇၊လေးလွှာနေ ဦးထွန်းလွင်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ငြိမ်း)၏ဇနီး၊ ဒေါက်တာခင်သီတာ–ဒေါက်တာနေလင်းဦး၊ ဒေါက်တာဝင်းနိုင်–မမြင့်မြင့်အေး၊မခင်မာလာတို့၏မိခင်၊ မောင်ဘုန်းလင်းဟိန်း၊မောင်ရဲမင်းဟိန်း၊မောင်ချမ်းလင်းဟိန်းတို့၏ အဘွားသည် အထက်ပါနေအိမ်၌ ၁၃–၃–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၃–၂၀၀၄ ရက်(တနင်္လာနေ့)နံနက်၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်လထော်နန်ဂရောင်
အလယ်တန်းပြဆရာမ(ငြိမ်း)
အထက(၁)ဗန်းမော်မြို့
အသက်(၇၄)နှစ်

ဗန်းမော်ခရိုင်၊ အင်ဘာပါရွာနေ (ဆရာကြီး ဒူဝါလထော်ဇော်ဆိုင်း–ဒေါ်ဒမောင်ရွယ်)တို့၏သမီးကြီး၊ (ဦးမခါနော်–ဒေါ်လဖိုင်ကော့)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇမ္ဗူရစ်လမ်း၊ အမှတ် ၁၆၊ အခန်း ၃ နေ ဦးမခါကမ်ထွဲ (စိန်လုံတောင်တန်းဝန်ထောက်၊ ငြိမ်း)၏ဇနီး၊ မြစ်ကြီးနားမြို့နေ ဦးလထော်ဂွမ်ဂျာ–ဒေါ်လဖိုင်နန်ကွယ်၊ ရန်ကုန်မြို့နေ ဒေါ်လထော်နန်လုံ–(ဦးကျော်ဝင်း)၊ မြစ်ကြီးနားမြို့နေ ဒေါ်လထော်နန်တောမ်–(ဦးဘုန်းအောင်နော်)တို့၏အစ်မကြီး၊ ဒေါ်ခေါန်ရာ(ဒု–ညွှန်/မှူး၊ဆည်မြောင်းရုံးချုပ်)–ဦးလဘန်ရှိန်ရစ်(လ/ထထွေဂျာ၊ မြန်မာ့မီးရထား၊ စွမ်းအားပြည့်ကော်မတီ)၊ ဒေါ်ဘောက်နူး၊ ဒေါ်ရွယ်တောင် – Mr. Yuji Kinoshita ၊ ဦးနူးလာ–ဒေါ်အဲလစ်ဇဘက်ရှန်လွမ်(ခ) Nu Nu ၊ ဗိုလ်ကြီး ထုဆန်(သားဖွား/မီးယပ်နှင့် ကလေးဆေးရုံ၊ မင်္ဂလာဒုံ)၊ ဦးနော်တောင်–ဒေါ်ထုဆိုင်း၊ ဦးလဒိန်–ဒေါ်မရန်ဂျာဆိုင်းတို့၏မိခင်၊ မောင်လဘန်ဘရန်မိုင် (TTC ၊ ရန်ကင်း)၊ မဆိုင်းဆန့်တို့၏ အဘွားသည် ၉–၃–၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၁၁:၄၅ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅–၃–၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်တွင်ဝတ်ပြုဆုတောင်းပြီးဂူသွင်းသဂြိုဟ်ပါမည်။ (ရွှေပြည်အေးလမ်း၊စမ်းချောင်း၊ ကချင်နှစ်ခြင်းအသင်းတော်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအေးသောင်း
စာရင်းကိုင်(၁)
[ရေအားလျှပ်စစ်ဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊ ညွှန်ကြားရေးမှူးရုံး၊တောင်ငူ]
အသက်(၅၆)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ပိုင်းရပ်ကွက်၊ ဦးညိုလမ်းသွယ်(၆)၊ အိမ်အမှတ် ၁၂၀နေ (ဦးဘိုးဆိုင်–ဒေါ်အုန်းရင်)တို့၏သား၊ (ဦးစံသိန်း)–ဒေါ်ချစ်ခင်တို့၏ သားသမက်၊ ကိုစိုးလွင်–မခင်နှင်းအေး၊ မောင်ဝဏ္ဏ (ဈေးကွက်ဂျာနယ်)၊ မတင်နီလာအေး၊ မောင်ဇော်ဇော်ဦး၊ မောင်ဇော်ဇော်ထွန်း–မနွယ်နွယ်အောင်၊ မောင်အောင်သီဟတို့၏ဖခင်၊ မောင်ဖြိုးကိုကို၏အဘိုး၊ ဒေါ်စောတင်၏ခင်ပွန်းသည် ၁၂–၃–၂၀၀၄ရက်(သောကြာနေ့)နံနက် ၈ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၄–၃–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈–၃–၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမြအောင် (တောင်ကုတ်)
ရုံးခွဲမှူး(ငြိမ်း)
အသေးစားချေးငွေ(ရေကျော်)
အသက်(၈၉)နှစ်

တောင်ကုတ်မြို့နေ (ဦးညီပု–ဒေါ်မလေး)တို့၏ တစ်ဦးတည်းသောသား၊ (ဦးဘိုးသစ်–ဒေါ်အေးမြင့်)တို့၏သားသမက်၊ (ဒေါ်ဖွားချစ်) ၏ခင်ပွန်း၊ (ဦးခင်မောင်ဦး)၊ သုဝဏ္ဏမြို့၊ (၂၄) ရပ်ကွက်၊ ရေနံ့သာလမ်း၊ သန္တာလမ်းသွယ်၊ တိုက်အမှတ် ၁၅၄/၆နေ ဦးမြင့်သိန်း (ဒုညွှန်မှူး၊ ပြည်သူ့လွှတ်တော်ရုံး)–ဒေါ်ခင်ခင်အုန်း(ဒုဦးစီးမှူး)၊ ဘားအံမြို့နေ ဦးခင်မောင်ချို–ဒေါ်မြင့်အေးတို့၏ဖခင်၊ ဒေါ်ခင်မြ၏ ဘကြီး၊ ဦးဘုန်းမော်အောင် (နည်းပြ၊ကိုရီးယားဘာသာဌာန၊မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ်)၊ မြေးခြောက်ယောက်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၃–၃–၂၀၀၄ရက်(စနေနေ့)နံနက် ၈:၃၀နာရီတွင် ကွယ်လွန်ပါ၍ ၁၅–၃–၂၀၀၄ ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမကြီး
ဒေါ်တင်ယု
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ သိမ်ကြီးလမ်း(အောက်)၊ အမှတ် ၁၇ နေ(ဦးဘွန်ထောင်–ဒေါ်ကျင်အေး)တို့၏သမီး၊ ဦးကြည်၏ဇနီး၊ ဦးလှဖေ–ဒေါ်ကျင်သန်းတို့၏အစ်မ၊ ကိုခင်မောင်လှ–မဌေးဌေးမြိုင်၊ ကိုသန်းဌေး၊ ကိုဇော်လင်း၊ ကိုသန်းထွေး၊ကိုဝင်းထွေး (Global Net)–မနီနီဦးတို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၀–၃–၂၀၀၄ရက် ညတွင် ဗဟိုရိုစည် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၄–၃–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးလှထွန်း
မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်
(ဒု–ဥက္ကဋ္ဌဟောင်း)
(ယခင်)အဆွေတော်နာရီဆိုင်
(ထူးကြီး)
အသက်(၇၇)နှစ်

ထူးကြီးမြို့နေ (ဦးဘညွန့်–ဒေါ်သန်းရီ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၆၊ ရွှေတောင်ကြားရိပ်သာလမ်းနေ(ဒေါ်သန်းမေ)၏ခင်ပွန်း၊မောင်အာကာကျော်ထွန်း(AGTI. Mechatronic)၊ မောင်ဝေယံကျော်ထွန်း(2nd Year, Eco)၊ မောင်သန့်ဇင်ထွန်း(IX-A၊ အထက–၅၊ ဗိုလ်တထောင်၊ မောင်ပြည့်စုံကျော်ထွန်း(IX၊အထက–၂၊ဗဟန်း)၊ မောင်ကျော်ဘိုဘိုထွန်း(VIII၊အထက၊ ကလော)၊ မသန့်ချောချောထွန်း(VI-C၊ အထက–၅၊ ဗိုလ်တထောင်)၊ မောင်မင်းဆက်ထွန်း(VI၊အထက–၂၊ဗဟန်း)၊ မစိုးမြတ်နိုးထွန်း(IV၊အထက၊ကလော)၊ မောင်စိုးလွင်နောင်ထွန်း(IV၊အမလက–၃၊ ဗဟန်း)၊ မောင်စိုးဝေမင်းထွန်း(III၊ အမလက–၃၊ဗဟန်း)တို့၏အဘိုးသည် ၁၃–၃–၂၀၀၄ရက်(စနေနေ့)နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၃–၂၀၀၄ရက်(တနင်္လာနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးသိန်းတန်
မင်္ဂလာဒုံ(မြသီတာရပ်ကွက်)
အသက်(၆၅)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နေ (ဦးမောင်ငယ်–ဒေါ်အေးမှာ)တို့၏သား၊ (ဦးဘဇင်–ဒေါ်ခင်ကြည်)၊ ဦးတင်အောင်လွင်(လက်ထောက်ညွှန်ကြားရေးမှူး၊ ဘဏ္ဍာရေး M.E.P.E ၊ ငြိမ်း)–(ဒေါ်ရွှေထည်)(မှတ်တမ်းရုံး၊ ငြိမ်း) တို့၏ညီ/မောင်၊ ဒုတိယဗိုလ်မှူးကြီးတိုးမြင့်(ငြိမ်း)–ဒေါ်ချိုချိုဝင်းတို့၏အစ်ကို၊ ကိုအောင်နိုင်ထွန်း၊ ကိုခင်မောင်ထွန်း၊ မယဉ်မေအေး၊ မဇင်မေအေး၊ မောင်သိန်းဇော်ထွန်း–မမြင့်မြင့်ရီ၊ မောင်နေဝင်း၊ မခင်မေအေး၊ မသင်းမြအေးတို့၏ဖခင်၊ အမှတ် ၂၂၊ ဗဟိုလမ်း၊ မြသီတာရပ်ကွက်၊ ပျဉ်းမပင်အုပ်စု၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်လှမွန်၏ခင်ပွန်းသည် ၁၃–၃–၂၀၀၄ ရက် (စနေနေ့) နံနက် ၇:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၃–၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရားအမ၊ရဟန်းအမ၊
ရဟန်းမယ်တော်ကြီး
ဒေါ်မြင့်မြင့်သွယ်
(ဘုန်းကြီးလမ်း)
ကျောင်းဆရာမ(ငြိမ်း)
အထက(၂)လသာ
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေဥမင်ဓမ္မ သုခတောရရိပ်သာ နာယကဆရာတော်အရှင်တေဇိန္ဒ(နေညို ရန်ကုန်စက်မှုတက္ကသိုလ်)၏ မွေးသမိခင်ရဟန်းမယ်တော်ကြီး၊အရှင်ဉာဏဝံသ(မန္တလေး)၊ အရှင်ပညာဇောတ(မော်လမြိုင်)တို့၏ ရဟန်းအမ၊ (ဦးဘသွယ်– ဒေါ်စိန်းညို) တို့၏သမီးထွေး၊ (ဦးဘတင်အောင်–ဒေါ်ညွန့်ညွန့်)တို့၏ သမီးချွေးမ၊ (ဦးထွန်းလှိုင်)–ဒေါ်ခင်လှလှ၊ ဦးချစ်ဆိုင်–ဒေါ်ခင်မြမြ၊ ဦးကြူ–ဒေါ်ရင်ရင်တို့၏ညီမထွေး၊ ဦးမောင်စိုး–ဒေါ်တင်တင်နွဲ့၊ ဦးသက်နောင်–ဒေါ်ချိုမြာ၊ ဒေါ်ခင်သန်းဝင်း၊ ဒေါ်ယဉ်ယဉ်လှ၊ ဦးဝင်းညွန့်–ဒေါ်အေးအေးနွယ် တို့၏အစ်မ/ ညီမ၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်၂၅၊ ဘုန်းကြီးလမ်း၊ ဒုတိယထပ်နေ ဦးသက်ညို(လယ်သမားများသ/မဘဏ်)၏ဇနီး၊မသဉ္ဇာသက်ညို (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၏မိခင်၊ တူ တူမ၁၃ယောက်တို့၏အဒေါ်သည် ၁၂–၃–၂၀၀၄ရက် (သောကြာနေ့) ည ၁၂:၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၃–၂၀၀၄ရက်(တနင်္လာနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဖျော့မောင် (စစ်တွေ)
အသက်(၆၀)

စစ်တွေမြို့နေ (ဦးဦးစိန်မောင်–ဒေါ်မဲမကြီး)တို့၏သား၊ (ဦးမောင်မြ–ဒေါ်မဲညွန့်)တို့သားသမက်၊ (ဒေါ်ခင်သိန်း)၏ခင်ပွန်း၊ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်တောင်ပိုင်း၊ ၁၉ ရပ်ကွက်၊ နီလာလမ်း၊ အမှတ် ၆/က နေ (မောင်ဇော်မင်းဦး)၊ မောင်သိန်းထိုက်အောင်၊ မမြသီတာခင်၊ မောင်မြင့်လွင်–မမြနီလာခင် (B.A; Hist)၊ မောင်အောင်ဝင်းလှိုင်(မဆရ)၊ ဗိုလ်ကြီးအောင်မျိုးလှိုင်၊ (မမြဥမ္မာခင်)၊ (မောင်အောင်မြတ်လှိုင်)တို့၏ဖခင်၊ မြေးတစ်ယောက်တို့၏အဘိုးသည် ၁၂–၃–၂၀၀၄ရက် (သောကြာနေ့)ည ၇:၅၀နာရီတွင် စံပြပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ရက် (အင်္ဂါနေ့)မွန်းလွဲ ၁:၃၀နာရီတွင် စံပြပြည်သူ့အအေးခန်းမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ဇရပ်
ရဟန်းဒါယကာကြီး
ဦးညိုအေး(ခ)ကိုမြမင်း
(ရေဦး)
အထက(၅)အလုံ
အသက်(၅၆)နှစ်

စစ်ကိုင်းတိုင်း၊ ရေဦးမြို့နယ်၊ တောင်ခွင်ကျေးရွာနေ (ဦးကျော်သိန်း)–ဒေါ်စိန်လုံတို့၏သားကြီး၊ဆီဆုံကျေးရွာနေ (ဦးစံထွေး)–ဒေါ်ကြီးစိန်တို့၏သားသမက်၊ အထက(၅)အလုံကျောင်းဝင်းနေ ဒေါ်မြသန်း(ရွှေရင်အေး)၏ ခင်ပွန်း၊ ဦးမြဝင်း–ဒေါ်ခင်လေး (မော်နီစတားဖိနပ်)၊ ဦးမြရွှန်း(အိုင်ပင်ဟိုး ကြေးနီစီမံကိန်း၊မိုင်းမြို့နယ်)–ဒေါ်နီနီ၊ ဒေါ်ကြည်အေး–ဦးထွန်းမောင်(အိုင်ပင်ဟိုးကြေးနီစီမံကိန်း၊မိုင်းမြို့နယ်)၊ ဦးမြင့်အောင်–ဒေါ်မာလာတို့၏ အစ်ကိုကြီး၊ မောင်ဝင်းလှိုင်ဦး(ခ)သန့်ဇင်(JSM Internation Co.,Ltd.)၊မသင်း သင်းဌေး(စီးပွားရေးဦးပိုင်အစုရှယ်ယာ ဌာန)၊ မောင်ကျော်ဆန်းလင်း(K&P Interprice Co., Ltd)၊ မောင်ကျော်စိုးထွန်း(Mali Shipping Co.,Ltd.) တို့၏ဖခင်သည်၁၂–၃–၂၀၀၄ (သောကြာနေ့) ည ၇:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၃–၂၀၀၄ရက်နေ့ ညနေ ၃နာရီတွင် ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်အုံးမြ
(ဖွဲ့စုံ)ကမ္ဘာအေး
အသက်(၇၀)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သမာဓိ ၆လမ်း၊ အမှတ် ၆နေ (ဦးစိန်ခ–ဒေါ်လှဝင်း)တို့၏သမီး၊ ရဟန်း ဒါယကာကြီး[ဦးမဲ(ခ) ဦးအုန်းလှိုင်]၏ဇနီး၊ ဦးအေးဌေး–(ဒေါ်တင်လှ)၊ ဦးလှမောင်–ဒေါ်ရင်အေး(S.M.E.H Co.,Ltd)၊ဦးဘုန်းနိုင်(နည်းပြဆက်/စာ၊ ကြေးနန်းဝန်ကြီးဌာန၊ ဘောလုံးအသင်း)–ဒေါ်ပန်းခင်ခင်(Green Elephant Restaurant)–ဦးတင့်ဆွေ (၁၆၈၊ ငြိမ်းချမ်းရေးယာဉ်လိုင်း)–မမြင့်ဆွေ၊ ဦးမြင့်ကိုကို (Sun Myanmar Elephant House Co.,Ltd)–ဒေါ်စန်းစန်းဌေး (S.M. E.H Co., Ltd)၊ ဦးရဲဝင်း–ဒေါ်သင်းသင်း၊ မခင်စန်းရီ(သစ်တောရေးရာဝန်ကြီးဌာန) တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၁–၃–၂၀၀၄ရက် ည၈:၂၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅–၃–၂၀၀၄ ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြူကြူနွဲ့
B.Sc (Maths)
ဌာနခွဲစာရေး(လယ်/ဆည်၊ ဝါနှင့်ပိုးချည်)
အသက်(၄၀)

ရန်ကုန်မြို့၊အလုံမြို့နယ်၊ဧရာဝတီလမ်း၊ အမှတ် ၉၊ ဌာနာရပ်ကွက်နေ (ဒေါ်ကင်ဝှါး)၏ တူမသမီး၊(ဦးကျော်နွဲ့)–ဒေါ်စန်းမြင့်တို့၏ သမီးထွေး၊ ဦးကိုဦး–ဒေါ်စန်းစန်းနွဲ့၊ (ဦးရဲထွဋ်)၊ ဒေါ်ယဉ်ယဉ်နွဲ့၊ ဦးသန်းဦး–ဒေါ်အေးအေးနွဲ့(စစစ၊မုံရွာ)တို့၏ညီမ၊ ကိုမျိုးထွဋ်၏ အစ်မ၊ မမြသက်ထား၊ မစန္ဒာသက်ထား၊မထက်ယဉ်မင်းဦး၊မသုထက်မွန်ဦးတို့၏ အဒေါ်သည် ၁၂–၃–၂၀၀၄ ရက်(သောကြာနေ့) ည ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၃–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများနံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မခိုင်စုလင်း
အသက်(၁၄)နှစ်

ရန်ကုန်မြို့နေ (ဦးကင်စန်း)–ဒေါ်ကျိုတီ၊ ဦးကျိုလိန်ကျောင်း– ဒေါ်စိန်စိန်တို့၏မြေး၊ အမှတ် ၆၈၊ ၁၃ လမ်း၊ မြေညီထပ်နေ ဦးလှဝင်း–ဒေါ်ဖိတ်တင်တို့၏သမီးကြီး၊မနေခြည်လှဝင်း၊မဇွန်ဇာခြည်နိုင်၊ မအိအိကျော့စံ၊ မမိုးပွင့်ဖြူတို့၏အစ်မကြီးသည် ၁၂–၃–၂၀၀၄ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၃–၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်သောင်းမြင့် (ထားဝယ်)
အသက်(၆၄)နှစ်

ထားဝယ်မြို့၊ အောက်သရက်ချောင်းကျေးရွာနေ (ဦးစစ်အေး–ဒေါ်ချွန်ရည်)တို့၏ သမီး၊ ရန်ကုန်မြို့ အမှတ် ၆၅၅၊ ၂၂လမ်း၊ ၁၀ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နေ ဦးညွန့်အောင်၏ ဇနီး၊ ကိုရဲမြင့်၊ ကိုလွင်မျိုးအောင်–မသင်းသင်းယု၊ ကိုမောင်မောင်နိုင်–မခင်အေးမြင့်တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၁၃–၃–၂၀၀၄ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၃–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးစိုင်းမင်းဝေ(ခ)
ဦးဝင်းဦး
ထိပ်တန်းအောင်ဂိတ်မှူး(ကွတ်ခိုင်)
အသက်(၄၅)နှစ်

သီပေါမြို့၊ ပန်းတိန်ရပ် မြောက်ပိုင်းနေ (ဦးအုန်းကြွယ်–ဒေါ်မမကြီး)၏သား၊ ကွတ်ခိုင်မြို့နေ ဒေါ်နန်းရွှေဆာ(ခ) ဒေါ်ဌေးဌေး(ဌေးဌေးတည်းခိုခန်း)၏ ခင်ပွန်း၊ နန်းဇာနည်မင်း(ခ)ပိုပို၊ စိုင်းမင်းနောင်ဦး(ခ)ပြည့်ပြည့်၊ နန်းမင်းနန္ဒာဝေ(ခ)ဖြိုးဖြိုး၊ စိုင်းမင်းသီဟအောင်(ခ) ညီညီတို့၏ဖခင်သည် ၉–၃–၂၀၀၄ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁–၃–၂၀၀၄ ရက်မွန်းလွဲ ၁နာရီတွင် အလုပ်သမားဆေးရုံ(မန္တလေး)မှ ကြာနီကန်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးသန်းလှိုင်
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ တိုက်၄၊ အခန်း၁၇၊ စံပြ ဖဆပလနေ (ဦးချစ်စိန်)(ဒေါ်အုန်းကြည်)ဒေါ်ရွှေခင်၏သား ဒေါ်ခင်မြင့်ဝေ၊ ဒေါ်လှမြင့်၊ ဦးမြင့်အောင်၊ ဦးခင်မောင်ဝင်း၊ (ဒေါ်ဝေဝေလွင်)၊ (ဦးမြင့်သိန်း) ဒေါ်အေးအေးလွင်၊ ဦးဇော်သိန်း–ဒေါ်မြင့်ကြည်၊ ဦးသန့်ဇင်–ဒေါ်ခင်အေးလွင် တို့၏ညီမောင်၊ဒေါ်ကြူကြူဝင်း၊ ဦးမြတ်ကျော်–ဒေါက်တာဖြူဖြူခိုင် တို့၏ အစ်ကို၊ တူတူမ ကိုးယောက်တို့၏ ဦးလေးသည် ၁၃–၃–၂၀၀၄ ရက် (စနေနေ့)တွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅–၃–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
မအေးအေးမင်း
(ပုဂံ–ညောင်ဦး)
အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၈၄၊ ပတ္တမြားလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်နေ ဦးစောနောင်(စက္ကူ/ဓာတ်ပုံ၊ ငြိမ်း)–(ဒေါ်ဖွားရှင်)တို့၏သမီး၊ ဦးကျော်အောင်ထွန်း(သတင်းတပ်ဖွဲ့)–မခင်မျိုးဝင်း၊ ဦးမောင်မောင်လေး–မအေးအေးသင်း(စက္ကူ/ဓာတ်ပုံ)၊ ဦးထွန်းနောင် (M.E.P.E)–မခင်ခင်စိန်တို့၏ညီမ၊ ဦးကြိုင်သင်းနောင် – မစန်းစန်းအေး၊ မောင်စောထွေးတို့၏အစ်မ၊ တူ တူမ ငါးယောက်တို့၏အဒေါ်သည် ၁၂–၃–၂၀၀၄ရက် ည ၉:၅၅ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်စန်းအေး
အသက်(၅၄)နှစ်

ပဲခူးမြို့၊ ကျောက်ကြီးစုရပ်နေ (ဦးကျော်–ဒေါ်နှင်း)တို့၏သမီး၊ ရန်ကုန်မြို့၊တာမွေ မြို့နယ်၊ပုသိမ်ညွန့်ရပ်ကွက်၊ ကုဋ္ဌာသယလမ်း၊ အမှတ် ၈၀ နေ (ဦးဘချစ်–ဒေါ်ထားခင်)တို့၏ သမီးချွေးမ၊ ဦးမင်းဆွေဦး–(ဒေါ်မြရွှေ)၊ (ဦးလှကြည်)–ဒေါ်သန်းလှ၊ (ဦးစန်းကြည်)–ဒေါ်လှလေး၊ ဒေါ်တင်ပြုံး၊ ဒုရဲမှူးသန်းထွန်း(ငြိမ်း)–ဒေါ်ညွန့်ညွန့်၊ (ဦးမျိုးမြင့်)–ဒေါ်ညွန့်ညွန့်၊ ဒေါ်သန်းနွဲ့ (လဝက၊ ငြိမ်း)၊ ဒေါ်မြချစ် (ဆောက်လုပ်ရေးဝန်ကြီးရုံး)တို့၏ညီမ၊ ရဲအုပ်ရဲမြင့်(စခန်းမှူး၊ အင်္ဂပူရဲစခန်း၊ ဟင်္သာတခရိုင် ရဲတပ်ဖွဲ့)၏ဇနီး၊ မောင်ဗညားမြင့်(X–C ၊ အထက–၂၊ ဒဂုံ)၊ မောင်စိုးရာဇာမြင့်(VI–A ၊ အထက–၂၊ ဒဂုံ) တို့၏မိခင်၊ တူ တူမ ၂၄ ယောက်တို့၏အဒေါ်သည် အထက်ပါနေအိမ်၌ ၁၂–၃–၂၀၀၄ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၃–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အထူးလျှော့ဈေး / အမြန်ရောင်း

ခြံ(80'x80')၊ တိုက်(30'x50') 2RC, ˚3MBR, ˚1BR, ˚4AC ဧည့်ခန်း၊ မိသားစုခန်း၊ ထမင်းစားခန်း၊ မီးဖိုဆောင်၊ ကားဂိုထောင်၊ ရေမီး၊ အဆင်မြင့်ပြင်ပြီး၊ နေရာကောင်း၊ **တည်နေရာ–** ရတနာသီရိ လုံးချင်းအိမ်ရာ(၉၀န)သည်းခံကျွန်း။

☎ 098031064

ကျေးဇူးတင်ရှိခြင်း

မခင်ဝေ(၃၈)နှစ် (ကျုံဒိုး)၏ ဈာပနတွင် လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ တာမွေဓမ္မာရုံဝတ်အဖွဲ့၊ တာမွေ ၁၆၇ လမ်းမိသားစုများ၊ မိတ်ဆွေ၊ သူငယ်ချင်းများ၊ တတ်စွမ်းသရွေ့အဘက်ဘက်မှ ကူညီကြသော ရပ်နီးရပ်ဝေး မိတ်ဆွေများအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးချစ်သိန်း(ပလောက်)
အသင်းဝင်အမှတ်(၁၇၄၄)
အသက်(၆၃)နှစ်

မြိတ်မြို့၊အထက်ရေပုန်းရပ် စပါးကျီလမ်းနေ ဒေါ်ခင်လေး၏ခင်ပွန်းသည် ၁၂–၃–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၃–၂၀၀၄ ရက်မွန်းလွဲ ၁နာရီတွင် မြိတ်မြို့တပ်ပြင် သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကမ္ဘာ့ ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကျင်းပမည့်ရက်နီးကပ်လာ ထိပ်သီးညီလာခံကြီးဖြစ်၍ ခေတ်မီနည်းပညာများအသုံးချ ထေရဝါဒဗုဒ္ဓဘာသာအနှစ်သာရပီပြင်ရေးစနစ်တကျစီမံ

ရန်ကုန် မတ် ၁၃

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင်အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ညီလာခံကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ***စာမျက်နှာ ၁၁ ကော်လံ ၁*** ✻

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အထူးကဏ္ဍများရည်ညွှန်းချက်

✻ "တပ်မတော်သားများသည် ပြည်သူကြားကပေါက်ဖွားလာသည့် ပြည်သူ့သားကောင်းစစ်သည်တော်များပီပီ တိုင်းပြည်နှင့် လူမျိုးအတွက် အသက် သွေး ချွေး စဉ်မနေး ပေးဆက်မည်သာဖြစ်ပါသည်။ မိဘပြည်သူများအတွက် ရဲစွမ်းသတ္တိပြည့်ဝစွာဖြင့် လေ့ခွက်ချည်းကျန်အလံမလှဲ တိုက်ပွဲဝင်နေမည်သာ ဖြစ်ပါသည်။ ဤသည်မှာ တပ်မတော်၏ အစဉ်မပြောင်းလဲသော သံမဏိစိတ်ဓာတ်ပင် ဖြစ်ပါသည်"
မြင့်ဝေလှိုင်၏ "ပြည်သူမှဖွား ပြည်သူ့သားကောင်းစစ်သည်တော်" ဆောင်းပါး စာမျက်နှာ(၈၊၉)

✻ "မြန်မာ့တပ်မတော်နှင့်တိုင်းရင်းသား ပြည်သူများ လက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ" ဓာတ်ပုံမှတ်တမ်း စာမျက်နှာ(၇)

✻ သီဟအောင်၏ "တို့အားတို့မာန် တို့နိုင်ငံအတွက်" ကဗျာ စာမျက်နှာ(၂၀)

✻ တိမ်ပုံ၏ "ငါ့မြေးတို့ တပ်မတော်သားကြီးတွေ ပါဝင်ဆောင်ရွက်ကြလို့ အဘတို့ရွာမှာ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းလာပြီ" ကာတွန်း စာမျက်နှာ(၂၀)

တို့အားတို့မာန် တို့နိုင်ငံအတွက်

★ တပ်မတော်
နိုင်ငံတော်အင်အား၊
အမျိုးအတွက် တန်ခိုးထက်
တိုးတက်စေသား။

★ တပ်မတော်
ပြည့်ရဲဘော် ပြည်ချစ်သား၊
တိုက်တိုင်းအောင် ဆောင်တိုင်းမြောက်
ထွန်းပေါက်စေသား။

★ တပ်မတော်အား (၁၀) ပါး
ပြည့်အင်အား ဖြစ်သည်၊

★ အစဉ်အလာ (၁၂) ရပ်
မြင့်မြတ်ဂုဏ်ရည်။

★ လုပ်ဆောင်ချက်မှန်ရည်
ဦးတည်ချက်ပြတ်သား၊

★ ရပ်တည်ချက်ခိုင်ကျည်
ရည်ရွယ်ချက်မြင့်မား။

★ တိုင်းချစ် စစ်အင်အားပေမို့
သမိုင်းခေတ်ဖြစ်စဉ်များကို
ကျော်လွှားကာ တိုင်းကျိုးပြုတဲ့
ပြည်သူ့အင်အား။ ။

သီဟအောင်

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

တပ်မတော်၏အစဉ်အလာ(၁၂)ရပ်

၁။ မျိုးချစ် တပ်မတော် ဖြစ်သည်။
၂။ စည်းကမ်း ကောင်းသော တပ်မတော် ဖြစ်သည်။
၃။ သစ္စာရှိသော တပ်မတော် ဖြစ်သည်။
၄။ စည်းလုံးညီညွတ်သော တပ်မတော် ဖြစ်သည်။
၅။ စွမ်းရည်ရှိသော တပ်မတော် ဖြစ်သည်။
၆။ စွန့်လွှတ်စွန့်စားသော တပ်မတော် ဖြစ်သည်။
၇။ တစ်ဦးချင်း ကိုယ်ကျိုးကို ပဓာနမထားသော တပ်မတော် ဖြစ်သည်။

၈။ စိတ်ဓာတ် မြင့်မြတ်သော တပ်မတော် ဖြစ်သည်။
၉။ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိသော တပ်မတော် ဖြစ်သည်။
၁၀။ အပင်ပန်း အဆင်းရဲခံနိုင်သည့် တပ်မတော် ဖြစ်သည်။
၁၁။ ဖွဲ့၊ လုံ့လ၊ ဝီရိယ ရှိသည့် တပ်မတော် ဖြစ်သည်။
၁၂။ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်သော တပ်မတော် ဖြစ်သည်။

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ယနေ့ထုတ်စောင်ရေ
၂၀၁၀၄၀

14-3 (20).p65 1 3/25/05, 11:39 PM